# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၁၁) ရက် ၊ စနေနေ့ ၊ (4-5-2024) ၊ အတွဲ (၃၃)၊ အမှတ် (၀၀၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၃**

၂၀၂၄ ခုနှစ် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒေါ်ဒွဲဘူ၊ မန်းငြိမ်းမောင်နှင့် ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ ပြည်တွင်း၊ ပြည်ပမှ ကျောက်မျက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၄ ရက်

**အယ်ဒီတာ့အာဘော်**

# နိုင်ငံတော်တည်ငြိမ်ဖွံ့ဖြိုးစေမည့် ပြည်သူ့စစ်မှုထမ်းဥပဒေ

နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းမှုပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ရှိသေခံညားလောက်သော လုံခြုံရေးအင်အား၊ ကာကွယ်ရေးအင်အားမရှိဘဲ ခိုင်မာသောတည်ငြိမ်အေးချမ်းမှုရရှိရန် မဖြစ်နိုင်ပေ။ နိုင်ငံ၏ ကာကွယ်ရေးအင်အားအတွက် နိုင်ငံသားများ၏စွမ်းအားစုအားလုံး ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် တစ်ခုတည်းသောနည်းလမ်းမှာ အမျိုးသားစစ်မှုထမ်းစနစ်ပင်ဖြစ်သည်။ အမျိုးသားစစ်မှုထမ်းစနစ်သည် ရေတိုလုပ်ငန်းမျိုးမဟုတ်ဘဲ မဟာဗျူဟာအမြင်ဖြင့် ရေရှည်တစိုက်မတ်မတ်ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို မိမိတို့နိုင်ငံတွင် ပြဋ္ဌာန်းအာဏာတည်ကျင့်သုံးခြင်းပင်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေသည် ယခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်ကစ၍ အသက်ဝင်အာဏာတည်ပြီးနောက် မတ် ၉ ရက်မှစ၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)တွင် တက်ရောက်ရန် ဥပဒေနှင့်အညီ ဆင့်ခေါ်မှုပြုခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)သို့ တက်ရောက်ရန်အတွက် မိမိဆန္ဒသဘောအလျောက် နိုင်ငံ့သားကောင်းလူငယ်များစွာ စာရင်းပေးသွင်းလာကြသည်။

နိုင်ငံ့သားကောင်းလူငယ်များစွာအနက် သင်တန်းတက်ရောက်ရန် အရည်အချင်းကိုက်ညီသူများသည် ဧပြီ ၈ ရက်နေ့ကစ၍ နိုင်ငံတစ်ဝန်းရှိ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ သင်တန်းများတက်ရောက်နေသည်မှာ ယခုဆိုလျှင် တစ်လခန့်ပင်ရှိပြီဖြစ်သည်။

အဆိုပါသင်တန်းများသို့ ကျန်းမာပျော်ရွှင်စွာ စည်းကမ်းနှင့်အညီ တက်ရောက်နေသော သင်တန်းသားနိုင်ငံ့သားကောင်းလူငယ်များကို အရပ်သားဘဝမှ စစ်မှုထမ်းဘဝသို့ ကူးပြောင်းလာခြင်းဖြစ်သည့်အတွက် စစ်ပုံကျနမှုရှိစေရန် ဦးထုပ်မှအစ ဖိနပ်အဆုံး ယူနီဖောင်းနှင့်ချပ်ဝတ်တန်ဆာများ စနစ်တကျဝတ်ဆင်တတ်အောင် သင်ကြားပေးခြင်း၊ အခြေခံစစ်ရေးပြ၊ လက်နက်ငယ်ဘာသာရပ်များ သင်ကြားပေးခြင်းအပြင် အခြားဘာသာရပ်များနှင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်မှု၊ အချိန်ကိုက်လုပ်ဆောင်တတ်စေမှု၊ အချင်းချင်းအပေါ် ရဲဘော်ရဲဘက်စိတ်၊ စိတ်ဓာတ်နှင့် ခံယူချက်များ မြင့်မားလာစေရန်၊ စစ်သားကောင်းတစ်ဦး၏ နေထိုင်ကျင့်ကြံမှုတို့ကို ဝါရင့်နည်းပြများဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးနေပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းတပ်ဖွဲ့ဝင်တစ်ဦးအနေဖြင့် စတင်တာဝန်ထမ်းဆောင်သည့်ကာလကစ၍ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ ရာထူးအဆင့်အလိုက် လစာနှင့်အခြားခံစားခွင့်များရရှိမည်ဖြစ်သည်။ ထို့ပြင် စစ်မှုထမ်းကာလ တာဝန်ပြီးဆုံးပါကလည်း နိုင်ငံတော်နှင့်ပြည်သူများက အားကိုးရပြီး ဂုဏ်သိက္ခာရှိသည့် နိုင်ငံ့သားကောင်းများအဖြစ် ဆက်လက်၍ခေါင်းမော့ရင်ကော့ရပ်တည်နိုင်မည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကိုကျင့်သုံးခြင်းအားဖြင့် မိမိနိုင်ငံ၏ ကာကွယ်ရေးအင်အားနှင့် ပြည်သူလူထု၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာအသိအမြင်စွမ်းရည်များ တိုးတက်လာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် နိုင်ငံတကာက ရှိသေခံညားလောက်သော ကာကွယ်ရေးစွမ်းအားလည်းရှိလာမည်ဖြစ်သည်။ နိုင်ငံတော်၌ ကာကွယ်ရေးစွမ်းအားမြင့်မားလာပါက အကြမ်းဖက်သောင်းကျန်းမှုများကို ထိရောက်စွာတိုက်ဖျက်ချေမှုန်းနိုင်မည်ဖြစ်ပြီး နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းကာ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို နိုင်ငံသားများ ပျော်ရွှင်စွာထမ်းဆောင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်နှင့်အခြားမြို့များသို့ ဧပြီလအတွင်း ကုန်စည်တင်ပို့သည့် ရေယာဉ် ၁၁၁ စီးထိရှိခဲ့



**မန္တလေး မေ ၃**

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်နှင့်အခြားမြို့များသို့ ဧပြီလအတွင်း ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၁၁၁ စီးထိရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်နှင့်အခြားမြို့များသို့ ဧပြီလအတွင်း ဆန်၊ သကြား၊ ကျောက်စရစ်၊ ဆား၊ တင်လဲရည် စသည့်ကုန်စည်များ တင်ပို့သည့် ကုန်တင်ရေယာဉ် ၁၁၁ စီးထိရှိခဲ့ကြောင်း သိရသည်။

"ဧရာဝတီမြစ်အတွင်း မကြာမီရေများချိန်ကာလကို ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ အခုက ရေနည်းချိန်ဆိုပေမဲ့လဲ ရေလမ်းကြောင်းက သွားရလာရကောင်းတာကြောင့် မန္တလေးဆိပ်ကမ်းကနေ ရေယာဉ်တွေ အဆင်ပြေပြေသွားလာလို့ရပါတယ်။ ဒါ့ပြင် ကုန်စည်ရရှိမှုကလဲ ဧပြီလအတွင်း တော်တော်လေး ကောင်းမွန်ခဲ့ပါတယ်။ မန္တလေးဆိပ်ကမ်းကနေ အများဆုံးတင်ပို့ရတဲ့ ကုန်စည်တွေကတော့ တင်လဲရည်နဲ့သကြားဖြစ်ပါတယ်"ဟု ဒေါ်တင်တင်ထွန်းက ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်နှင့်အခြားမြို့များသို့ ဧပြီလအတွင်း တင်ပို့နိုင်ခဲ့သည့်ကုန်တန်ချိန်များမှာ ဆားတန်ချိန်၂၀၀၀၀၊ ဆန် ၁၇၅ တန်၊ ကျောက်စရစ်ကျင်း ၃၁၅၀၊ တင်လဲရည် ၆၆၇၉ ဒသမ ၉၁၉ တန်၊ သကြား ၆၆၀၉ ဒသမ ၅၅ တန်၊ စက်ရုံသုံးပစ္စည်း တန်ချိန် ၃၀၊ သံတိုသံစ ၂၁၉ ဒသမ ၀၉ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါ ဧရာဝတီမြစ်ရေနည်းချိန်ကာလဖြစ်သောကြောင့် မန္တလေးဆိပ်ကမ်းမှ သွားလာကြမည့်ရေယာဉ်များအနေဖြင့် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး ရေပေါ်၊ ကမ်းပေါ်တွင်စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး မေ ၃**

မန္တလေးအိမ်ခြံမြေဈေးကွက်အတွင်း ငွေကျပ်သိန်းသောင်းကြီးပိုင်းမြေကွက်များ အရောင်းအဝယ်ဖြစ်လာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ထိုအတူ အိမ်ခြံမြေအရောင်း၊ အဝယ်၊ အငှားများကို အွန်လိုင်းမှတစ်ဆင့် ပြုလုပ်လာခြင်းကြောင့် အရောင်းအဝယ်ဖြစ်မှုနှင့် ငှားရမ်းမှုများ မြင့်တက်လာသည်ဟုဆိုနိုင်သော်လည်း ဈေးကွက်တစ်ခုလုံးအနေဖြင့် အရောင်းအဝယ်အေးနေဆဲပင်ဖြစ်ကြောင်း သိရသည်။

"လက်ရှိအခြေအနေကတော့ ငွေကျပ် သိန်းသောင်းကြီးပိုင်းတွေထိ အရောင်းအဝယ်ပြန်ဖြစ်လာတာတွေ့ရတယ်။ အဲဒီလို အရောင်းအဝယ်ဖြစ်လာတာက အရောင်း၊ အဝယ်၊ အငှားတွေကို အွန်လိုင်းကနေလုပ်လာတာတွေနဲ့လဲဆိုင်တာပေါ့။ သိပ်မကြာခင်မှာ အရောင်းအဝယ်တွေ ပြန်ကောင်းလာနိုင်မယ်လို့ ခန့်မှန်းရပါတယ်"ဟု အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးညိုဝင်းက ပြောပြသည်။

လက်ရှိတွင် အရောင်းအဝယ်ပိုင်းထက် အငှားဈေးကွက်ပို၍ သွက်နေကြောင်း၊ အငှားဈေးကွက်တွင်လည်း လူနေထိုင်မှုနှင့်ဆိုင်ခန်းဖွင့်လှစ်ရန် ကောင်းမွန်သည့် အဆောက်အအုံပါ နေရာများနှင့် ဈေး၊ ကျောင်းနားနီးသော ရပ်ကွက်များ၊ လမ်း ၈၀၊ ၈၄ လမ်း၊ ၃၅ လမ်း၊ ၆၂ လမ်း၊ ၇၈ လမ်း၊ လမ်း ၃၀ နှင့် သိပ္ပံလမ်းရှိ ကျယ်ဝန်းသောမြေကွက်များကို ပို၍ အငှားလိုက်နေကြောင်း သိရသည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လိုသူများသည် မြေအပိုင်ဝယ်ယူခြင်းထက် နှစ်ရှည်ငှားရမ်းခြင်းကို ပိုမိုစိတ်ဝင်စားမှုများလာကြောင်း၊ ငှားရမ်းမှုများတွင် နေရာ၊ အကျယ်အဝန်းနှင့် အကွက်အကွင်းကောင်းသည့်အပေါ် မူတည်၍ ကွာခြားချက်ရှိပြီး တစ်လလျှင် ငွေကျပ် ၃၀၀၀၀၀ မှ ၁၀ သိန်းအထက်ထိ ဈေးရှိကာ တစ်လလျှင် ငွေကျပ် ၅၀၀၀၀ မှ ၂၅၀၀၀၀ ဈေးတန်းများ ငှားရမ်းမှုပို၍များကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ် သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၅၀၀ မှ သိန်း ၁၇၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့်ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ်တွင် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးညိုဝင်းထံမှ သိရသည်။

(၁၇၃)

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က မန္တလေးတိုင်းဒေသကြီးအတွင်း နွားမေထုန်မဲ့သားစပ်လုပ်ငန်း လျာထားချက်ထက်ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့

**မန္တလေး မေ ၃**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခရိုင်တွင် နွားမေထုန်မဲ့သားစပ်လုပ်ငန်း လျာထားချက်ထက် ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာခင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါ နွားမေထုန်မဲ့သားစပ်လုပ်ငန်းကိုဆောင်ရွက်ပေးခြင်းဖြင့် ကူးစက်ရောဂါကင်းဝေးစေပြီး မျိုးကောင်းမျိုးသန့်များရရှိစေမည်ဖြစ်ကြောင်း၊ မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းကို ခရိုင် ၁၁ ခရိုင်တွင် နွား ၁၉၅၇၃ ကောင် လျာထားပြီး ဧပြီလမှစ၍ ဆောင်ရွက်ပေးခဲ့ရာ မတ်လထိ နွားကောင်ရေ ၂၈၂၀၀ ကျော်ကို သားစပ်ပေးနိုင်ကာ လျာထားချက်ထက်ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဘဏ္ဍာနှစ်အတွင်းမှာ နွားမေထုန်မဲ့သားစပ်လုပ်ငန်းတွေကို ကွင်းဆင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်။ နွားမွေးမြူသူတွေကို နွားမျိုးကောင်းမျိုးသန့်တွေ ရရှိစေဖို့ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ အခုလိုမျိုး လုပ်ဆောင်ပေးတာကြောင့် နွားမျိုးကောင်းမျိုးသန့်တွေ စဉ်ဆက်မပြတ်ရရှိပြီးတော့ ရောင်းဝယ်လုပ်ငန်းလုပ်တဲ့အခါမှာ ဈေးကောင်းတွေရရှိကြပါတယ်။ ဌာနက မေထုန်မဲ့သားစပ်ကျွမ်းကျင်သူတွေက ကျေးရွာအရောက်သွားပြီးတော့ လုပ်ဆောင်ပေးခဲ့ပါတယ်။ ဆောင်ရွက်ပေးတာဆိုရင် ခိုင်းနွား၊ နို့စားနွား၊ အသားစားနွားအားလုံး လျာထားချက်ထက်ကျော်လွန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်"ဟု ဒေါက်တာခင်ဇော်က ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်ကြီးမြို့နယ် ကျေးရွာနှစ်ရွာ၌ VDP စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**တောင်ကြီး မေ ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဖာမွန်းကျေးရွာအုပ်စု ဘုရားဖြူကျေးရွာ၊ ဖာမွန်းအနောက်ကျေးရွာတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သဇင်၊ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဘုရားဖြူကျေးရွာ၌ အရှည်ပေ ၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းနှင့် ဖာမွန်းအနောက်ကျေးရွာတွင် အရှည် ပေ ၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၉ ဒသမ ၂ သန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါကျေးရွာနှစ်ရွာရှိ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလွယ်ကူပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရေကတ္တိပါရပ်နေ ဦးနေဝင်းမိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးစင်မောင်နှင့် လက်ထောက်ဆရာဝန်ဒေါက်တာဦးညွန့်သန်းတို့က လက်ခံရယူစဉ်။

# ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပူးစားပြောင်း ၂၄၅၁ ဧက ရိတ်သိမ်းပြီးစီး



**မြောင်းမြ မေ ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပူးစားပြောင်း ၂၄၅၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပူးစားပြောင်း ၂၄၅၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် ပူးစားပြောင်းများကို ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ပူးစားပြောင်းဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ် အနေနဲ့ ဆောင်းသီးနှံ ပူးစားပြောင်း ၂၄၅၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ ပူးစားပြောင်းတွေကို ရိတ်သိမ်းနေတာ လက်ရှိမှာ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပူးစားပြောင်းတစ်ဧကကို ပြောင်းဖူး ၁၄၉၃၂ ဖူး ထွက်ရှိခဲ့ပါတယ်။ ဆောင်းသီးနှံတွေစိုက်ပျိုးရာမှာ လျာထားချက်ပြည့်မီစေဖို့နဲ့ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးခဲ့ပါတယ်။ ဆောင်းသီးနှံတွေ အထွက်နှုန်းကောင်းစေဖို့နဲ့ ပိုးမွှားအန္တရာယ် ကျရောက်မှုမရှိစေဖို့ကိုလဲ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း၍ မြောင်းများပြုပြင်ခြင်း၊ စိုက်နည်းစနစ် မှန်ကန်စေရေးအတွက်သင်တန်းပေးခြင်း၊ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်စေရေးအတွက် နည်းပညာပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း

**မန္တလေး မေ ၃**

မေ ၅ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ကျင်းပရေးဦးစီးကော်မတီက မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ် ခန္တောတိုက် မဏိရတနာကျောင်း(YEC ရတနာပန်းခင်းပရဟိတမိဘမဲ့ကျောင်း) ရှိ သံဃာရှစ်ပါးနှင့် ကိုရင် အပါး ၆၀ အား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ယနေ့ နံနက် ၁၁ နာရီက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွှေဦးစွာ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက ဆွမ်း၊ ဆေး၊ ပညာရေး၊ ရေ၊ မီးနှင့် ဆောက်လုပ်ရေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၈၀၀၀၀၊ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက နဝကမ္မ အလှူငွေကျပ် ၁၇၀၀၀၀ လှူဒါန်းခြင်းနှင့် ကျောင်းသား၊ ကျောင်းသူ ၂၇၅ ဦးအတွက် အအေးနှင့်မုန့်များ ပေးဝေလှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူ ၂၇၅ ဦးကို နေ့လယ်စာ ကျွေးမွေးခြင်းနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များကို နေ့လယ်စာကျွေးမွေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူးဦးထက်အောင်၊ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်သူရ**

# ရမည်းသင်းမြို့နယ်တွင် မိုးကြိုသီးနှံနှင့် နွေစပါးစိုက်ပျိုးသည့်တောင်သူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ၁၇၅ သန်း ထုတ်ချေးပေးထား

**ရမည်းသင်း မေ ၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် မိုးကြိုသီးနှံနှင့် နွေစပါးစိုက်ပျိုးသည့်တောင်သူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ၁၇၅ သန်း ထုတ်ချေးပေးထားကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုသီးနှံနှင့် နွေစပါးများစိုက်ပျိုးနိုင်ရန် ရမည်းသင်းမြို့နယ်ရှိ တောင်သူများ၏ သီးနှံစိုက်ဧက ၈၇၅ ဧကအတွက် ဧပြီလဒုတိယပတ်မှစ၍ ချေးငွေများ ထုတ်ချေးပေးခဲ့ရာ မေ ၂ ရက်က ငွေကျပ် ၁၇၅ သန်း ထုတ်ချေးပေးပြီးဖြစ်ကြောင်း၊ ထိုချေးငွေများထုတ်ချေးပေးခြင်းသည် သီးနှံအောင်မြင်စွာစိုက်ပျိုးနိုင်ရေးအတွက် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်မှာ မိုးကြိုသီးနှံနဲ့ နွေစပါးစိုက်ပျိုးကြတဲ့ တောင်သူ ၂၈၆ ယောက်အတွက် ငွေကျပ် ၁၇၅ သန်း ချေးပေးထားပါတယ်။ တစ်ဧကကို ငွေကျပ် နှစ်သိန်းနှုန်းနဲ့ ချေးပေးတာပါ။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနဲ့ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်း၊ အသေးစား၊ အလတ်စား၊ အငယ်စားလုပ်ငန်းလုပ်ကိုင်လိုသူတွေကို လိုအပ်တဲ့ငွေကြေးအရင်းအနှီးတွေရရှိစေဖို့နဲ့ တိုးချဲ့ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်တာပါ။ ဒေသထွက်ကုန်အပေါ် အခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့လဲ ရည်ရွယ်ပါတယ်" ဟု မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ရမည်းသင်းမြို့နယ်ရှိ တောင်သူများစိုက်ပျိုးမည့်သီးနှံများမှာ မိုးကြိုနေကြာ၊ မိုးကြိုချည်မျှင်ရှည်ဝါ၊ နွေစပါးတို့ဖြစ်ပြီး မိုးကြိုနေကြာ ၂၅ ဧက၊ မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၇၅၀၊ နွေစပါး ဧက ၁၀၀ စုစုပေါင်း ၈၇၅ ဧကဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တောင်သူများအတွက်အကူအညီပေးနိုင်ရန် တစ်ဖက်တစ်လမ်းက အတိုးနှုန်းသက်သက်သာသာဖြင့် ဆောင်ရွက်ပေးနေကြောင်း သိရသည်။ (၁၈၅)



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ(၂၀၀)

## ကြည်လွင်မြင့်(မုဒြာ)

**မေး ။ ။ ဆရာကြီးခင်ဗျာ နွေရာသီမှာ အုန်းစိမ်းရည် ဖောက်ရောင်းတဲ့အုန်းသီးသည်တွေ အများကြီးတွေ့ရပါတယ်။ ရာသီဥတုပူလို့ အုန်းစိမ်းရည်သောက်ချင်ပေမဲ့ အုန်းရည်သောက်ရင် အပူကန်တယ်ပြောလို့မသောက်ရဲပါ။ တချို့ကလဲ အုန်းရည်သောက်တာဂလူးကိုစ့်နဲ့ အတူတူပဲလို့ပြောကြပါတယ်။ ဘယ်ဟာက မှန်မှန်းမသိပါ။ အုန်းရည်သောက်ရင် ကျန်းမာရေးအတွက် အထောက်အကူ ဖြစ်၊ မဖြစ် သိရှိလိုပါတယ်။**

ဖြေ ။ ။ အုန်းရည်မှာ အုန်းသီးစိမ်းအနုကရတဲ့အရည်ကိုသောက်သင့်ပါတယ်။ အုန်းသီးရင့်၊ အုန်းသီးခြောက်ကရတဲ့ အရည်တွေမှာတော့ အဆီတွေဝေ့နေလို့ နဂိုကအဆီတိုးတဲ့ရောဂါရှိနေသူတွေဆိုရင် မသောက်သင့်ပါ။ အုန်းရည်သောက်ပြီး အပူကန်တယ်ဆိုတာ အုန်းခြောက်၊ အုန်းရင့်ကအရည်ကိုသောက်လို့ဖြစ်တာပါ။ အသားတည်ခါစ ငှန်းခြစ်လို့ခေါ်တဲ့ အုန်းစိမ်းရည်က အုန်းခြောက်ရည်နဲ့မတူပါ။ ဆန့်ကျင်ဘက်ဖြစ်တယ်။ အကျိုးသွားလဲ မတူပါဘူး။ အုန်းခြောက်ရည်သောက်ရင် အပူကန်တာ၊ ခေါင်းကိုက်တာ၊ ယားနာထတာ စတဲ့ဆိုးကျိုးတွေခံစားရလေ့ရှိပါတယ်။ အုန်းစိမ်းရည်ကတော့ အပူငြိမ်းစေပါတယ်။ နွေရာသီမှာဖြစ်တတ်တဲ့ ဆီးပူ၊ ဆီးအောင့်၊ ဆီးနည်းရောဂါတွေကိုသက်သာစေတယ်။ ကျောက်ကပ်နဲ့လဲ သင့်ပါတယ်။ အမျိုးသားတွေမှာဖြစ်လေ့ရှိတဲ့ ဆီးကျိတ်ရောင်ရောဂါကိုလဲ အုန်းစိမ်းရည်သောက်ပေးရင် သက်သာစေနိုင်ပါတယ်။ အမျိုးသမီးတွေမှာဆိုရင် မီးယပ်ဖြူဆင်းရောဂါနဲ့သွေးဆင်းချိန် သွေးဆင်းလွန်တဲ့ရောဂါတွေကို သက်သာစေနိုင်ပါတယ်။ အုန်းစိမ်းရည်ဟာ အာဟာရဓာတ်ကြွယ်ဝပြီး အပူငြိမ်းရုံသာမက အရိုးအဆစ်အရွတ်ကြွက်သားတွေပါကောင်းစေနိုင်တဲ့ အာနိသင်ရှိပါတယ်။ ဂျပန်ခေတ်ဆေးဝါးရှားပါးတဲ့ကာလတွေက အားပြတ်တဲ့လူနာတွေ၊ ဝမ်းလျှောဝမ်းပျက်လူနာတွေကို အဲဒီအချိန်က ဂလူးကိုစ့်အချိုရည်မရှိလို့ အုန်းသီးအစိမ်းကိုထိပ်က ကြွက်မြီးဖြတ်ပြီး ဒရစ်သွင်းတဲ့အပ်စိုက်ပြီး အကြောဆေးအဖြစ် သွင်းပေးရတယ်လို့ကြားဖူးပါတယ်။ အုန်းသီးရဲ့ထူးခြားချက်မှာ အတွင်းကရှိနေတဲ့ အုန်းရည်က မခွဲသမျှကာလပတ်လုံးခန်းသွားတယ်လို့မရှိဘူး။ ချဉ်သွားတာလဲမရှိပါ။ အခုအခါ လူနေထူထပ်တဲ့မြို့ကြီးတွေမှာ အပူချိန်မြင့်တက်လာလို့ Heat Stroke ခေါ်အပူလျှပ်ပြီး လေဖြတ်တာ၊ ဦးနှောက်သွေးကြောပေါက်တာတွေ အဖြစ်များတဲ့ရာသီဖြစ်တယ်။ အုန်းစိမ်းရည်ကိုသောက်ပေးရင် အပူလျှပ်ပြီးလေဖြတ်တာကနေလဲ ကာကွယ်ပေးနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးရှင့် ကျွန်မ ဝမ်းတအားချုပ်တတ်ပါတယ်။ ဝမ်းသွားတဲ့အချိန်မှာလဲ အိမ်သာမှာ ကြာကြာထိုင်တဲ့အလေ့အထရှိပါတယ်။ အရနောက်ပိုင်း ဝမ်းသွားရင် ဗျိုက်နာပြီး တစ်ခါတစ်ရံသွေးစသွေးနပါပါတယ်။ ဝမ်းသွားရမှာကြောက်လို့အောင့်ထားရင် အကြောတွေတက်ပြီး နေထိုင်မကောင်းလဲဖြစ်ပါတယ်။ ဝမ်းနုတ်ဆေးတွေ ဝယ်စားတဲ့အခါကျတော့လဲ ဝမ်းတအားသွားလို့ ဝမ်းပိတ်ဆေးသောက်ရပြန်ပါတယ်။ ဘယ်လိုလုပ်ရမယ်ဆိုတာ ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ဝမ်းချုပ်တာကြာတဲ့အခါ လိပ်ခေါင်းရောဂါဖြစ်လာတတ်ပါတယ်။ စအိုအောင့်ပြီးတစ်ခါတစ်ရံ သွေးစသွေးနပါတယ်ဆိုရင် အတွင်းလိပ်ခေါင်းလက္ခဏာပါ။ အိမ်သာအထိုင်ကြာတာကိုရှောင်ကြဉ်ပါ။ ရေများများသောက်၊ လမ်းလျှောက်၊ အသီးအရွက်များများစား၊ သဘော်သီးမှည့်၊ ငှက်ပျောသီးမှည့်နေ့စဉ်စား၊ ဝမ်းမှန်အောင်ပြုလုပ်ပါ။ ဆေးအနေနဲ့ကတော့ ဘေးမဖြစ်စေနိုင်တဲ့ဝမ်းနုတ်နည်းက ဆားခါးသောက်တာပါပဲ။ ညအိပ်ရာဝင်ခါနီး ရှောက်ရည် လေးဇွန်း၊ ဆားခါး နှစ်ဇွန်း၊ ပျားရည် တစ်ဇွန်းစပ်သောက်ပါ။ ဆားခါးက အူထဲကရေတွေကိုစုပ်ယူပြီး အောက်ကိုသက်စေတာမို့ အပူအပုပ်တွေပါကင်းရှင်းသွားတတ်ပါတယ်။ စအိုကသွေးကျသူတွေ



ဆေးဖက်ဝင်မန်ကျည်းဖျော်ရည်ကို တွေ့ရစဉ်။

အတွက်ကတော့ ပန်းလဲပွင့်ခြောက်ကို ရေနွေးမတ်ခွက်တစ်လုံးမှာ ထည့်ပြုတ်သောက်ပါ။ စအိုအောင့်တာအတွက် ကျားမနိုင်မြစ်ကိုသွေးပြီး အုန်းဆီနဲ့ရော စအိုတွင်းဝင်နိုင်သမျှဝင်အောင်လိမ်းပေးပါ။ ကျားမနိုင်မြစ်က အအေးမို့ မပူမစပ်ပါ။ စအိုရောင်တာနဲ့ လိပ်ခေါင်းထွက်တာကို သက်သာပျောက်ကင်းစေနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော်က အသက် ၄၅ နှစ်ပါ။ ရုံးအလုပ်လုပ်ပါတယ်။ ရုံးမှာ အဲကွန်းမရှိပါ။ ပန်ကာအောက်ထိုင်ပြီး စာရေးစာဖတ်လုပ်ရပါတယ်။ ရာသီဥတုပူလာရင် နာစေးပြီး နောက်တစ်နေ့မှာ အာခေါင်ခြောက်၊ လည်ပင်းတွေနာတတ်ပါတယ်။ ငယ်စဉ်တုန်းကတော့ အာသီးရောင်ရောဂါ မကြာခဏဖြစ်ဖူးပါတယ်။ အရနောက်ပိုင်းတော့ အာသီးမရောင်အောင် ရေခဲရေအအေးရှောင်ပြီး ထမင်းဟင်းကို ပူပူလေးစားတော့ သက်သာနေပါတယ်။ ဒါပေမဲ့ လည်ချောင်းတစ်ဖိုက်ကတော့မရှင်းမလင်းဖြစ်နေပါတယ်။ ဆရာဝန်ပြတော့ အာသီးမရောင်ပေမဲ့ အာသီးတစ်ဖိုက်မှာ နီနီရဲရဲလေးဖြစ်နေတယ်လို့ပြောပါတယ်။ အာသီးရောင်အတွက် သက်သာပျောက်ကင်းစေနိုင်တဲ့ ဆေးနည်းတွေရှိရင် သိလိုပါတယ်။**

ဖြေ ။ ။ အာသီးရောင်ရောဂါမှာ အပူကြောင့်ဖြစ်တဲ့ အာသီးရောင်ရောဂါနဲ့ ပိုးကြောင့်ဖြစ်တဲ့ အာသီးရောင်ရောဂါဆိုပြီး နှစ်မျိုးရှိပါတယ်။ အာသီးရောင်ရောဂါကို သေချာမကုသရင် သွေးလေးဖက်နာဖြစ်ပြီး နောက်ဆက်တွဲအဖြစ် နှလုံးသွေးကြော အပိတ်အဖွင့်အခင်တွေ ရောင်ရမ်းတဲ့ရောဂါဖြစ်နိုင်ပါတယ်။ သွေးလေးဖက်နာဆိုတာ အာသီးရောင်ရောဂါက စပါတယ်။ ဒါကြောင့် အာသီးရောင်ရင် ဆေးပတ်လည်အောင် သေချာကုသရပါတယ်။ အာသီးရောင်အတွက် မြန်မာဆေးနည်းတိုတွေကို အောက်မှာဖော်ပြထားပါတယ်။

၁။ အာသီးရောင်ရင် သဘော်သီးအမှည့်ကို ထပ်ခြမ်းခြမ်း အစေ့တွေဖယ်ပြီး အလယ်အူတိုင်က အဖြူမြွေးတွေပါအောင် အသားကို ဇွန်းနဲ့ခြစ်စားပါ။

၂။ သဘော်ရိုးကနေထွက်တဲ့ အစေးကို ရေနွေးပူပူ အကြမ်းပန်းကန်တစ်ခွက်မှာထည့်ဖျော်ပြီး သောက်ပါ။

၃။ လည်ချောင်းနာရင် ရေနွေးကြမ်းအဖန်ရည်မှာ ဆားလျှော်အနည်းငယ်ထည့်ပြီး သောက်ပါ။ အာလုတ်ကျင်းပေးပါ။

၄။ ဖီးကြမ်းငှက်ပျောသီးအမှည့်ရဲ့ အခွံမှာကပ်နေတဲ့အမြှေးကိုခြစ်ယူပြီး ပျားရည်နဲ့ ရောစပ်စားပါ။

၅။ ညအိပ်ရာဝင်ချိန် မန်ကျည်းဖျော်ရည် တစ်ခွက်မှာ ဆားခါးလှော်ပြီး ဟင်းစားဇွန်း တစ်ဇွန်း ထည့်ဖျော်သောက်ပါ။

၆။ လည်ချောင်းနာရင် နလင်ကျော်တုံး သွေးပြီး မေးအောက်နဲ့လည်ပင်းတစ်လျှောက် လိမ်းပေးပါ။

၇။ စပါးကြီးသည်းခြေမီးခြစ်ဆံခေါင်းလောက်ကို ရေအေးတစ်ဖန်ခွက်မှာဖျော်ပြီး နေ့စဉ်သောက်ပေးပါ။ နှစ်ရှည်ဖြစ်တဲ့ အာသီးရောင်ရောဂါ သက်သာပျောက်ကင်းစေနိုင်ပါတယ်။

၈။ တိုင်းရင်းဆေးအမှတ်(၁) မက်လင်ချဉ်ဆေးကိုလျက်ဆားလို မကြာခဏလျက်ပေးပါ။ လည်ချောင်းနာ၊ အာသီးရောင်၊ သလိပ်ကပ်ရောဂါတွေ သက်သာစေနိုင်ပါတယ်။

၉။ တိုင်းရင်းဆေးအမှတ်(၉) ဆီးဒူလာဆေးကို ရှောက်ရည်နဲ့ဖျော်သောက်ပါကဝမ်းသက်ပြီး အထက်လည်ချောင်းကို အပူကန်တာတွေ သက်သာစေနိုင်ပါတယ်။

၁၀။ တိုင်းရင်းဆေးအမှတ်(၁၆) အပူငြိမ်းသွေးဆေးကို ညအိပ်ရာဝင်ချိန်တိုင်း လေးပဲသား (ဟင်းစားဇွန်း တစ်ဇွန်းလောက်) ရေအေးနဲ့သောက်ပေးပါက အပူကန်ရောဂါတွေ သက်သာစေနိုင်တယ်။ လည်ချောင်းနာရောဂါကိုလဲ သက်သာစေနိုင်တယ်။ တကယ်လို့ ချောင်းဆိုးပြီး လည်ချောင်းနာပါက တိုင်းရင်းဆေးအမှတ်(၁၆)ကို တိုင်းရင်းဆေးအမှတ်(၇) နွယ်ချိုကဲဆေးနဲ့ရောစပ်ပြီး သောက်သုံးပေးပါက အပူကန်လည်ချောင်းနာ ချောင်းဆိုး၊ အာသီးရောင်ရောဂါတွေ သက်သာစေနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော့်အသက် ၆၀ ကျော်ပါပြီ။ ဒူးနာရောဂါရှိလို့ နေ့စဉ်လမ်းလျှောက်ပေမဲ့ ဘုရားသွားရင် လှေကားထစ်တွေအဆင်းအတက် သိပ်မလုပ်နိုင်ပါဘူး။ လှေကားအဆင်းအတက်များရင် ဒူးထဲက ကိုက်ပြီး တစ်ခါတစ်ရံ ဒူးဆစ်ရောင်သလိုတောင်ဖြစ်ပါတယ်။ တချို့ကလဲ အသက်ကြီးလို့ ဒူးနာတာ ဘာနဲ့ကုကုတစ်သက်လုံး မပျောက်ဘူးလို့ပြောကြပါတယ်။ ဒူးနာရောဂါအတွက် ပျောက်ကင်းနိုင်မဲ့ဆေးနည်းတွေ ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ဒူးနာရောဂါဝေဒနာရှင်တွေအတွက် သင့်တော်ရာသုံးနိုင်မဲ့ ဆေးနည်းတိုတွေကို အောက်မှာဖော်ပြလိုက်ပါတယ်။

၁။ မုန်ညင်းဆီ ငါးကျပ်သားမှာ ချင်းတက်လက်နှစ်ဆစ်လောက်ထုခြေထည့်ပြီး မီးနဲ့ဆူအောင်ချက်ပါ။ အဲဒီဆီကို ဒူးထဲစိမ့်ဝင်အောင် တစ်နေ့ နှစ်ကြိမ်လိမ်းပေးပါ။

၂။ ကိုယ်ရံကြီးဂမုန်းရွက်ကိုပျော့လာအောင် မီးကင်ပြီး ဆီသုတ်(နှမ်းဆီ၊မုန်ညင်းဆီ) ဒူးမှာပတ်ပြီး ပတ်တီးနဲ့စည်းထားပါ။ သုံးနာရီစည်းပြီးရင် ဖြေပါ။ ကြာရှည်စည်းရင်ယားတတ်ပါတယ်။ ဆေးစည်းပြီးယားရင် သနပ်ခါးနဲ့ဆားရောသွေးပြီးလိမ်းပါ။

၃။ သဘော်ရွက်ကိုပျော့အောင်ရေနွေးစိမ်ပါ။ ဒူးမှာအုပ်ပြီး ပတ်တီးစည်းထားပါ။ ညအိပ်ရာဝင်စည်းပြီး မနက်အိပ်ရာထရင် ဖြေပါ။ ၁၄ ရက်မှန်မှန်စည်းပါ။ ဒူးကျီးပေါင်းတက်ရောဂါ ပျောက်ပါတယ်။

၄။ ချဉ်ပေါင်ရိုးနီကိုပျော့အောင် ရေနွေးနဲ့ပြုတ်ပြီးရေစစ်ပါ။ ငရုတ်ဆုံမှာထည့်ပြီး ညက်အောင်ထောင်းပါ။ ချင်းခြောက်အမှုန့်အနည်းငယ်ရောထည့်နယ်ပြီး ဒူးမှာအုံ ပတ်တီးစည်းပါ။ ညအိပ်ရာဝင်စည်းပြီး မနက်အိပ်ရာထရင် ဖြေပါ။

၅။ တာဒံရွက်အနုကိုချူပြီး မီးကင် ဒူးမှာကပ် ဒူးစွပ်စွပ်ထားပါက ဒူးနာသက်သာစေတယ်။ ပတ်တီးနဲ့စည်းထားရင်လဲ ရပါတယ်။

၆။ ကြက်ဆူရိုးနီအရွက်ကို ရေနွေးစိမ်ပြီး ပျော့လာပါက ညက်အောင်ထောင်းပါ။ ဒူးနဲ့တံကောက်ကွေးမှာ အုံပြီးစည်းရင် ကွေးဆန့်မရတဲ့ ဒူးအဆစ်ကျရောဂါ ပျောက်ကင်းပါတယ်။

၇။ ဒူးကြီးရင်၊ ကျီးပေါင်းတက် အဆစ်ကျပ်ရင် သံပရာသီး ငါးလုံးကိုရေခန်းပြုတ်ပါ။ သံပရာသီးထဲက အစေ့တွေကိုထုတ်ပြီး ညက်အောင်ထောင်းပါ။ နနွင်းမှုန့်နဲ့ရောနယ်ပြီး ဒူးမှာအုံစည်းရင် ဒူးကျီးပေါင်းတက် အဆစ်ကျပ်ရောဂါ သက်သာစေပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၂၄၂၂ ဧက ရိတ်သိမ်းပြီးစီး

**တမူး မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၂၄၂၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။



တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၄၂၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၁ ဒသမ ၄၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"တမူးခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက နှမ်း၂၄၂၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP စနစ်နဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မြို့နယ်အလိုက် နှမ်းရိတ်သိမ်း ပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၆၈၂ ဧက၊ တမူးမြို့နယ်တွင် ၃၅၅ ဧကနှင့် ခါမ်းပါတ်မြို့တွင် ၃၈၅ ဧက စုစုပေါင်း ၂၄၂၂ ဧကဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၁၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၂၄၂၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

တမူးခရိုင်တွင် မိုးနှမ်းစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများရရှိခြင်းကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏လူမှုစီးပွားဘဝများပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# စလင်းမြို့နယ် ပေါက်ရင်းကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုစစ်ဆေး

**စလင်း မေ ၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေဖြင့် ပေါက်ရင်းကုန်းကျေးရွာအုပ်စု ပေါက်ရင်းကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မေ ၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ပေါက်ရင်းကုန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က လုပ်ငန်းရေရှည်တည်တံ့ခိုင်မြဲရေး အားလုံးဝိုင်းဝန်းထိန်းသိမ်းရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

အဆိုပါပေါက်ရင်းကုန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂၇ သိန်း စုစုပေါင်းငွေကျပ် ၁၇၇ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုအနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ကျေးရွာရှိ အိမ်ထောင်စု ၁၀၀၊ လူဦးရေ ၃၈၇ ဦးတို့မှာ လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေချောမွေ့စွာသွားလာနိုင်ပြီဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းရိုး**

## စစ်မှုထမ်းမယ် တို့လူငယ်

- လူငယ်ဟူကား
  စွန့်စားလိုစိတ် စူးစမ်းစိတ်နှင့်
  ခေါင်ထိပ်ထက်မျှ တက်လိုကြ။

- လူငယ်ဟူကား
  ကြိုးစားလိုစိတ် ဇွဲမာန်ဟိတ်နှင့်
  လျှံဖိတ်စိမ်းအင် ပြသချင်။

- လူငယ်ဟူကား
  ရှေ့သွားလိုစိတ် ခေါင်းဆောင်ဟိတ်နှင့်
  မဆိတ်ခွန်အား စဉ်တိုးပွား။

- ယခုချိန်မှန် တို့နိုင်ငံတွင်
  ဘေးရန်နှောင့်ယှက် အဘက်ဘက်က
  ဝင်စွက်ဖျက်ဆီး ဝိုင်းဘေးတီးကာ
  ဘီးတပ် အဆင်း ရန်ခပင်းကို
  နှိမ်နင်းဖို့ရာ တို့ဝန်တာ။

- ထို့ကြောင့် အမှန် တိုင်းနိုင်ငံ၏
  ရန်ပေါင်းပြိုဆွေး ငြိမ်းချမ်းရေးတွက်
  စစ်ရေးပညာ တို့သင်ပါ၍
  အခါကြုံလင့် အဆင်သင့်ဟု
  အခွင့် စီမံ လူငယ်မာန်နှင့်
  ကေန်မပျက် တို့ထမ်းရွက်သော်
  ရှေ့ဆက်တို့ပြည် တည်တံ့မည်။

- ဩော် လူငယ်ဖြစ်လာ ငါတို့မှာလျှင်
  ကိုယ့်တာဝန်ရှိ သမိုင်းသိနှင့်
  ပေးသည့်လုပ်ငန်း စစ်မှုထမ်းကို
  ရွှင်လန်းတက်ကြွ ရွက်ထမ်းကြ၍
  ကျမည့်အန္တရာယ် ဝိုင်းကာကွယ်ဖို့
  မေရယ်ခွင့်ပေး သားအထွေးကို
  မနှေးဆောင်ခွင့် ပေးပါသင့်။
  အရေးနှောင်ဖြင့် တွေးကာချင့်။ ။

**ရွှေလင်းမြေညွန့်ကိုကို**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## အိန္ဒိယအတိုက်အခံခေါင်းဆောင် ရာဟူးလ်ဂန္ဒီ ရေဘာရီလီမဲဆန္ဒနယ်မှတစ်ဆင့် ရွေးကောက်ပွဲယှဉ်ပြိုင်မည်

**ဒေလီ မေ ၃**

အိန္ဒိယ အတိုက်အခံခေါင်းဆောင် ရာဟူးလ်ဂန္ဒီသည် လက်ရှိကျင်းပနေဆဲ အထွေထွေရွေးကောက်ပွဲတွင် အိန္ဒိယနိုင်ငံတောင်ပိုင်း မဲဆန္ဒနယ်မြေတစ်ခုမှတစ်ဆင့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကွန်ဂရက် ပါတီခေါင်းဆောင် ရာဟူးလ်ဂန္ဒီအနေဖြင့် ယခုကျင်းပဆဲ အထွေထွေရွေးကောက်ပွဲတွင် ဥတ္တရပရာဒေ့ရှ်ပြည်နယ် ရေဘာရီလီ မဲဆန္ဒနယ်မှတစ်ဆင့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကွန်ဂရက်ပါတီ တာဝန်ရှိသူများက ပြောကြားထားသည်။

ရေဘာရီလီ မဲဆန္ဒနယ်သည် အစဉ်အလာအားဖြင့် ဂန္ဒီမိသားစုအပေါ် ထောက်ခံမှုအားကောင်းသော မဲဆန္ဒနယ်ဖြစ်သည်။

ရာဟူးလ်ဂန္ဒီသည် ယခုကျင်းပဆဲ အထွေထွေရွေးကောက်ပွဲတွင် ကေရာလာပြည်နယ် ဝါယာနက်မဲဆန္ဒနယ်မှတစ်ဆင့် ပါဝင်ယှဉ်ပြိုင်ထားသည်။

အိန္ဒိယနိုင်ငံ၏ ဥပဒေများအရ ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် အမတ်လောင်းများကို မဲဆန္ဒနယ်တစ်ခုမက ပါဝင်ယှဉ်ပြိုင်ခွင့် ပေးထားသော်လည်း မဲဆန္ဒနယ်တစ်ခုအတွက်သာ ကိုယ်စားပြုနိုင်မည်ဖြစ်သည်။

ဥတ္တရပရာဒေ့ရှ် ပြည်နယ်သည် အိန္ဒိယနိုင်ငံ၏ လူဦးရေအများဆုံးပြည်နယ်ဖြစ်ပြီး အိန္ဒိယအောက်လွှတ်တော်၌ အမတ်နေရာ ၈၀ ထိ ရရှိထားသောပြည်နယ်ဖြစ်ကြောင်းသိရသည်။

**Ref : RT**
**Trs : KKO**



## ဘာလ်တီမိုးတံတား ပြန်လည်တည်ဆောက်ရေး စီမံကိန်းအဆိုပြုချက် အီတလီကုမ္ပဏီတင်သွင်း

**ရောမ မေ ၃**

ယခုနှစ် မတ်လအတွင်းက ပြိုကျခဲ့သည့် အမေရိကန်နိုင်ငံ ဘာလ်တီမိုးမြို့ရှိ မြစ်ကူးတံတား ပြန်လည်တည်ဆောက်ရေးအတွက် စီမံကိန်းအဆိုပြုချက် တစ်ရပ်ကို အီတလီအခြေစိုက် ဝီဘေးလ်ကုမ္ပဏီက တင်သွင်းထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြခဲ့သည်။

ဘာလ်တီမိုးမြို့ရှိ စိန့်ဖရန့်စစ်စကော့ကီးတံတားသည် ကုန်သေတ္တာတင် သင်္ဘောတစ်စီးက ဝင်တိုက်မိခဲ့သဖြင့် ပြိုကျခဲ့ရပြီး လူခြောက်ဦးလည်း သေဆုံးခဲ့ရသည်။

ဝီဘေးလ်ကုမ္ပဏီက တင်ပြထားသော စီမံကိန်းအဆိုပြုချက်တွင် တံတားသစ်၏ ဒီဇိုင်းပုံစံနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း အစီအစဉ်များ ထည့်သွင်းထားသည်။

အသစ်ပြန်လည်တည်ဆောက်မည့် ဖရန့်စစ်စကော့ကီး တံတားအတွက် မိမိတို့အနေဖြင့် ဘေးကင်းလုံခြုံမှု၊ ရေရှည်ခိုင်ခံ့မှုတို့ကို မြှင့်တင်ပေးရန် စီစဉ်ထားကြောင်း ဝီဘေးလ်ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားထားသည်။

ဝီဘေးလ်ကုမ္ပဏီသည် ဖရန့်စစ်စကော့ကီးတံတား ပြန်လည်တည်ဆောက်ရေးအဆိုပြုချက်ကို အမေရိကန်အစိုးရ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနထံ တင်သွင်းထားခြင်းဖြစ်သည်။

ဖရန့်စစ်စကော့ကီး တံတား ပြိုကျမှုကြောင့် ဘာလ်တီမိုးဆိပ်ကမ်း အဝင်အထွက်ရေလမ်းကြောင်းများ ပိတ်ဆို့ခဲ့ရာ အမေရိကန် တာဝန်ရှိသူများအနေဖြင့် ယာယီရေလမ်းကြောင်းများ ဖွင့်ပေးထားရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အမေရိကန်တပ်များရှိနေသည့် နိုင်ဂျာလေတပ်စခန်းအတွင်းသို့ ရုရှားတပ်ဖွဲ့ဝင်များ ဝင်ရောက်တပ်စွဲထား



**နီအာမေး မေ ၃**

အမေရိကန် တပ်ဖွဲ့ဝင်များ နေရာယူထားသည့် နိုင်ဂျာနိုင်ငံ လေတပ်အခြေစိုက်စခန်းအတွင်းသို့ ရုရှားတပ်ဖွဲ့ဝင်များ ရောက်ရှိနေကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက မေ၂ ရက်တွင် ပြောကြားခဲ့သည်။

နိုင်ဂျာနိုင်ငံ၌ တပ်စွဲထားသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို နှင်ထုတ်ရန် နိုင်ဂျာခေါင်းဆောင်များက ဆုံးဖြတ်ခဲ့ပြီးနောက် ရုရှားတပ်ဖွဲ့ဝင်များက အမှတ် (၁၀၁) လေတပ်စခန်းအမည်ရှိ လေတပ်အခြေစိုက်စခန်းအတွင်း ဝင်ရောက်လာခဲ့ကြခြင်းဖြစ်သည်။

သို့ရာတွင် ရုရှားတပ်ဖွဲ့ဝင်များသည် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရောနှောမှုမရှိဘဲ ၁၀၁ လေတပ်စခန်း၏ သီးခြားလေယာဉ်ရုံတစ်ခုတွင် နေရာယူတပ်စွဲထားကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားထားသည်။

ယူကရိန်းပြဿနာကိုအကြောင်းပြု၍ ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား စစ်ရေးနှင့် သံတမန်ရေးအားပြိုင်မှု ပြင်းထန်လာချိန်တွင် ရုရှားတပ်များနှင့် အမေရိကန်တပ်များ နိုင်ဂျာလေတပ်စခန်းတစ်ခုတည်း၌ တစ်ဖက်နှင့်တစ်ဖက် မနီးမဝေး နေရာယူထားကြခြင်းဖြစ်သည်။

အမှတ်(၁၀၁) လေတပ်စခန်းသည် နိုင်ဂျာနိုင်ငံ နီအာမေးမြို့ နိုင်ငံတကာလေဆိပ်အနီး တည်ရှိသည့် နိုင်ဂျာလေတပ်စခန်းဖြစ်သည်။

အဆိုပါလေတပ်စခန်းအတွင်းသို့ ရုရှားတပ်များ ဝင်ရောက်တပ်စွဲမှုနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံရှိ နိုင်ဂျာသံရုံးနှင့် ရုရှားသံရုံးတို့က တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

**Ref :Xinhua**
**Trs : KKO**

## တူရကီယဲနိုင်ငံက အစ္စရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ရပ်ဆိုင်း

**အင်ကာရာ မေ ၃**

တူရကီယဲနှင့် အစ္စရေးတို့ကြား ကုန်သွယ်မှုလုပ်ငန်းများကို တူရကီယဲအစိုးရက မေ ၂ ရက်မှစ၍ ရပ်ဆိုင်းထားလိုက်ပြီဖြစ်ကြောင်း တူရကီယဲ ကုန်သွယ်ရေး ဝန်ကြီးဌာနက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

ပါလက်စတိုင်း နယ်မြေများ၌ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ပိုမိုဆိုးရွားလာမှုကြောင့် အစ္စရေးနှင့်ဆက်စပ်နေသော ပို့ကုန်သွင်းကုန် လုပ်ငန်းများကို ရပ်ဆိုင်းထားကြောင်း တူရကီယဲ ကုန်သွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစ္စရေးအစိုးရအနေဖြင့် ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အလုံအလောက်ပေးပို့ခွင့်ပြုချိန်ထိတိုင် တူရကီယဲအနေဖြင့် အစ္စရေးနိုင်ငံနှင့် ကုန်သွယ်မှုများ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း တူရကီယဲကုန်သွယ်ရေး ဝန်ကြီးဌာနက ပြောကြားထားကြောင်း သိရသည်။

တူရကီယဲနှင့် အစ္စရေးတို့ကြား နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုတန်ဖိုးမှာ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံထိရှိခဲ့သည်။

တူရကီယဲနိုင်ငံသည် ပြီးခဲ့သည့်လကလည်း ဂါဇာပြဿနာကို အကြောင်းပြု၍ အစ္စရေးနိုင်ငံအပေါ် ကုန်သွယ်မှုပိတ်ပင်ရေး စည်းမျဉ်းများကိုလည်း ချမှတ်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ပါကစ္စတန်၌ ခရီးသည်တင်ဘတ်စကားတစ်စီး လျှိုထဲထိုးကျ ခရီးသည် ဦးရေ ၂၀ သေဆုံးခဲ့ပြီး ၂၁ ဦး ဒဏ်ရာများရရှိ

**အစ္စလာမ္မာဘတ် မေ ၃**

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်း၌ ယနေ့တွင် ခရီးသည်တင်ဘတ်စကားတစ်စီး လမ်းချော်၍ လျှိုအတွင်း ထိုးကျခဲ့ရာ ခရီးသည် ဦးရေ ၂၀ သေဆုံးခဲ့ပြီး ၂၁ ဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါ ခရီးသည်တင်ဘတ်စကားသည် ဂီလ်ဂျစ်-ဘယ်လ်တစ္စတန်အမည်ရှိ တောင်ကုန်းဒေသမှ ပန်ဂျပ်ပြည်နယ် ရာဝါပင်ဒီမြို့သို့ ဦးတည်မောင်းနှင်နေစဉ် လျှိုအတွင်း ထိုးကျခဲ့ခြင်းဖြစ်သည်။

၎င်းခရီးသည်တင် ဘတ်စကားသည် ဂီလ်ဂျစ်-ဘယ်လ်တစ္စတန်နယ်မြေ ဒီရာမာခရိုင်ကို ဖြတ်ကျော်မောင်းနှင်နေစဉ် လမ်းချော်၍ လျှိုအတွင်း ထိုးကျခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဘတ်စကား မတော်တဆမှု ဖြစ်ဖြစ်ချင်းမှာပင် ပါကစ္စတန် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ စတင်ခဲ့ပြီး ဒဏ်ရာရသူအားလုံးကို ကယ်တင်ပေးနိုင်ခဲ့သည်။

ယာဉ်စည်းကမ်း လိုက်နာမှုအားနည်းပြီး ကျေးလက်ဒေသအများအပြားတွင် လမ်းများ အခြေအနေဆိုးရွားနေသည့် ပါကစ္စတန်နိုင်ငံ၌ ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။

ပါကစ္စတန်နိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် နိုင်ငံ၏ မြောက်ပိုင်းရှိ တောင်ကုန်းဒေသများ၌ လမ်းများဖောက်လုပ်နိုင်ရေးအတွက် ရုန်းကန်ကြိုးစားခဲ့ရကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ နှစ်ပေါင်းများစွာပျောက်ဆုံးနေသော စမ်းသပ်ဂြိုဟ်တုငယ်တစ်စင်းကို အမေရိကန်အာကာသတပ်ဖွဲ့က ပြန်လည်တွေ့ရှိထား



**ဝါရှင်တန် မေ ၃**

ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ နှစ်ပေါင်းများစွာပျောက်ဆုံးနေသော စမ်းသပ်ဂြိုဟ်တုငယ် တစ်စင်းကို အမေရိကန် အာကာသတပ်ဖွဲ့က ပြန်လည်တွေ့ရှိထားကြောင်း မေ ၂ ရက် သတင်းများအရ သိရသည်။

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် အက်စ်-၃၇-၇ အမည်ရှိ အဆိုပါ ဂြိုဟ်တုငယ်ကို ၁၉၇၄ ခုနှစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

၎င်းဂြိုဟ်တုငယ်သည် လွှတ်တင်ပြီးမကြာမီမှာပင် မြေပြင်စခန်းနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် တစ်ကြိမ် ပြန်လည်ပေါ်ထွက်လာခဲ့ပြီးနောက် ထပ်မံပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အမေရိကန်အာကာသတပ်ဖွဲ့မှ သိပ္ပံပညာရှင်များသည် ယခုနှစ် ဧပြီ ၂၅ ရက်တွင် နှစ်ပေါင်းများစွာ ပျောက်ဆုံးနေသော အက်စ်- ၇၃-၇ ဂြိုဟ်တုကိုပြန်လည်ထောက်လှမ်း တွေ့ရှိခဲ့ကြောင်း သိရသည်။

အက်စ်-၇၃-၇ ဂြိုဟ်တုပြန်လည်တွေ့ရှိမှုကို ဟားဗတ်စမစ်ဆိုနီယမ်နက္ခတ္တရူပဗေဒအင်စတီကျူမှ သိပ္ပံပညာရှင်များကလည်း အတည်ပြုထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ သက်မဲ့ဂြိုဟ်တုများမှသည် ဒုံးပျံအစိတ်အပိုင်းများ ထိပါဝင်သော အာကာသအရာဝတ္ထုပေါင်း ၂၇၀၀၀ ထိ ရှိနေကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## Space-X အာကာသနည်းပညာကုမ္ပဏီက မေ ၂ ရက်တွင် အာကာသမစ်ရှင်နှစ်ခုကို ရှေ့ဆင့်နောက်ဆင့်လွှတ်တင်ခဲ့

**ဝါရှင်တန် မေ ၃**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် မေ ၂ ရက်တွင် အာကာသမစ်ရှင်နှစ်ခုကို ရှေ့ဆင့်နောက်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် မေ ၂ ရက်တွင် မက်ဆာဂြိုဟ်တုနည်းပညာကုမ္ပဏီ၏ မြေကမ္ဘာစူးစမ်းလေ့လာရေးဂြိုဟ်တုနှစ်စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် မက်ဆာကုမ္ပဏီ၏ မြေကမ္ဘာ စူးစမ်းလေ့လာရေးဂြိုဟ်တုနှစ်စင်းကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ထို့ပြင် Space-X အာကာသနည်းပညာကုမ္ပဏီသည် မေ ၂ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၃ စင်းကိုလည်း ဖယ်လ်ကွန်-၉ ဒုံးပျံတစ်စင်းဖြင့် အောင်မြင်စွာလွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါစတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အထက်ပါ မစ်ရှင်များအတွက် အသုံးပြုခဲ့သည့် ဖယ်လ်ကွန်-၉ ဒုံးပျံနှစ်စင်း၏ ပထမအဆင့်ပင်မဒုံးယာဉ်များသည် သတ်မှတ်နေရာများသို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ကမ္ဘာ့အနက်ရှိုင်းဆုံး သမုဒ္ဒရာရေအောက်မြေကျွံတွင်းကို သိပ္ပံပညာရှင်များက မက္ကဆီကိုနိုင်ငံ ကမ်းလွန်ရေပြင်အတွင်း၌ ရှာဖွေတွေ့ရှိထား

**မက္ကဆီကိုစီးတီး မေ ၃**

ကမ္ဘာ့အနက်ရှိုင်းဆုံး သမုဒ္ဒရာရေအောက် မြေကျွံတွင်းကို သိပ္ပံပညာရှင်များက မက္ကဆီကိုနိုင်ငံ ကမ်းလွန်ရေပြင်အတွင်း၌ ရှာဖွေတွေ့ရှိထားကြောင်း မေ ၂ ရက် သတင်းများအရ သိရသည်။

အဆိုပါ ကမ္ဘာ့အနက်ရှိုင်းဆုံး ပင်လယ်ရေအောက် မြေကျွံတွင်းကို မက္ကဆီကို သိပ္ပံပညာရှင်များက မက္ကဆီကိုကမ်းလွန် ချီတူမယ်လ်ပင်လယ်အော်၌ ရှာဖွေတွေ့ရှိထားခြင်းဖြစ်သည်။

အဆိုပါ သမုဒ္ဒရာရေအောက်မြေကျွံတွင်း၏အနက်မှာ အနည်းဆုံး ပေ ၁၃၈၀ ထိရှိရာ ကမ္ဘာ့အနက်ရှိုင်းဆုံးမြေကျွံတွင်းအဖြစ် သတ်မှတ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ယခင် ကမ္ဘာ့အနက်ရှိုင်းဆုံး သမုဒ္ဒရာဒေသ မြေကျွံတွင်းမှာ တရုတ်ကမ်းရိုးတန်းကမ်းလွန်ရှိ ဒရာဂွန်ရေအောက်မြေကျွံတွင်းဖြစ်ပြီး အနက် ၉၈၇ ပေထိရှိကြောင်း သိရသည်။

မက္ကဆီကိုကမ်းလွန်တွင်တွေ့ရှိထားရသော ရေအောက်မြေကျွံတွင်းကို တာအမ်ဂျာရေအောက်မြေကျွံတွင်းဟူ၍ အမည်ပေးထားကြောင်း သိရသည်။

တာအမ်ဂျာဟူသော ဝေါဟာရသည် ဖာယာလူမျိုးတို့၏ ဝေါဟာရဖြစ်ပြီး ရေနက်ပိုင်းဟူ၍ အဓိပ္ပာယ်ရကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## အမျက်ဒေါသကြီးမားပါက နှလုံးသွေးကြောများ ပျက်စီးပြီး နှလုံးရောဂါများဖြစ်နိုင်ခြေမြင့်မားနိုင်

**နယူးယောက် မေ ၃**

အမျက်ဒေါသ ကြီးမားပါက နှလုံးသွေးကြောများ ပျက်စီးသွားနိုင်ပြီး နှလုံးရောဂါများဖြစ်နိုင်ခြေမြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက မေ ၂ ရက်တွင် ပြောကြားသည်။

တစ်ချိန်လုံး ဒေါသဖြစ်နေသူများတွင် နှလုံးသွေးကြောများ၏ လုပ်ငန်းလည်ပတ်မှု ပျက်စီးသွားနိုင်ကြောင်း အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အမျက်ဒေါသထွက်နေချိန်၊ စိုးရိမ်သောကဝင်နေချိန်၊ ဝမ်းနည်းနေချိန်များအတွင်း သွေးကြောများ၏ လှုပ်ရှားမှုကိုစောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ဒေါသထွက်ချိန် တစ်ခဏအတွင်း နှလုံးသွေးကြောများ လုပ်ငန်းလည်ပတ်မှု ယာယီပျက်စီးသွားတတ်ပြီး နှလုံးရောဂါများဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သိရသည်။

အမျက်ဒေါသဖြစ်မှု၏ အထက်ပါ ဆိုးကျိုးသက်ရောက်မှုသည် ဒေါသပေါက်ကွဲခဲ့ပြီး နောက်မိနစ် ၄၀ ထိ တည်မြဲနေတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၂၆ နှစ်အရွယ်ရောက်သူ ဦးရေ ၂၈၀ တို့ကိုလေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အပင်အခြေခံစာတ်စာများ စားသုံးခြင်းဖြင့် ဆီးကျိတ်ကင်ဆာဆဲလ်များပျံ့နှံ့နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် မေ ၃**

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ အစေ့အဆန်နှင့် လုံးတီးကောက်နှံများပါဝင်သည့် အပင်အခြေခံဓာတ်စာများ စားသုံးခြင်းဖြင့် ဆီးကျိတ်ကင်ဆာဆဲလ်များ ပျံ့နှံ့နိုင်ခြေကို ၅၀ ရာခိုင်နှုန်း လျှော့ချနိုင်ကြောင်း မေ ၂ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ အပင်အခြေခံဓာတ်စာများ အများဆုံးစားသုံးသူများသည် အနည်းဆုံးစားသုံးသူများနှင့် နှိုင်းယှဉ်ပါက အရိုးများဆီသို့ ဆီးကျိတ်ကင်ဆာဆဲလ်များ ကူးစက်နိုင်ခြေ ပိုနည်းပါးကြောင်း သိရသည်။

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များတွင် အောက်ဆီဂျင်ဓာတ်ဖျက်ပစ္စည်းများနှင့် ရောင်ရမ်းမှုတိုက်ဖျက်နိုင်သည့် ဓာတုဒြပ်ပေါင်းများ ပါဝင်မှုမြင့်မားခြင်းကြောင့် ဆီးကျိတ်ကင်ဆာဆဲလ်များ ကူးစက်ပျံ့နှံ့နိုင်ခြေကို လျှော့ချပေးနိုင်ခြင်းဖြစ်နိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ရိုးစင်းသည့် ဘဝနေထိုင်မှုပုံစံများမှာ ဆီးကျိတ်ကင်ဆာလူနာအမျိုးသားများ သက်တမ်းစေ့နေနိုင်ရေးအတွက် အထောက်အကူပြုနိုင်သည်ကိုတွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဆီးကျိတ်ကင်ဆာလူနာ အမျိုးသား ၂၀၀၀ ကျော်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ဆီးကျိတ်ကင်ဆာရောဂါသည် အမျိုးသားများကြား အဖြစ်များသည့် ကင်ဆာရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**






## ပရီးမီးယားလိဂ် ပွဲစဉ် (၃၆) ပွဲကြိုသုံးသပ်ချက်များ

**ဘရိုက်တန် Vs အေဗီလာ**

**ကစားမည့်ရက်/အချိန် ၅-၅-၂၀၂၄ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေဗီလာ ၆ - ၁ ဘရိုက်တန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | - | ဝေး(သရေ) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| အေဗီလာ | - | အိမ်(နိုင်) | အိမ်(သရေ) | အိမ်(ရှုံး) |

လက်ရှိ ခြေစွမ်းပိုင်းကျဆင်းနေတဲ့ ဘရိုက်တန်အသင်းဟာ နောက်ဆုံးသုံးပွဲမှာ ခံစစ်ပိုင်းက ပေးဂိုးရှစ်ဂိုးထိရှိခဲ့တာဖြစ်ပါတယ်။ အေဗီလာကတော့ အခုပွဲကိုအနိုင်ရမှသာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ သေချာမှာဖြစ်လို့ ခြေစွမ်းပိုင်းကျဆင်းနေတဲ့ဘရိုက်တန်ကို ပွဲချိန်ပြည့် ဖိအားပေးလာမှာပါ။ ဒါကြောင့် ကစားသမားစုဖွဲ့မှုနဲ့ တိုက်စစ်ထက်မြက်နေတဲ့ အေဗီလာပဲအနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘရိုက်တန် ၁ - ၂ အေဗီလာ**

**ချဲလ်ဆီး Vs ဝက်စ်ဟမ်း**

**ကစားမည့်ရက်/အချိန် ၅-၅-၂၀၂၄ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဝက်စ်ဟမ်း ၃ - ၁ ချဲလ်ဆီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | - | ဝေး(ရှုံး) | ဝေး(သရေ) | အိမ်(နိုင်) |
| ဝက်စ်ဟမ်း | - | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(သရေ) |

ချဲလ်ဆီးဟာ အခုပွဲကိုအနိုင်ရရင် ဥရောပြိုင်ပွဲဝင်ခွင့်ရဖို့ မျှော်လင့်နိုင်မှာဖြစ်သလို အိမ်ကွင်းတိုက်စစ်ကလဲ နောက်ဆုံးသုံးပွဲမှာ ၁၂ ဂိုးထိသွင်းယူပြီး နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ဝက်စ်ဟမ်းအနေနဲ့ ချဲလ်ဆီးနဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေပေမဲ့ အသင်းလိုက်ကစားအားနဲ့ ခံစစ်ပိုင်းမှာတော့ ချဲလ်ဆီးကိုယှဉ်ဖို့ လိုအပ်ချက်ရှိနေပါတယ်။ ဒါကြောင့် အိမ်ကွင်းတိုက်စစ်ကောင်းတဲ့ ချဲလ်ဆီးနိုင်ပွဲဆက်အုံးမှာပါ။

**အင်တာနက်ခန့်မှန်း - ချဲလ်ဆီး ၃ - ၁ ဝက်စ်ဟမ်း**

## အီတလီစီးရီးအေ ပွဲစဉ် (၃၅) ပွဲကြိုသုံးသပ်ချက်

**ရိုးမား Vs ဂျူဗင်တပ်**

**ကစားမည့်ရက်/အချိန် ၆-၅-၂၀၂၄ (ည ၀၁:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျူဗင်တပ် ၁ - ၀ ရိုးမား**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရိုးမား | - | ဝေး(နိုင်) | ဝေး(သရေ) | အိမ်(ရှုံး) |
| ဂျူဗင်တပ် | - | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(သရေ) |

ကြားရက်မှာ ယူရိုပါလိဂ်ကစားခဲ့ရတဲ့ရိုးမားဟာ ပွဲပန်းနေတာဖြစ်ပြီး လက်ရှိ အိမ်ကွင်းပွဲစဉ်တွေမှာလဲ တိုက်စစ်ကစားအားကျဆင်းနေတာကြောင့် ရှန်းကန်နေရတာဖြစ်ပါတယ်။ ဂျူဗင်တပ်ကလဲ ပြီးခဲ့တဲ့ လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့မှုကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုအပ်နေတာဖြစ်လို့ အခုပွဲစဉ်မှာ တိုက်စစ်မြှင့်ကစားလာမှာသေချာပါတယ်။ ဒါကြောင့် အဝေးကွင်းနိုင်ပွဲရဖို့ကြိုးစားနေတဲ့ ဂျူဗင်တပ်ကိုအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ရိုးမား ၁ - ၂ ဂျူဗင်တပ်**

### အားကစားသတင်းအတိုအထွာများ

- ယူရိုပါလိဂ်ဆီမီးဖိုင်နယ်တွင် ရိုးမားကို နှစ်ဂိုးပြတ်အနိုင်ရခဲ့သည့် လေဗာကူဆင်အသင်း ၄၇ ပွဲဆက် ရှုံးပွဲမရှိသည့် အသင်းဖြစ်လာခဲ့ပြီး ယူရိုပါလိဂ်ဗိုလ်လုပွဲသို့တက်ရောက်ရန် သေချာလျက်ရှိကြောင်း သိရသည်။
- အီတလီဘောလုံးအဖွဲ့ချုပ်က ဘောလုံးကစားခွင့် ၁၀ လ ပိတ်ပင်ခံထားရသည့် ကွင်းလယ်ကစားသမား တိုနယ်လီသည် နယူးကာဆယ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် လောင်းကစားဥပဒေထပ်မံချိုးဖောက်ခဲ့မှုကြောင့် အင်္ဂလိပ်အေဖ်အေက ဒဏ်ငွေစတာလင်ပေါင် ၂၀၀၀၀ နှင့် နှစ်လပွဲပယ်ပြစ်ဒဏ် ထပ်မံချမှတ်ခဲ့ကြောင်း သိရသည်။ ML

## ပြည်ပရောက် ပြင်သစ်အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းထုတ်ပြန်




**ပဲရစ် မေ ၃**

ပြင်သစ်ကစားသမားများအဖွဲ့အစည်း(UNFP)က စိစစ်ရွေးချယ်ချီးမြှင့်ပေးအပ်မည့် ပြည်ပရောက် ပြင်သစ်အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်း ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ပြင်သစ်ကစားသမားများအဖွဲ့အစည်း(UNFP)က ပြည်ပရောက် ပြင်သစ်အကောင်းဆုံး ကစားသမားဆုကို ပြင်သစ်နိုင်ငံအတွင်း မဟုတ်ဘဲ ပြည်ပနိုင်ငံများတွင် သွားရောက်ကစားနေသည့် ပြင်သစ်ကစားသမားများကို စိစစ်ရွေးချယ်ချီးမြှင့်ပေးအပ်ခြင်းဖြစ်သည်။

ပြည်ပရောက် ပြင်သစ်အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်စာရင်းကို ကစားသမားငါးဦးဖြင့် ထုတ်ပြန်ခဲ့ရာ အေစီမီလန်အသင်းနှင့်အတူ အကောင်းဆုံးလက်စွမ်း ပြသလျက်ရှိနေသည့် ဂိုးသမား မိုင်ဂနန်လည်း ပါဝင်လာခဲ့ပြီး စပိန်လာလီဂါမှ ကစားသမား သုံးဦးထိ ပါဝင်လာခဲ့ကာ ရီးရဲလ်မက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား နှစ်ဦးဖြစ်သည့် ချူအာမန်ဒီနှင့် ကာမာဗင်ဂါ၊ အက်သလက်တီကို အသင်းမှ တိုက်စစ်မှူး ဂရစ်မန်းဇ်တို့ဖြစ်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အာဆင်နယ်အသင်းမှ ဆာလီဘာတစ်ဦးတည်းသာ ပါဝင်လာခဲ့ကာ ဆန်ခါတင် ကစားသမားစာရင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေသည့် ချူအာမန်ဒီနှင့် ကာမာဗင်ဂါတို့က ထိပ်ဆုံးမှ အပြိုင်ရေပန်းစားလျက်ရှိနေသည်။

ပြည်ပရောက် ပြင်သစ်အကောင်းဆုံး ကစားသမားဆုပေးပွဲအခမ်းအနားကို လာမည့် မေ ၁၃ ရက်တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik

Trs : STA

## လာမည့်ရာသီတွင် မန်ယူအသင်းမှ ကစားသမားသုံးဦးသာဆက်ရှိရန် အာမခံကြောင်း အသင်းပိုင်ရှင် ရက်ကလစ်ဖ်ပြောကြား

**မန်ချက်စတာ မေ ၃**

မန်ယူအသင်းပိုင်ရှင် ရက်ကလစ်ဖ်သည် အသင်း၏ ရှယ်ယာ ၂၇ ဒသမ ၇ ရာခိုင်နှုန်းထိ ဝယ်ယူပြီးနောက် ကစားသမား ဝယ်ယူရောင်းချမှုများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်လျက်ရှိရာ လက်ရှိအသင်း၏ စွမ်းဆောင်ရည်ကို နှစ်သက်ခြင်းမရှိသဖြင့် လာမည့်ရာသီတွင် အသင်းမှ အဓိကကစားသမား သုံးဦးသာဆက်ရှိရန် အာမခံချက်ပေးနိုင်ကြောင်း ပြောကြားခဲ့သည်။

အသင်းပိုင်ရှင်သစ် ရက်ကလစ်ဖ်သည် အကြံပေးများဖြစ်သည့် ဆာဒါဗီဘရေးစဖော့၊ ဘလန်ခ်တို့နှင့် တွေ့ဆုံခဲ့ပြီးနောက် လက်ရှိအသင်းမှ ကစားသမားများထဲတွင် တိုက်စစ်မှူး ဟိုက်လန်း၊ ကွင်းလယ်ကစားသမား မိုင်နူးနှင့် တောင်ပံကစားသမား ဂါနာချို တို့သာ လာမည့်ရာသီတွင် အသင်း၌ ဆက်လက်ကစားရန် အာမခံချက်ပေးနိုင်ကြောင်း ထုတ်ပြန်ခဲ့သည်။



မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီ နည်းပြတန်ဟတ်လက်အောက်တွင် စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်ခဲ့ရပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသည့်အပြင် အမှတ်ပေးပြိုင်ပွဲတွင်လည်း ရလဒ်ပိုင်းတည်ငြိမ်မှုမရှိခဲ့သောကြောင့် အဆင့်(၆)တွင်သာ ရောက်ရှိခဲ့ပြီး လာမည့်ရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် မျှော်လင့်ချက်နည်းပါးခဲ့ပြီးနောက် အသင်းပိုင်ရှင် ရက်ကလစ်ဖ်က လာမည့် အပြောင်းအရွှေ့ကာလတွင် ပုံမှန်ခြေစွမ်းမပြနိုင်သည့် ကစားသမားများကို ရောင်းချရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မန်ယူအသင်းသည် နည်းပြတန်ဟတ်ကို ရာထူးမှ ထုတ်ပယ်ရန်စီစဉ်နေပြီး နည်းပြသစ် ရှာဖွေနေသကဲ့သို့ ကစားသမားဝယ်ယူမှုတွင်လည်း ခံစစ်ပိုင်း၊ ကွင်းလယ်ပိုင်းနှင့် တိုက်စစ်ပိုင်းတို့တွင် အနည်းဆုံး ထိပ်တန်းအဆင့်ရှိ ကစားသမားတစ်ဦးစီ ဝယ်ယူသွားရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : ML

## Mutua Madrid Open တင်းနစ်ပြိုင်ပွဲကွာတားဖိုင်နယ်မှ မျက်ဒဗျက်နုတ်ထွက်

**မက်ဒရစ် မေ ၃**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပနေသည့် Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်နှင့် ချက်တင်းနစ်ကစားသမား လီဟက်ကာတို့ ယနေ့ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်အပြီး၌ မျက်ဒဗျက်သည် ဒူးဒဏ်ရာ ရရှိခဲ့သည့်အတွက် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့အဆင့်(၄) နေရာတွင် ရပ်တည်နေသည့် မျက်ဒဗျက် အနေဖြင့် ယင်းဒဏ်ရာကြောင့် မကြာမီကျင်းပမည့် Italian Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ဖွယ်မရှိကြောင်းလည်း သိရသည်။

ကွာတားအဆင့်တွင် မျက်ဒဗျက်သည် ပထမပွဲငယ်၌ လီဟက်ကာအား (၆-၄)ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရပြီး ပထမပွဲငယ်အပြီးမှာပင် ခြေထောက်လှုပ်ရှားရ ခက်လာသည့် အတွက်ကြောင့် ဆရာဝန်မှ စစ်ဆေးမှုပြုလုပ်ခဲ့ရာ ပွဲကိုဆက်မကစားဘဲ အနားယူသင့်ကြောင်း အကြံပြုလာသည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မျက်ဒဗျက်သည် ပထမပွဲငယ်တွင်လည်း ဒဏ်ရာကြောင့် ဆေးကုသမှုခံယူ၍ ပွဲအား ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ခြင်းဖြစ်ပြီး ဒုတိယပွဲငယ်တွင် ဒူးဒဏ်ရာ နာကျင်လာ၍ ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းလည်း ဖြစ်သည်။

လီဟက်ကာသည် မျက်ဒဗျက် ဒဏ်ရာကြောင့် ပွဲမှနုတ်ထွက်သွားသဖြင့် အလိုအလျောက် အနိုင်ရရှိခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်တွင် ကနေဒါ တင်းနစ်ကစားသမား ဖီလစ်အူဂါနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

Ref : RT

Trs : AZL

# MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(C)နှင့် အုပ်စု(D)ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား



**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MNL League Cup 2024 ပြိုင်ပွဲ အုပ်စု (C) နှင့် အုပ်စု(D) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(C) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် သုဝဏ္ဏအားကစားကွင်း၌ ရောဝတီယူနိုက်တက်အသင်းနှင့် ဆေးဗားစတားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရောဝတီယူနိုက်တက်အသင်းက ခြောက်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ညနေ ၄ နာရီတွင် တက္ကသိုလ် အားကစားကွင်း၌ ဒဂုံပေါ့အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ အုပ်စု(D) ပွဲစဉ်များအဖြစ် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပဒုမ္မာအားကစားကွင်း၌ ရတနာပုံအက်ဖ်စီ အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရတနာပုံ အက်ဖ်စီအသင်းက ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ညနေ ၄ နာရီတွင် YUSC အားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ISPE အသင်းတို့ပွဲစဉ်တွင် သုံးဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**STA**

# FWA ၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို မန်စီးတီးအသင်းမှ ဖိုဒန်ဆွတ်ခူး

**လန်ဒန် မေ ၃**

ဘောလုံးအားကစား ကလောင်ရှင်များအဖွဲ့အစည်း (FWA)၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို မန်စီးတီးအသင်းမှ လူငယ်တောင်ပံကစားသမား ဖိုဒန်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ ဖိုဒန်သည် မန်စီးတီးအသင်းတွင် နည်းပြဂွါဒီယိုလာ၏ ယုံကြည်မှုနှင့်အတူ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က အသင်းကြီးတွင် စတင်ကစားခွင့်ရရှိခဲ့ပြီးနောက် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

ဖိုဒန်သည် ယခုနှစ်ဘောလုံးရာသီတွင်လည်း မန်စီးတီးအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ အဓိကကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိနေသူဖြစ်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၃၁ ပွဲထိ ပါဝင်ကစားရာ ၁၆ ဂိုး သွင်းယူထားနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ခုနစ်ကြိမ် ပြုလုပ်နိုင်ခဲ့သကဲ့သို့ ပြိုင်ပွဲစုံတွင်လည်း ၄၈ ပွဲထိ ပါဝင်ကစားခဲ့ကာ ၂၄ ဂိုး သွင်းယူ၍ ဂိုးဖန်တီးမှု ၁၀ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီးနောက် ဘောလုံးအားကစားကလောင်ရှင်များ အဖွဲ့အစည်း (FWA)၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

FWA ၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို မဲစနစ်ဖြင့် ရွေးချယ်ချီးမြှင့်ပေးအပ်ခြင်းဖြစ်ပြီး ဖိုဒန်က မဲရာခိုင်နှုန်း ၄၆ ရာခိုင်နှုန်းထိ ရရှိခဲ့ကာ အသင်းဖော် ရိုဒရီနှင့် အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား ဒီကလန်ရိုက်တို့ကို ကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

အလားတူ FWA၏ တစ်နှစ်တာအကောင်းဆုံး အမျိုးသမီးကစားသမားဆုကိုလည်း မန်စီးတီးအမျိုးသမီးအသင်း တိုက်စစ်မှူး ဘန်နီရှောကပင် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : STA**



# ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကွင်းလယ်ကစားသမား မာကိုရူးစ် ဒေါ့မွန်အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်ဆုံးဖြတ်

**ဘာလင် မေ ၃**

ဒေါ့မွန်အသင်း ဝါရင့်ကွင်းလယ်ကစားသမား မာကိုရူးစ်က အသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်မဟုတ်တော့ဘဲ ရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၃၄ နှစ်ရှိ မာကိုရူးစ်သည် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်က ဂလာဘတ်အသင်းမှ ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ၁၂ နှစ်ကြာ ကစားခဲ့ပြီးနောက် အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းနှင့် မာကိုရူးစ်တို့ စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ဒေါ့မွန်အသင်းက မာကိုရူးစ်ကို တစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် ဆန္ဒရှိနေသော်လည်း မာကိုရူးစ်ကိုယ်တိုင်က သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည့် အစီအစဉ်ကို ပယ်ချခဲ့ပြီး အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်သာ ဆုံးဖြတ်ခဲ့သည်။

မာကိုရူးစ်သည် အစောပိုင်းနှစ်များက အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေချိန်တွင် အသင်းကြီးများဖြစ်သည့် မန်ယူအသင်းနှင့် ရီးရဲလ်မက်ဒရစ် အသင်းတို့၏ ကမ်းလှမ်းမှုများကို လက်ခံရရှိခဲ့သော်လည်း ၎င်းကိုယ်တိုင်က ကမ်းလှမ်းမှုများကို ပယ်ချ၍ အသင်းနှင့်သာ ဆက်လက်လက်တွဲခဲ့ခြင်းဖြစ်သည်။

မာကိုရူးစ်သည် ဒေါ့မွန်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲပေါင်း ၄၂၄ ပွဲထိ ကစားထားပြီး ပွဲအများဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည့်အပြင် ပြိုင်ပွဲစုံသွင်းဂိုး ၁၆၈ ဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : STA**

# အေဗီလာပရိသတ်တစ်ဦး နှလုံးအမောဖောက်မှုကြောင့် ပွဲကစားချိန် ခေတ္တရပ်ဆိုင်းခဲ့ရ








**လန်ဒန် မေ ၃**

ယူရိုပါကွန်ဖရင့်လိဂ် ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် အေဗီလာအသင်းနှင့် အိုလံပီယာကို့စ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အိုလံပီယာကို့စ်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ထားချိန် ပထမပိုင်း ပွဲကစားချိန်အတွင်း ပွဲကြည့်စင်မှ အေဗီလာအသင်း ပရိသတ်တစ်ဦး နှလုံးအမောဖောက်မှုကြောင့် ပြိုင်ပွဲကို ခေတ္တရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဧည့်သည် အိုလံပီယာကို့စ် အသင်းက ပွဲကစားချိန် ၁၆ မိနစ်နှင့် ပွဲချိန် ၂၉ မိနစ်တွင် အယ်လ်ခါဘီ၏ သွင်းဂိုးနှစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး အေဗီလာအသင်းအနေဖြင့် ချေပဂိုးရရှိရန် ကြိုးစားနေချိန်တွင် အေဗီလာအသင်း ပရိသတ်တစ်ဦး နှလုံး အမောဖောက်မှုကြောင့် ပြိုင်ပွဲကို ရပ်နားထားခဲ့ရပြီး ကစားသမားများအနေဖြင့် ဥမင်လိုဏ်အနီး ကွင်းဘေးတွင်သာ သွေးပူလေ့ကျင့်ခန်းပြုလုပ်၍ အခြေအနေကို စောင့်ဆိုင်းခဲ့ရသည်။

ထို့နောက် အေဗီလာအသင်း ဆေးအဖွဲ့များက ရောဂါခံစားနေသည့် ပရိသတ်တစ်ဦးကို လိုအပ်သည့် ကူညီပေးမှုများ ပြုလုပ်၍ ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီးနောက် ပြိုင်ပွဲကို ဆက်လက်ကစားခဲ့ရာ ပွဲကစားချိန် ၄၅ မိနစ်ကျော်တွင် အိုလီဝက်ကင်းက အေဗီလာအသင်းအတွက် ချေပဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် အေဗီလာအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် ချေပဂိုးရရှိရေး တိုက်စစ်မြှင့်ကစားလာသည့် အေဗီလာအသင်းက ပွဲချိန် ၅၂ မိနစ်တွင် ဒီယာဘီ၏သွင်းဂိုးဖြင့် ချေပဂိုး ထပ်မံသွင်းယူ နိုင်ခဲ့ပြီးနောက် ပြိုင်ပွဲကို ဆက်လက်ဦးဆောင်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အိုလံပီယာကို့စ်အသင်း၏ တန်ပြန်တိုက်စစ်ထက်မြက်မှုကြောင့် ပွဲချိန် ၅၆ မိနစ်တွင် အယ်လ်ခါဘီက ပင်နယ်တီမှ တတိယဦးဆောင်ဂိုး၊ ပွဲချိန် ၆၇ မိနစ်တွင် ဟက်ဒ်ဇီက စတုတ္ထဦးဆောင်ဂိုးများ ဆက်တိုက်သွင်းယူခဲ့ရာ အေဗီလာအသင်း ဖိအားအောက် ကျရောက်ခဲ့ပြီး တိုက်စစ်မြှင့်ကစားခဲ့ရာ ပွဲချိန် ၈၄ မိနစ်တွင် ပင်နယ်တီရရှိခဲ့သော်လည်း ဒေါက်ကလပ်လူးဝစ် ဂိုးမဝင်ခဲ့မှုကြောင့် လေးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်ရန် ခက်ခဲသွားကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**

# ဒူးအရွတ်ဒဏ်ရာရရှိခဲ့သည့် လူးကပ်ဟာနန်ဒက် ကာလရှည်အနားယူရမည်

**ပဲရစ် မေ ၃**

ပီအက်စ်ဂျီအသင်း အဓိကတောင်ပံခံစစ်ကစားသမား လူးကပ်ဟာနန်ဒက် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် အနည်းဆုံး ခြောက်လခန့်ထိ ကာလရှည်အနားယူသွားရမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၈ နှစ်ရှိ လူးကပ်ဟာနန်ဒက်သည် ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ် အဖြစ်ကစားခဲ့သည့် ပီအက်စ်ဂျီအသင်းနှင့် ဒေါ့မွန်အသင်းတို့ ပွဲစဉ်တွင် ပွဲချိန် ၄၂ မိနစ်တွင် ဒူးအရွတ်စုတ်ပြဲဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။

လူးကပ်ဟာနန်ဒက်၏ ဒူးအရွတ် စုတ်ပြဲဒဏ်ရာနှင့်ပတ်သက်ပြီး ဆေးစစ်မှုများပြုလုပ်ခဲ့ရာတွင် ဒဏ်ရာမှာ ပြင်းထန်သဖြင့် အနည်းဆုံး ခြောက်လမှ အများဆုံး ခုနစ်လခန့်ထိ အနားယူရမည်ဖြစ်ပြီး လိုအပ်ပါက ခွဲစိတ်ကုသမှုခံရမည့် အခြေအနေများကြောင့် လာမည့် ၂၀၂၅ ခုနှစ် နှစ်ဆန်းပိုင်းမှသာ ပြန်လည်ပါဝင်နိုင်ဖွယ် ရှိနေသည်။

လူးကပ်ဟာနန်ဒက်သည် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည် အနားယူရမည်ဖြစ်သည့်အတွက် ပီအက်စ်ဂျီအသင်းနှင့် လက်ကျန်ပွဲစဉ်များအပြင် လာမည့်ဘောလုံးရာသီထိ လွဲချော်ရမည်ဖြစ်သည့်အပြင် ပြင်သစ်အသင်းနှင့်လည်း ယူရို ၂၀၂၄ ပြိုင်ပွဲတွင် ပါဝင်နိုင်မည် မဟုတ်တော့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : STA**

# မျက်မှောက်ကာလနှင့်အံဝင်ခွင်ကျမရှိသော ဩစတြေးလျ၏ ကာကွယ်ရေးမဟာဗျူဟာသစ်

ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့သည် စစ်သုံးပစ္စည်းအသစ်များဝယ်ယူခြင်း၊ စစ်လက်နက်ပစ္စည်းထုတ်လုပ်သည့်စက်ရုံများ တည်ဆောက်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ AUKUS အဖွဲ့ကိုအုပ်ချုပ်ထောက်ပံ့မှုများပေးခြင်းနှင့်ကာကွယ်ရေးဦးစီးချုပ်အသစ် ခန့်အပ်ခြင်းအပါအဝင် ကာကွယ်ရေးဆိုင်ရာကြေညာချက်များစွာကို မကြာသေးမီအချိန်အတွင်းက ထုတ်ပြန်ခဲ့သည်။

ဩစတြေးလျ ကာကွယ်ရေးဝန်ကြီးဌာနသည် စစ်လက်နက်ပစ္စည်းများဝယ်ယူရေးအတွက် ဘဏ္ဍာငွေအမြောက်အမြားကို ပုံမှန်သုံးစွဲခြင်းဖြင့်လည်းကောင်း၊ ဝန်ကြီးများအနေဖြင့် အဆိုပါသတင်းများထုတ်ပြန်ကြေညာခြင်းဖြင့်လည်းကောင်း အလုပ်ရှုပ်လျက်ရှိသည်။ သို့သော် ဩစတြေးလျအမျိုးသားကာကွယ်ရေးမဟာဗျူဟာ (National Defense Strategy)သစ်နှင့် ဆက်နွယ်သောနောက်ဆုံးသတင်းသည် တစ်မူထူးခြားလျက်ရှိသည်။

အမျိုးသားကာကွယ်ရေး မဟာဗျူဟာသစ်သည် ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့ (ADF)၏ ကျွမ်းကျင်တပ်ဖွဲ့ဝင်များအပြင် ပြည်သူများကိုလည်း ဆွဲဆောင်စေခဲ့သည်။ ၎င်းမဟာဗျူဟာသည် လာမည့် ဆယ်စုနှစ်တစ်ခုခန့်ကို ကြိုတင်မျှော်မှန်းကာချမှတ်ထားခြင်းဖြစ်သည်။ ၎င်းမဟာဗျူဟာသည် ပြတ်တောင်းပြတ်တောင်း ထုတ်ပြန်လျက်ရှိသောကာကွယ်ရေးစဉ္စုဖြူစာတမ်းများနေရာတွင် အစားထိုးသွားမည်ဖြစ်ပြီး အင်ဒို-ပစိဖိတ်ဒေသအတွင်း ပြောင်းလဲဖြစ်ပေါ်နေမှုများကို အမီလိုက်နိုင်ရန် နှစ်နှစ်လျှင် တစ်ကြိမ် ပြန်လည်သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ၎င်းမဟာဗျူဟာချမှတ်ပြီးနောက် ယခုပတ်အတွင်း၌ပင် ပေါင်းစပ်ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (Integrated Investment Program) ကို ဆက်လက်ထုတ်ပြန်ခဲ့သည်။ ၎င်းအစီအစဉ်အရ လာမည့် ၁၀ နှစ်ကျော်ကာလအတွင်း အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉ ဘီလီယံ သုံးစွဲသွားမည်ဖြစ်သည်။

ဥရောပနှင့်အရှေ့အလယ်ပိုင်းဒေသတွင် အကြီးစားစစ်ပွဲများဖြစ်နေပြီး တရုတ်(ထိုင်ဝမ်)အရေးနှင့် စပ်လျဉ်း၍ တင်းမာမှုများမြင့်လာလျက်ရှိသည့်အပြင် တောင်တရုတ်ပင်လယ်အရေးနှင့်စပ်လျဉ်း၍ လည်း မသေချာမရေရာမှုများ ဖြစ်ပေါ်လျက်ရှိသည့်အချိန်၌ ဩစတြေးလျ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အနာဂတ်တွင် ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲရန် ပြင်ဆင်နေကြောင်းကို ကာကွယ်ရေးမဟာဗျူဟာ၌ ဖော်ပြထားရှိသည်။ အမှန်တော့ ကမ္ဘာလုံးဆိုင်ရာ စွန့်စားရနိုင်ခြေများကြောင့် အမျိုးသားအသေးစိတ်စီမံချက်သစ်တွင် မဟာဗျူဟာမြောက်ငြင်းပယ်ခြင်းကို အလေးထားလျက်ရှိသည်။ ဆိုလိုသည်မှာ ၎င်းမဟာဗျူဟာသည် ရန်လိုသောတပ်ဖွဲ့များက ဩစတြေးလျနိုင်ငံကို တိုက်ခိုက်လာမှုမှ ဟန့်တားသွားရန် ရည်မှန်းထားရှိသည်။

အမှန်တော့ စာမျက်နှာ ၂၀၀ ခန့်ရှိသော အဆိုပါ ထုတ်ပြန်ချက်နှစ်ရပ်စလုံးသည် ကာကွယ်ရေးဝန်ကြီးဌာနကိုထိန်းချုပ်သွားမည့် အစိုးရ၏နည်းလမ်းပင်ဖြစ်သည်။ အထူးသဖြင့် လာမည့်ရွေးကောက်ပွဲအတွက် ကာကွယ်ရေးမူဝါဒနှင့်စပ်လျဉ်း၍ အယ်ဘန်နီအစိုးရအဖွဲ့၏မျှော်မှန်းချက်ကို အချိန်မီထုတ်ပြန်လိုက်ခြင်းပင်ဖြစ်သည်။

အဆိုပါထုတ်ပြန်ချက်များတွင် ပါဝင်သော အလားအလာများနှင့် စီစဉ်ထားသောအသုံးစရိတ်များသည် ရေတိုပြည်တွင်းလိုအပ်ချက်များအပြင် မဟာဗျူဟာမြောက် ရည်မှန်းချက်များလည်းဖြစ်သည်။ မဟာဗျူဟာ၏အဓိကကျောရိုးသည် အမေရိကန်၊ ဗြိတိန်တို့နှင့် မဟာမိတ်ဖွဲ့ထားသော AUKUS အရ နျူကလီးယား ရေငုပ်သင်္ဘောဝယ်ယူရေးအစီအစဉ်ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ သို့သော် ရေငုပ်သင်္ဘောအစီအစဉ်သည် ကာကွယ်ရေးဆိုင်ရာတွင် ဝန်ကြီးအဆင့် အကျိုးစီးပွား၊ ဘတ်ဂျက်ခွဲဝေမှု၊ စက်မှုဖွံ့ဖြိုးတိုးတက်မှုနှင့်လုပ်သားအင်အားခွဲဝေချထားမှုတို့ဖြင့် လွှမ်းမိုးလာလျက်ရှိသည်။ ထို့ပြင် ချက်ချင်းဆောင်ရွက်ရန်လိုအပ်သော အခြားအစီအစဉ် ငါးခုလည်း ရှိနေသည်။ ၎င်းတို့မှာ-

(၁) တာဝေးပစ်ဒုံးကျည်များ ဝယ်ယူခြင်းနှင့် တည်ဆောက်ခြင်း။
(၂) မြောက်ပိုင်းကာကွယ်ရေးအခြေစိုက် အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း။
(၃) လုပ်သားအင်အားစုများအတွက် လုပ်ခလစာနှင့် အခြေအနေကောင်းများကို ဖန်တီးပေးခြင်း။
(၄) ဆန်းသစ်တီထွင်မှုမြှင့်တင်ခြင်း။
(၅) အင်ဒို-ပစိဖိတ် မိတ်ဖက်ဆက်ဆံရေး ပိုမိုနက်ရှိုင်းလာအောင် ဆောင်ရွက်ခြင်းတို့ပင်ဖြစ်သည်။



ဆိုရလျှင် ပေါင်းစပ်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်သည် ဩစတြေးလျ ကာကွယ်ရေးစက်မှုလုပ်ငန်း၌ အများဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်လာမည်ဖြစ်သည်။ အကြောင်းမှုကား ဩစတြေးလျနိုင်ငံအနေဖြင့် ကာလရှည်ကြာအသုံးပြုနိုင်သည့်ကုန်စည်များနှင့်ဝန်ဆောင်မှုကန်ထရိုက်များ ရရှိရေးအတွက် ကြိုးပမ်းလျက်ရှိသည့်အပြင် ပြည်နယ်အစိုးရများအနေဖြင့် အဆိုပါဘတ်ဂျက်ငွေကို ဒေသတွင်း အလုပ်အကိုင်များအတွက် အသုံးပြုသွားရန် စိတ်အားထက်သန်လျက်ရှိသောကြောင့်ပင်ဖြစ်သည်။

ပြည်သူ့အသုံးစရိတ်ကို မှတ်တမ်းတင်ခြင်းသည် ကောင်းမွန်သောအလေ့အထပင်ဖြစ်သည်။ ထိုသို့မှတ်တမ်းတင်ခြင်းကို ဂျွန်ဟောင်ဝဒ်အစိုးရလက်ထက်တွင် စတင်ကျင့်သုံးခဲ့ပြီး ပြည်သူလူထုစစ်ဆေးမှုဖြင့် ကာကွယ်ရေးစီမံကိန်းများကို အချိန်မီအကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ထိုအချိန်မှစ၍ ကာကွယ်ရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှု မှတ်တမ်းမှတ်ရာများကို အသိပေးထုတ်ပြန်မှုနည်းပါးလာလျက်ရှိသည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် လုံခြုံရေးကိုထိန်းသိမ်းသွားဖွယ်ရာရှိသော်လည်း လူထု၏ အသုံးချမှုနှင့် ပြင်ပဝေဖန်မှုများကိုကန့်သတ်သွားလိုဖွယ်ရာရှိသဖြင့် ပြည်သူ့ဘဏ္ဍာငွေအမြောက်အမြား အသုံးပြုမှုအတွက် တာဝန်ယူမှု တာဝန်ခံမှုပုံရိပ် ကျဆင်းလာစေလျက်ရှိသည်။

မဟာဗျူဟာနှင့် ပေါင်းစပ်ရင်းနှီးမြှုပ်နှံမှု အစီအစဉ်သည် ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့ (ADF)အား နိုင်ငံမြောက်ပိုင်း ရေပိုင်နက်အတွင်း စစ်ဆင်ရေးကို ပိုမိုအလေးထားနိုင်ရန် ပြုပြင်ပြောင်းလဲဖွဲ့စည်းသွားမည်ဖြစ်သည်။ အစိုးရသည် ပင်လယ်ရေကြောင်းအပေါ် ပိုမိုအလေးထားနိုင်ရေးအတွက် ရန်ပုံငွေပိုမိုအသုံးပြုနိုင်ရန် ကြည်းတပ်၏အကြီးစားတပ်ဖွဲ့များကို လျှော့ချခြင်း၊ ပင်လယ်ရေကြောင်းပို့ဆောင်ရေးသင်္ဘောများ တည်ဆောက်ရေးဆိုင်ရာ ရေတပ်စီမံကိန်းများ လျှော့ချခြင်းနှင့် F-35 တိုက်လေယာဉ် ထပ်မံဝယ်ခြင်းတို့ကို ဆိုင်းငံ့ထားခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။

မည်သို့ပင်ဆိုစေ အချိန်ကာလကုန်လွန်လာသည်နှင့်အမျှ အနာဂတ်ကြည်းတပ်သည် ပိုမိုရွေ့ပြောင်းလှုပ်ရှားနိုင်ပြီး ကုန်းရေနှစ်သွယ်စစ်ဆင်နိုင်လာမည်ဖြစ်သည်။ ရေယာဉ်စုသည် ပိုမိုခေတ်မီလာမည်ဖြစ်သည်။ လေတပ်သည် ခေတ်မီဆန်းသစ်သော တာဝေးပစ်ဒုံးကျည်များ ပိုင်ဆိုင်လာမည်ဖြစ်ပြီး တိုင်းပြည်၏ ဆိုက်ဘာစွမ်းဆောင်ရည်များကို ပိုမိုမြှင့်တင်သွားမည်ဖြစ်သည်။

သို့သော် အဆိုပါ အပြောင်းအလဲများသည် အချိန်ယူရမည်ဖြစ်သည်။ ၁၀ နှစ်တာကာလအတွင်း ဩစတြေးလျသည် အမေရိကန်ရေတပ်မှ တစ်ပတ်ရစ် ရေငုပ်သင်္ဘောတစ်စင်း လက်ခံရရှိမည်ဖြစ်သော်လည်း လက်ရှိအချိန်မှစ၍ ပြောင်းလဲမှုလုပ်ဆောင်သွားရတော့မည်ဖြစ်သည်။ လက်ရှိအစိုးရနှင့် ယခင်အစိုးရအဆက်ဆက်သည် ဒေသတွင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် ကာကွယ်ရေးတပ်ဖွဲ့ အဆင့်မြှင့်တင်မှုကို အရှိန်အဟုန်မြှင့်တင်သွားမည့် ထုတ်ပြန်ချက်များကို အကြိမ်ကြိမ်ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ သို့သော် မည်သည့်အစိုးရအဖွဲ့မျှ ချက်ချင်းအရေးယူ ဆောင်ရွက်ခဲ့ခြင်းမရှိပေ။ ကာကွယ်ရေးဆိုင်ရာမဟာဗျူဟာနှင့်ပေါင်းစပ်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တို့ကို မထုတ်ပြန်သေးမီ ကာကွယ်ရေးဝန်ကြီး ရစ်ချတ်မာလီက ရေတိုကာကွယ်ရေးဆိုင်ရာ တိုးတက်မှုလုပ်ငန်းများသည် မလိုအပ်တော့ကြောင်း၊ အဆိုပါလက်နက်များသည် အလုပ်မဖြစ်တော့ကြောင်း ပြောကြားသွားခဲ့သည်။

စင်စစ်အားဖြင့် အင်ဒို-ပစိဖိတ် ဒေသတွင်းရှိ အလယ်အလတ်အဆင့်နိုင်ငံများသည် တရုတ်နှင့် အမေရိကန်တို့ကဲ့သို့သော အင်အားကြီးနိုင်ငံများလို တစ်နိုင်ငံတည်း စစ်အင်အားဖြန့်ကြက်နိုင်စွမ်းမရှိသေးပေ။ ဩစတြေးလျနိုင်ငံသည် စိန်ခေါ်မှုများကို လက်ရှိအခြေအနေထက် ပိုမိုရင်ဆိုင်သွားရတော့မည်ဖြစ်သည်။ ထို့ကြောင့် ADF သည် မျိုးဆက်သစ်စွမ်းဆောင်ရည်များ ရင်းနှီးမြှုပ်နှံသွားရန်လိုအပ်ပေသည်။

သို့သော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့အားလုံးပါဝင်သော ကာကွယ်ရေးဆိုင်ရာ အလားအလာသည် ဒီဇိုင်းပိုင်းအရ ကျိုးကြောင်းဆီလျော်ပြီး အကြီးမားဆုံးထောက်ပံ့မှုများ ရှိနေသည့်တိုင်အောင် ADF ၏ အလေးထားဆောင်ရွက်မှုများသည် အောင်မြင်မှုရရှိနိုင်သလားဆိုသောသံသယ ရှိနေဆဲပင်ဖြစ်သည်။ အမှန်တော့ အကြီးစား စစ်လက်နက်ပစ္စည်းများထက် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များကို ပိုမိုလိုအပ်လျက်ရှိသည်။ လေ့ကျင့်သားပြည့်ဝသော လူသားအရင်းအမြစ်များသည် တာဝန်များထိရောက်စွာထမ်းဆောင်မှုအတွက် များစွာအရေးပါလျက်ရှိသည်။

ADF တွင် တပ်ဖွဲ့ဝင်ဦးရေ ၄၄၀၀ ခန့်လိုအပ်လျက်ရှိပြီး ၎င်းတို့အနက် ၁၀ ရာခိုင်နှုန်းသည် အားကိုးအားထားရသည့် လုပ်သားစွမ်းအားကြီးပင်ဖြစ်ကြောင်း မဟာဗျူဟာ၌ ဖော်ပြထားသည်။ တပ်ဖွဲ့ဝင်အင်အား လိုအပ်ချက်ပြဿနာသည် ကာလရှည်ကြာဖြစ်နေပြီဖြစ်သော်လည်း ပြုပြင်ပြောင်းလဲမှုအနည်းငယ်မျှသာ လုပ်ဆောင်နိုင်သည်။ ADF တပ်ဖွဲ့ဝင်များသည် အဆင့်မြင့်တိုက်ပွဲဝင်စွမ်းဆောင်ရည်များ ပိုင်ဆိုင်နိုင်ရေးအတွက် ကာလရှည်ကြာလေ့ကျင့်ရသောကြောင့် လာမည့်ဆယ်စုနှစ်အတွင်း ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်အင်အားကို မူလအနေအထားအတိုင်း အင်ပြည့်အားပြည့် ဖြည့်ဆည်းတည်ဆောက်သွားနိုင်မည်မဟုတ်ပေ။ စစ်လက်နက်ပစ္စည်းအသစ်များဝယ်ယူနေသည့်တိုင်အောင် ကိုင်တွယ်မည့်တပ်ဖွဲ့ဝင်များမရှိလျှင် အသုံးတည့်မည်မဟုတ်ချေ။

တပ်ဖွဲ့ဝင်အင်အားလိုအပ်ချက် မြင့်မားလာခြင်းသည် မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ချို့ယွင်းအားနည်းချက်များ ဖြစ်ပေါ်စေလျက်ရှိသည်။ အဆိုပါမဟာဗျူဟာနှင့် စီမံကိန်းတို့သည် စစ်ဆင်ရေးဆိုင်ရာ ဆန်းသစ်တီထွင်မှုများနှင့်အလျင်အမြန်ပြောင်းလဲဖြစ်ပေါ်နေသော နည်းပညာများတွင် ကြီးကြီးမားမား အလုပ်မဖြစ်တော့ကြောင်းကို ယူကရိန်းပဋိပက္ခက သက်သေပြသလျက်ရှိသည်။

အဆိုပါနည်းပညာများတွင် တိုက်ခိုက်မှု၊ ကင်းထောက်မှုနှင့်အီလက်ထရွန်နစ် အထောက်အကူပြုနှောင့်ယှက်ဟန့်တားနိုင်သော ဒရုန်းများ၊ စွမ်းဆောင်ရည်ထိရောက်သော မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် မည်သူမှပုန်းရှောင်နိုင်စွမ်းမရှိသည့် AI စွမ်းဆောင်ရည်ရှိသော စောင့်ကြည့်စနစ်များ ပါဝင်သည်။

အမျိုးသားကာကွယ်ရေး မဟာဗျူဟာနှင့် ပေါင်းစပ်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တို့သည် ADF အတွက် ၂၀၃၅ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်အတွင်း အကောင်အထည်ဖော်သွားရန် ရည်မှန်းထားသော်လည်း ၂၀၃၅ ခုနှစ်ခန့်မှသာ လက်တွေ့အကောင်အထည်ဖော်နိုင်မည်ဟု မျှော်မှန်းရပေသည်။ ထို့ကြောင့် ADF ၏ကာကွယ်ရေးဆိုင်ရာမဟာဗျူဟာနှင့် ပေါင်းစပ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများသည် လက်ရှိကမ္ဘာ့စစ်မှုရေးရာအခြေအနေများနှင့် အံဝင်ခွင်ကျမရှိတော့သဖြင့် တိုင်းပြည်ကာကွယ်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရာတွင် ပကတိအခြေအနေနှင့် ကင်းကွာလျက်ရှိပေသည်။

**ကိုးကား**

- **Australia's new defense strategy already behind the times By Asia Times.**

**ဝင်းငင်(သုတေသန)**

# မမေ့စေချင်ဇာတ်သဘင် သဘင်ပွဲတော်ကြီး၏ Season 2 မြန်မာဇာတ်သဘင်ဖျော်ဖြေမှုကို Channel K ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်



**ရန်ကုန် မေ ၃**

မမေ့စေချင်ဇာတ်သဘင် သဘင်ပွဲတော်ကြီး၏ Season 2 မြန်မာဇာတ်သဘင်ဖျော်ဖြေမှုကို မေ ၄ ရက်မှစတင်ကာ Channel K ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း အဆိုပါ သဘင်ပွဲတော်ကြီးတွင် ပါဝင်ဖျော်ဖြေမည့် သဘင်မင်းသား မန်းပန်တျာ ချစ်စွမ်းသာက ပြောပြ၍ သိရသည်။

မမေ့စေချင်ဇာတ်သဘင်ပွဲတော်ကြီး၏ Season 2 မြန်မာဇာတ်သဘင် ဖျော်ဖြေမှုကို Channel KTV ရုပ်သံလိုင်းအပြင် Channel K Entertainment YouTube Channel မှလည်း တစ်ပြိုင်နက်တည်း တိုက်ရိုက်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ဇာတ်သဘင်ကို ချစ်မြတ်နိုးတဲ့ သဘင်ချစ်ပရိသတ်တွေအတွက် Channel K ရုပ်သံလိုင်းကနေ ထပ်မံစီစဉ်တင်ဆက်ပေးလိုက်တဲ့ မမေ့စေချင်ဇာတ်သဘင် သဘင်ပွဲတော်ကြီးရဲ့ Season 2 ကို မေ ၄ ရက် ည ၉ နာရီမှာ တိုက်ရိုက်ထုတ်လွှင့်မှာဖြစ်ပါတယ်။ အားပေးကြည့်ရှုပေးကြပါအုံး"ဟု သဘင်မင်းသား မန်းပန်တျာ ချစ်စွမ်းသာက ပြောပြသည်။

မမေ့စေချင် ဇာတ်သဘင် သဘင်ပွဲတော်ကြီး၏ Season 2 တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်တွင် မန်းပန်တျာချစ်စွမ်းသာ ဇာတ်သဘင်အဖွဲ့နှင့်အတူ မြို့ရွှေမန်းသား ဖိုးချစ်ဇာတ်သဘင်အဖွဲ့၊ မန်းပန်တျာပိုင်ထက်ဝေ ဇာတ်သဘင်အဖွဲ့တို့က အော်ပရာများ၊ နှစ်ပါးသွားအကအလှများ၊ အခြားဇာတ်သဘင်အစီအစဉ်များစွာဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Naked Gun ဇာတ်ကားသစ်၌ မင်းသား ပေါ်ဝေါ်တာဟောဆာ ပါဝင်မည်

**နယူးယောက် မေ ၃**

Paramount ရုပ်ရှင်ကုမ္ပဏီက ပြန်လည်ဆန်းသစ် ရိုက်ကူးမည့် Naked Gun ဇာတ်ကားသစ်တွင် မင်းသား ပေါ်ဝေါ်တာဟောဆာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၂ ရက် သတင်းများအရ သိရသည်။

Naked Gun ဇာတ်ကားသစ်တွင် မင်းသားပေါ်ဝေါ်တာဟောဆာသည် မင်းသား လီအမ်နီဆင်၊ မင်းသမီး ပါမီလာအန်ဒါဆင်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Naked Gun ဇာတ်ကားသစ်ကို ဒါရိုက်တာအကီဗာရှက်ဖာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ဂျင်အက်ဘရာဟမ်က ရေးသားပေးထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား လီအမ်နီဆင်က အဓိကဇာတ်ကောင်ရဲ့အရာရှိ ဖရင့်ဒရီဘင်ဂျူနီယာအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Naked Gun ဇာတ်ကားသစ် ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းများကို Paramount ကုမ္ပဏီက စတင်နေပြီဖြစ်သည်။

Naked Gun ဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ရုံတင်ရန် Paramount ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင်များကို ၂၀၂၄ ခုနှစ် ဧပြီလအတွက် လစဉ်ပံ့ပိုးကြေးများ ထုတ်ပေးလျက်ရှိ

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင်များကို ၂၀၂၄ ခုနှစ် ဧပြီအတွက် လစဉ်ပံ့ပိုးကြေးများကို မေ ၁ ရက်မှစ၍ ရုပ်ရှင်အစည်းအရုံးတွင် ထုတ်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီး ရုပ်ရှင်ပညာရှင်ဦးရေ ၅၀ ကို လစဉ်ပံ့ပိုးကြေးများ ထုတ်ပေးနေရာ သက်ကြီးရုပ်ရှင်ပညာရှင်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ကို မပျက်မကွက် လစဉ်ထုတ်ပေးလျက်ရှိသကဲ့သို့ ရုပ်ရှင်အစည်းအရုံးဝင်အလွှာအသီးသီးမှ အနုပညာရှင်၊ အတတ်ပညာရှင်များကိုလည်း အခါအားလျော်စွာ ပံ့ပိုးကြေးများ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။



"သက်ကြီးအနုပညာရှင်၊ အတတ်ပညာရှင် အယောက် ၅၀ ကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ်ထုတ်ပေးနေပါတယ်။ ဧပြီလအတွက် ပံ့ပိုးကြေးတွေကို မေ ၁ ရက်ကနေ စတင်ပြီးတော့ ထုတ်ပေးနေတာဖြစ်ပါတယ်။ အလားတူ ရုပ်ရှင်အစည်းအရုံး အလွှာအသီးသီးက အနုပညာရှင်၊ အတတ်ပညာရှင်တွေကိုလဲ အလှူရှင်တွေနဲ့ အစည်းအရုံးရဲ့ ရန်ပုံငွေတွေ ပေါင်းစပ်ပြီးတော့ ရုပ်ရှင်လောကသားတွေအတွက် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးသေတ္တာ စတဲ့စားသောက်ကုန်တွေ ပံ့ပိုးပေးခဲ့ပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

ASH

# Fast and Furious 11 ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်း ၂၀၂၅ ခုနှစ်တွင်စတင်ရန်စီစဉ်

**နယူးယောက် မေ ၃**

နောက်ဆုံး Fast and Furious 11 ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို ၂၀၂၅ ခုနှစ်တွင် စတင်ရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားကြောင်း မေ ၂ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် ၁၁ ကားမြောက် Fast and Furious ဇာတ်ကားဖြစ်ပြီး မူလ Fast and Furious ဇာတ်ကားများမှ သရုပ်ဆောင်များ ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

၂၀၀၁ ခုနှစ်တွင် စတင်ရုံတင်ပြသခဲ့သည့် Fast and Furious ဇာတ်ကားများတွင် မင်းသား ဗင်ဒီဆယ်၊ တိုင်ရီစ်ဘစ်ဆင်၊ မီချဲရိုဒရီဂက်၊ ဂျော်ဒါနာဘရူးစတားစသည့် နာမည်ကျော် သရုပ်ဆောင်များ ပင်တိုင် ပါဝင်ခဲ့ကြသည်။


Fast and Furious 11 ဇာတ်ကားတွင်မူ မင်းသား ဒွင်းဂျွန်ဆင်နှင့် ဂျေဆင်မိုမိုအာတို့လည်း ပါဝင်မည်ဖြစ်သည်။

Fast and Furious 11 ဇာတ်ကားကို ဒါရိုက်တာ လူးဝစ်လက်တာရီးယားက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Fast and Furious 11 ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဧပြီလအတွင်း ရုံတင်ရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# လန်ချန်း-မဲခေါင်ပုံရိပ်အမြင် ဗီဒီယိုမှတ်တမ်းတိုပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဗီဒီယိုမှတ်တမ်းတိုဖန်တီးသူများ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထား

**ရန်ကုန် မေ ၃**

China News Service က ကျင်းပနေသည့် လန်ချန်း-မဲခေါင် ပုံရိပ်အမြင် ဗီဒီယိုမှတ်တမ်းတိုပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဗီဒီယိုမှတ်တမ်းတိုဖန်တီးသူများ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နိုင်ငံတကာ ဆက်ဆံရေးဌာနမှ ပြန်ကြားရေး တာဝန်ခံ ဦးချမ်းသာကြည်စိုးက ပြောပြ၍ သိရသည်။

လန်ချန်း-မဲခေါင် ပုံရိပ်အမြင် ဗီဒီယိုမှတ်တမ်းတို ပြိုင်ပွဲကို လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ယန္တရားထူထောင်ခြင်း ရှစ်နှစ်ပြည့်ကာလတွင် China News Service က ကြီးမှူးကျင်းပနေခြင်းဖြစ်ပြီး လန်ချန်း-မဲခေါင်ဒေသတွင် ပါဝင်သည့် မြန်မာနိုင်ငံအပါအဝင် ခြောက်နိုင်ငံမှ ပြိုင်ပွဲဝင်များ၏ဗီဒီယိုမှတ်တမ်းတိုလက်ရာများကို စက်တင်ဘာလကုန်ထိ လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

"လန်ချန်း-မဲခေါင် ပုံရိပ်အမြင် ဗီဒီယိုမှတ်တမ်းတိုပြိုင်ပွဲအတွက် မဲခေါင်ဒေသနိုင်ငံတွေဖြစ်တဲ့ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနဲ့ တရုတ်နိုင်ငံက ပြိုင်ပွဲဝင်တွေရဲ့သုံးမိနစ်စာ ဗီဒီယိုမှတ်တမ်းတိုတွေကို စက်တင်ဘာလထိ လက်ခံပေးသွားမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင် ဗီဒီယိုမှတ်တမ်းတိုဖန်တီးသူတွေဟာ လန်ချန်း-မဲခေါင်မြစ်ကမ်းနှစ်ဖက်ရှိတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ ပြည်သူအချင်းချင်း ကူးလူးဖလှယ်တဲ့ရှုခင်းတွေကို မှတ်တမ်းတင် ရိုက်ကူးရမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နိုင်ငံတကာ ဆက်ဆံရေးဌာနမှ ပြန်ကြားရေးတာဝန်ခံ ဦးချမ်းသာကြည်စိုးက ပြောပြသည်။

ပြိုင်ပွဲဝင်ဗီဒီယိုမှတ်တမ်းတိုများကို http://www.ecns.cn/cns-wire/2024-04-29/detail-ihczzkiq6812202.shtml လင့်မှတစ်ဆင့် ပေးပို့ရမည်ဖြစ်ပြီး ဆုများကို ရွေးချယ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ပြန်ကြားရေးတာဝန်ခံ ဦးချမ်းသာကြည်စိုးက ပြောပြ၍ သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends opening ceremony of 59th Myanma Gems Emporium (2024)


A video clip shown featuring production and sales of gems and jewelries and preparations for 59th Myanma Gems Emporium.

**Nay Pyi Taw May 3**

The opening ceremony of the 59th Myanma Gems Emporium was held at the Maniradana Jade Hall in Nay Pyi Taw this morning and Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended the ceremony.

Also present together with the Senior General were Joint Secretary Lt-Gen Ye Win Oo and members General Mya Tun Oo, General Maung Maung Aye, Lt-Gen Yar Pyae, Daw Dwe Bu, Mahn Nyein Maung and U Shwe Kyaine of the SAC, union ministers and union level officials, the chairman of the Nay Pyi Taw Council, senior officers from the office of the Commander-in-Chief of Defence Services, the commander of the Nay Pyi Taw Command, departmental officials, responsible officials from Myanmar Gems Entrepreneurs Association, guests and local and foreign gems entrepreneurs.

First, the Senior General and attendees watched the documentary video clip featuring production and sales of Myanmar pearls, production of gems and jewelries and preparations for the 59th Myanmar Gems Emporium (2024).

Then, the Senior General and attendees inspected the jade, gems and pearl lots displayed for sales at the hall and the Senior General gave necessary instructions on reports of officials.

Afterward, the Senior General and party viewed the sale booths of private finished gems and jewelries and inspected the raw jade lots displayed outside the hall.

Myanma Gems Emporiums have been held since 1964 with the aim of earning foreign exchange for the country and contributing to the economic interests of citizens. A total of 400 pearl lots, 160 gems lots and 4,550 jade lots will be sold to local and foreign gems entrepreneurs in accordance with the rules and regulations through the open tender system. The floor prices of pearl, jade and gems lots in group A and B are set in US dollar while the floor prices of jade lots in group C are set in MMK. Foreign gems entrepreneurs who want to buy pearl, jade and gems lots in groups A and B are required to make advance payments in US dollar or equivalent sums in Euro, Yuan and Baht. Local gems entrepreneurs can make advance payments in MMK. Advance payments for jade lots in group C, which are allowed for local entrepreneurs, can be made in MMK.

Local and foreign entrepreneurs can make payments for jade lots in group A in US$ or equivalent sums in Euro, Thai Baht or Yuan. Payments for pearl, gems and jade lots in group B can be made in US$ or equivalent sums in Euro, Bhat and Yuan. As for local merchants, payments can be made in US$ or equivalent sums in MMK. Gems will be sold to local and foreign entrepreneurs in accordance with the rules and regulations of the open tender system. The emporium will last from 3 to 12 May. 100


Senior General Min Aung Hlaing views jewelries on display.


Senior General Min Aung Hlaing studies gem lots.


Senior General Min Aung Hlaing views pearl lots.


Senior General Min Aung Hlaing inspects a raw jade piece.

# Successful harvest of winter sunflower in Minkin Township signals growth in agriculture sector


A sunflower plantation.

**Minkin May 3**

According to data from the Minkin Township Department of Agriculture, the winter crop season witnessed the successful harvesting of 16,335 acres of sunflower in Minkin Township, Kale District, Sagaing Region.

Throughout the 2023-2024 winter crop season, sunflower crops in Minking Township have been under harvest since February of this year, yielding an average of 29.02 baskets per acre.

Daw Heyman Kyaw Win, head of Minkin Township's Agriculture Department, highlighted, "During the winter crop planting, 16,335 acres of sunflower crops were sown, and the current harvest is complete. Sunflowers thrive in the winter season, and efforts to enhance their cultivation are paying off."

In the 2023-2024 winter crop planting season, 16,328 acres of sunflowers were initially planned for cultivation in Minkin Township, with all 16,335 acres sown between October and December 2023. Last year, during the same season, 16,328 acres were planted.

To further expand sunflower cultivation, the township's Department of Agriculture has accelerated educational training programs. Both staff and farmers involved in sunflower cultivation have undergone training courses aimed at improving their productivity and well-being. Additionally, farmers in Minkin Township received seeds, and arrangements were made to provide Eudia fertilizer at a reduced cost to support sunflower cultivation endeavors. 206

# More than 3,000 acres of maize and corn harvested in Htigyaing Township

**Htigyaing May 3**

According to Htigyaing Township Agriculture Department, a total of 3,860 acres of maize and corns have been harvested as cold season crops in Htigyaing Township of Sagaing Region.

In this regard, maize yielded 51.02 baskets per acre in 1,161 acres and corns 15,000 pieces of corns in 2,699 acres in 2023-24 financial year.

"Htigyaing Township planted 3,860 acres of maize and corns and these have been harvested so far. Staff members of Township Agriculture Department educate local farmers to have knowledge about thriving crops and prevention of pesticide. Local farmers expand sown acreage of maize year after year due to grasping a good market," said U Ko Ko Aung, Head of Htigyaing Township Agriculture Department.

The township earmarked 3,182 acres of maize and corns in 2023-24 financial year but local farmers have cultivated 3,860 acres exceeding the target.


Newly harvested maize.

Agricultural staff raised awareness of local farmers to prevent FAW and use multi-crop prevention techniques with the use of neem pesticide, ginger and chilli.

In 2022-23 FY, local farmers grew 3,182 acres of maize and corns in Htigyaing Township. 206

# 1,906 acres of summer sesame grown in ChaungU Township, Sagaing Region, during 2023-2024 FY

**Monywa May 3**

According to the Department of Agriculture, 1,906 acres of summer sesame have been planted in ChaungU Township, Monywa District, Sagaing Region, during the 2023-2024 summer crop planting season.

More than 2,000 acres have been earmarked for planting this season, with over 1,900 acres already planted. Efforts are underway to meet this year's summer sesame crop quota.

Daw Khin Myat Oo, Township Head of the Department of Agriculture, stated that in the previous year's summer planting season, 3,070 acres of summer sesame were planted in the township. This year, there is potential to expand the cultivation of spring sesame, using Good Agricultural Practices (GAP) methods and high-yielding varieties.

The township agriculture department is providing awareness programs for GAP crop cultivation to ensure better quality, higher prices, and access to both domestic and foreign markets. Farmers adopting the GAP system are expected to improve their socio-economic status. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# KhinU Township harvests more than 8,000 acres of kitchen crops

**KhinU May 3**

Local farmers of KhinU Township have harvested 8,313 acres of kitchen crops, according to the township Agriculture Department.

In 2023-24 financial year, local farmers started harvesting of kitchen crops in February.

"Local farmers could grow kitchen crops exceeding the target. Our department urges them to use GAP system and prevent pests for boosting production," said U Nay Win Naing, Head of KhinU Township Agriculture Department.

In the township, chilli yielded 1,051 viss per acre in 443 acres of croplands, onion 5,000 viss in 4,942 acres, garlic 2,990 viss in 1,280 acres of croplands and potato, 4,550 viss in 1,648 acres.

Local farmers grew 8,313 acres of kitchen crops in 2023-24 FY exceeding the target of 6,315 acres.

Agricultural staff helped local farmers boost per-acre yield of crops with agricultural techniques, prevent pests and improve soil layers.

In 2022-23 FY, the township earmarked cultivation of 6,372 acres of kitchen crops but local farmers planted 8,165 acres of crops from October to December 2022. 206


Photo shows harvested garlic in a field.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အီတလီနိုင်ငံက ယူကရိန်းသို့ Storm Shadow ခရုဇ်ဒုံးကျည်များပေးပို့ခဲ့




ယူကရိန်းပဋိပက္ခအတွင်း အီတလီနိုင်ငံသည် ယူကရိန်းသို့ Storm Shadow ခရုဇ်ဒုံးကျည်များပေးပို့ခဲ့ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး Grant Shapps က ထုတ်ဖော်ပြောကြားခဲ့သည်ဟု Defense Post သတင်းဌာနက မေ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဝေဟင်မှပစ်လွှတ်သော MBDA ကုမ္ပဏီထုတ် ခရုဇ်ဒုံးကျည်ကို ၂၀၂၃ ခုနှစ် မေလတွင် ဗြိတိန်နိုင်ငံက ယူကရိန်းသို့ ပထမဆုံး ပို့ဆောင်ပေးခဲ့ပြီးနောက် ပြင်သစ်နိုင်ငံက ထပ်မံပေးပို့ခဲ့ကြောင်း သိရသည်။

"Storm Shadow ဟာ ထူးခြားတဲ့ ဒုံးကျည်လက်နက်တစ်ခုလို့ ကျွန်တော်ထင်ပါတယ်။ အထူးသဖြင့် ကရိုင်းမီးယားမှာ ဒီလက်နက်တွေ အသုံးပြုဖို့အတွက် ဗြိတိန်၊ ပြင်သစ်နဲ့ အီတလီတို့ကသီးခြားစီ ပံ့ပိုးပေးနေတာဖြစ်ပါတယ်။ နိုင်ငံသုံးနိုင်ငံကလာတဲ့ ဒီလက်နက်တွေက သိသိသာသာ ကွာခြားပါတယ်"ဟု Shapps က ပြောပြသည်။

သို့သော်လည်း အီတလီနိုင်ငံသည် ယူကရိန်းသို့ ခရုဇ်ဒုံးကျည်များပေးပို့ခဲ့သည်ကို တရားဝင်မကြေညာခဲ့ပေ။ ဗြိတိန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Shapps ၏ မှတ်ချက်ကို အီတလီကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက မှတ်ချက်တစ်စုံတစ်ရာပေးရန် ငြင်းဆိုခဲ့ကြောင်း Defense News ကာကွယ်ရေး သတင်းတွင် ဖော်ပြထားသည်။

၁၉၉၉ ခုနှစ်တွင် အီတလီက Storm Shadows အလုံး ၂၀၀ ကို ဝယ်ယူခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် လစ်ဗျား၌ NATO စစ်ဆင်ရေးအတွင်း ခရုဇ်ဒုံးကျည်များကို ဖြန့်ကြက်အသုံးပြုခဲ့ဖူးသည်ဟု သိရသည်။ ပြီးခဲ့သည့်နှစ်က အီတလီနိုင်ငံသည် ပြင်သစ်နိုင်ငံနှင့်ညှိနှိုင်းပြီး ယူကရိန်းသို့ SAMP/T လေကြောင်းရန်ကာကွယ်ရေးစနစ် ပံ့ပိုးပေးခဲ့ပြီးဖြစ်သည်။ ယခုနှစ်အစောပိုင်းတွင် အီတလီနိုင်ငံ ပါလီမန်သည် ယူကရိန်းအား စစ်ရေးပံ့ပိုးမှုကို ၂၀၂၄ ခုနှစ်ထိ သက်တမ်းတိုးရန် အတည်ပြုခဲ့သော်လည်း ပံ့ပိုးပေးအပ်မည့် စစ်လက်နက်အကူအညီများနှင့် ပတ်သက်၍ လျှို့ဝှက်ထားဆဲဖြစ်သည်။ အချို့သောသတင်းရင်းမြစ်များအဆိုအရ အီတလီနိုင်ငံသည် Stinger မြေပြင်မှ ဝေဟင်ပစ်ပခုံးထမ်းဒုံးကျည်များ၊ မော်တာကျည်များ၊ မီလန် သို့မဟုတ် Panzerfaust တင့်ဖျက်လက်နက်များ၊ Browning အကြီးစား စက်သေနတ်များ၊ PzH 2000 ဟောင်ဝစ်ဇာ အမြောက်ယာဉ်များနှင့် စစ်ဘက်သုံးမော်တော်ယာဉ်များကိုပေးပို့ရန် စီစဉ်နေကြောင်း သိရသည်။

ဆက်လက်၍ တစ်ဖက်ကလည်း အမေရိကန် ကာကွယ်ရေးဝန်ကြီး Lloyd Austin က Patriot ဒုံးကျည်စနစ်များရှိသည့် နိုင်ငံများကို ယူကရိန်းသို့ ထပ်မံပံ့ပိုးပေးသွားရန် တိုက်တွန်းထားကြောင်း Defense Post သတင်းဌာနက မေ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

"Patriot ဒုံးကျည်စနစ်တွေရှိတဲ့နိုင်ငံတွေက ကျွန်တော်တို့ တောင်းဆိုထားတဲ့အတိုင်း လိုက်ပါလုပ်ဆောင်ပေးနေပါတယ်၊ နိုင်ငံတော်တော်များများရဲ့ ခေါင်းဆောင်တွေနဲ့ ကျွန်တော် စကားပြောခဲ့ပြီးပါပြီ။ ပြီးခဲ့တဲ့ နှစ်ပတ်လောက်က ကျွန်တော်ကိုယ်တိုင် ဒီထက်ပိုပြီးစွမ်းဆောင်ရည်တွေကို ယူကရိန်းကို တပ်ဆင်ပေးနိုင်ဖို့ ဒါမှမဟုတ် ပို့စွမ်းဆောင်နိုင်စေဖို့ သူတို့ကို တိုက်တွန်းအားပေးခဲ့တယ်"ဟု နိုင်ငံများကို အမည်မဖော်ပြဘဲ Austin က ပြောကြားခဲ့သည်။

စပိန်၊ ဂရိ၊ ဂျာမနီ၊ နယ်သာလန်၊ ပိုလန်နှင့် ဆွီဒင်တို့အပါအဝင် ဥရောပသမဂ္ဂနိုင်ငံအသီးသီးတွင် အဆိုပါ Patriot ဒုံးကျည်စနစ်များ ပိုင်ဆိုင်ထားသည်။ ယူကရိန်းသမ္မတ Volodymyr Zelensky က ရုရှား၏လေကြောင်းတိုက်ခိုက်မှုကို တန်ပြန်ရန် ၎င်း၏နိုင်ငံသည် နောက်ထပ် Patriot ဒုံးကျည်စနစ်များ သို့မဟုတ် အခြားအဆင့်မြင့် လေကြောင်းရန်ကာကွယ်ရေးစနစ် ခုနစ်စုံထပ်မံအားဖြည့်ရန်လိုအပ်ကြောင်း NATO အဖွဲ့ဝင်နိုင်ငံများကို ဧပြီလအစောပိုင်းတွင် ပြောကြားခဲ့ကြောင်း သိရသည်။

**Italy Delivered Storm Shadow Missiles to Ukraine: UK Def Secretary နှင့် Pentagon Chief Pushes for Donation of More Patriot Systems to Kyiv ကို ဘာသာပြန်ဆိုထားပါသည်။**

## ICC က အစ္စရေးအရာရှိများအပေါ် စုံစမ်းစစ်ဆေးပိုင်ခွင့်မရှိဟု အမေရိကန်ပြောကြား

နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) သည် အစ္စရေးအရာရှိများအပေါ် စုံစမ်းစစ်ဆေး၊ စီရင်ပိုင်ခွင့်မရှိဟု အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဗင်ဒန့်ပတ်တဲလ်က ဧပြီ ၃၀ ရက်တွင် ပြောကြားခဲ့သည်ဟု ရုရှားနိုင်ငံပိုင် RT သတင်းဌာနက မေ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂါဇာတွင် ဖြစ်ပွားနေသောစစ်ပွဲသည် သတ္တမမြောက်လသို့ ရောက်ရှိလာတော့မည်လည်းဖြစ်သည်။ ဂါဇာတွင် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (IDF)၏လုပ်ဆောင်မှုများနှင့်ပတ်သက်ပြီး Hague အခြေစိုက်တရားရုံးက အစ္စရေးခေါင်းဆောင်များကို ဖမ်းဝရမ်းထုတ်နိုင်သည်ဟု ၎င်း၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ စုံစမ်းစစ်ဆေးသူများသည် အစ္စရေးအရာရှိများကို တိုက်ရိုက်ပစ်မှတ်ထားမည်ဆိုပါက အစ္စရေးသည် ဖြစ်နိုင်ခြေရှိသော အပစ်အခတ်ရပ်စဲရေးမှ ရှောင်ထွက်သွားနိုင်ကြောင်း G7 နိုင်ငံများက ICC သို့ လျှို့ဝှက်အကြောင်းကြားခဲ့သည်ဟု Bloomberg သတင်းဌာနက ဧပြီ ၂၈ ရက်တွင် ရေးသားခဲ့သည်။

၎င်း၏နိုင်ငံသားများအပေါ် ICC ၏ စီရင်ပိုင်ခွင့်အာဏာကို အသိအမှတ်မပြုသော်လည်း အချို့ကိစ္စရပ်များတွင် အမေရိကန်သည် တရားရုံးနှင့်ပူးပေါင်းဆောင်ရွက်နေကြောင်း ပတ်တဲလ်က ပြောကြားခဲ့သည်။

"အဓိကကျတဲ့ နေရာအတော်များများမှာ ICC နဲ့ နီးနီးကပ်ကပ် လုပ်ဆောင်နေပါတယ်။ ယူကရိန်း၊ ဒါဖာ၊ ဆူဒန်တို့နဲ့ သက်ဆိုင်တဲ့ အရေးကြီးအလုပ်တွေကို သူတို့ လုပ်နေတယ်လို့ ကျွန်တော်တို့ထင်ပါတယ်။ ဒါပေမဲ့ နောက်တစ်ချက်က ဒီကိစ္စမှာတော့ စိတ်မကောင်းပါဘူး။ သူတို့မှာ တရားစီရင်ပိုင်ခွင့်မရှိဘူး"ဟု ၎င်းက ထပ်လောင်း ပြောကြားခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် Benjamin Netanyahu၊ ကာကွယ်ရေးဝန်ကြီး Yoav Gallant နှင့် IDF စစ်ဦးစီးချုပ် Herzi-Halevi သည် ICC က ဖမ်းဝရမ်းထုတ်ရန် ပစ်မှတ်ထားခံရမည်ကို အနောက်ဂျေရုဆလင်ရှိ တာဝန်ရှိသူများက စိုးရိမ်နေကြောင်း Times of Israel သတင်းဌာနက ဖော်ပြခဲ့သည်။ ဧပြီ ၂၉ ရက်က ထုတ်ပြန်ခဲ့သည့် ဗီဒီယိုဖိုင်တစ်ခုတွင် နေတန်ယာဟုက အလားအလာရှိသော ဖမ်းဝရမ်းထုတ်နိုင်မှုအပေါ် သမိုင်းဝင်အချိုးအကွေ့အဖြစ် ဒေါသတကြီးတုံ့ပြန်မည်ဟုဖြစ်တင်ဝေဖန်ခဲ့သည်။

အစ္စရေးခေါင်းဆောင်များနှင့်စစ်သည်များကို စစ်ရာဇဝတ်ကောင်များအဖြစ် တံဆိပ်တပ်ခြင်းသည် ဂျူးဆန့်ကျင်ရေးတွင် မီးလောင်ရာ လောင်စာလောင်းလုပ်နေခြင်းသာဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။ ICC သည် အစ္စရေး၏ ခုခံကာကွယ်နိုင်စွမ်းကို အားနည်းသွားစေရန် တမင်လုပ်ဆောင်ခြင်းဖြစ်သည်ဟု စွပ်စွဲခဲ့သည်။ အမေရိကန်နိုင်ငံကဲ့သို့ပင် အစ္စရေးနိုင်ငံသည် ICC အဖွဲ့ဝင်နိုင်ငံမဟုတ်ပေ။

ပါလက်စတိုင်းစစ်သွေးကြွအဖွဲ့ ဟားမတ်စ် ပျောက်ကွယ်မသွားမချင်း အစ္စရေးစစ်ဘက်၏ လုပ်ရပ်များရပ်တန့်သွားမည်မဟုတ်ဟု နေတန်ယာဟုက ထပ်လောင်းပြောကြားခဲ့ပြီး ဂါဇာကမ်းမြောင်သည် အစ္စရေးကို မည်သည့်အခါမျှခြိမ်းခြောက်မလာနိုင်သည်ထိ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။

ဇန်နဝါရီလတွင် သီးခြားတရားစီရင်ရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)က ဂါဇာရှိ IDF ၏ လုပ်ရပ်များသည် လူမျိုးတုံးသတ်ဖြတ်မှုအဖြစ် ရှုမြင်နိုင်သည်ဟု ဆုံးဖြတ်ခဲ့သည်။ တရားရုံးသည် တောင်အာဖရိကနိုင်ငံမှ အစ္စရေးအပေါ်တင်သွင်းသည့်အမှုကို လောလောဆယ် စစ်ဆေးနေပြီး ကျိုးကြောင်းဆီလျော်မှုအပေါ် စီရင်ချက်ချရန် နှစ်ပေါင်းများစွာ ကြာနိုင်သည်။ အစ္စရေးသမ္မတ Isaac Herzog က ICJ ၏ ဆုံးဖြတ်ချက်ကို ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်အဖြစ် ပြစ်တင်ရှုတ်ချခဲ့သည်။



အစ္စရေးနှင့် ဟားမတ်စ်တို့ကြားလက်ရှိဖြစ်ပွားနေသည့် တိုက်ပွဲများသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်ကစတင်ခဲ့ပြီး ပါလက်စတိုင်းစစ်သွေးကြွများက အစ္စရေးပိုင်နက်ကိုတိုက်ခိုက်ခဲ့ရာ လူ ၁၁၀၀ ကျော်သေဆုံးကာ ဦးရေ ၂၅၀ ကျော် ပြန်ပေးဆွဲခဲ့သည်။ ဆက်လက်၍ အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုနှင့် မြေပြင်ထိုးစစ်ဆင်မှုများအတွင်း ဂါဇာတွင် ပါလက်စတိုင်းဦးရေ ၃၄၀၀၀ ကျော် သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ပိုမိုဆိုးရွားလာနေသည့်အတွက် ကုလသမဂ္ဂသည် စစ်ပွဲ၏ဆိုးကျိုးများအပြင် ငတ်မွတ်ခေါင်းပါးမှုနှင့် ထောက်ပံ့ရေးပစ္စည်းများ ပြတ်လပ်မှုဒဏ်ကို ခံလာရနိုင်ကြောင်း ထပ်ခါတလဲလဲ သတိပေးနှိုးဆော်ထားသည်။

**ICC has no right to investigate Israel – Washington ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## လွဲကြ၊ မှားကြ၊ "က" နှင့် "မှ"။ လွဲလွဲမှားမှား "ကို နှင့် အား"

'က' နှင့် 'မှ' အသုံးအနှုန်းလွဲမှားတတ်ကြသည်။ 'ကို' နှင့် 'အား' လည်း အသုံးအနှုန်း လွဲမှားတတ်ကြသည်။ 'က' နှင့် 'မှ' အသုံး လွဲမှားတတ်ကြသည်ဟု ဆိုရာတွင်လည်း 'မှ' ကို သုံးရမည့်နေရာတွင် 'က' ကို သုံးပြီး လွဲမှားကြခြင်းမျိုးမဟုတ်ဘဲ 'က' ကို သုံးရမည့်နေရာတွင် 'မှ'ကို တွင်တွင်ကြီး မှားသုံးကြခြင်းဖြစ်သည်။ မလိုအပ်ဘဲ တစ် 'မှ' တည်း 'မှ' နေကြသော အလွဲများ၊ အမှားများဖြစ်သည်။

'ကို' နှင့် 'အား' အသုံးအနှုန်းလွဲမှားတတ်ကြသည်မှာလည်း 'အား' ကို သုံးရမည့်နေရာတွင် 'ကို' ကို မှားသုံးကြခြင်းမျိုးမဟုတ်ဘဲ 'ကို' ကိုသုံးရမည့်နေရာတွင် 'အား' ကို တွင်တွင်ကြီး မှားသုံးကြခြင်းဖြစ်သည်။ 'အား' များလေလေ ကောင်းလေလေဟုထင်ပြီးများ တစ် 'အား' တည်း 'အား' နေကြရော့လေသလားဟုပင် ထင်ရလောက်ပေသည်။

'က'နှင့် 'မှ'၊ 'ကို' နှင့် 'အား' အသုံးမမှားသင့်ကြောင်းကို သူသူငါငါလူတကာကို ပြောကြ ဟောကြ ရေးသားကြသည်ကို နာရ ကြားရ ဖတ်ရှုရသည့်အကြိမ်ပေါင်းလည်း များလှချေပြီ။ သို့ရာတွင် 'က' နှင့် 'မှ'၊ 'ကို' နှင့် 'အား' ကို လွဲလွဲမှားမှားအသုံးလွှင့်ကြဆဲ၊ ရေးသားနေကြဆဲဖြစ်သည်ကို ရှောင်မရ လွှဲမရ ကြားနေ ဖတ်နေရသည်မှာ အတော်ပင်စိတ်မချမ်းမြေ့ဖွယ်ဖြစ်ပေသည်။

'ဝတ္ထုနိပါတ်၊ ပိဋကတ်နှင့် လျှာပြတ်အောင်၊ ဟောသော်လည်း၊ ဟောရင်းသာပျံတော်မူရမည်' ဟူ၍ ဆရာကြီး စလေဦးပုည ညည်းသကဲ့သို့ ညည်းညူရင်း၊ 'ကြောင်းကျိုးခိုင်လှ၊ သာဓကဖြင့်ထုတ်ပြကာ ရေးသော်လည်း၊ ရေးရင်းသာ ကလောင်တုံးပြီး၊ သေဆုံးဖွယ်ရှိချေတော့မည်' ဟု သက်ပြင်းချရင်းပင် ဤဆောင်းပါးကို ရေးလိုက်ရပြန်ပါသည်။

ဦးစွာပထမ 'က' နှင့် 'မှ' အကြောင်းကို ရှင်းပါမည်။ 'က' နှင့် 'မှ' အကြောင်းကို မရှင်းမီ ဝါစင်္ဂနှင့် ဝိဘတ်အကြောင်းကို နိဒါန်းပျိုးလိုပါသည်။

မြန်မာသဒ္ဒါတွင် ဝါစင်္ဂ ၉ ပါးရှိသည်ဟု မြန်မာစာအဖွဲ့က ဆိုထားပြီးဖြစ်ပါသည်။ ယင်းတို့မှာ 'နာမ်၊ နာမ်စား၊ ကြိယာ၊ နာမဝိသေသန၊ ကြိယာဝိသေသန၊ ဝိဘတ်၊ သမ္ဗန္ဓ၊ ပစ္စည်း၊ အာမေဍိတ်' တို့ဖြစ်ကြသည်။ ဝါစင်္ဂ ၉ ပါးတွင် ဝိဘတ်သည် ဝါစင်္ဂတစ်ပါးဖြစ်သည်။ ဝိဘတ်ဆိုသည်မှာ 'နာမ်၊ နာမ်စားတို့၏ နောက်၌တည်၍ ၎င်းတို့သည် ကတ္တားဖြစ်သည်၊ ကံဖြစ်သည် စသည်ကိုလည်းကောင်း၊ ကြိယာ၏နောက်၌တည်၍ ၎င်းကြိယာ၏ ကာလနှင့်အမျိုးအစားကိုလည်းကောင်း ဝေဖန်ပိုင်းခြားပြသော စကားလုံး' ဖြစ်သည်ဟု ဖွင့်ပြထားပါသည်။ ဝိဘတ်ကို နာမ်ဝိဘတ်နှင့် ကြိယာဝိဘတ်ဟူ၍ နှစ်မျိုးခွဲခြားသတ်မှတ်ထားသည်ကိုလည်း ရှင်းပြထားပါသည်။ နာမ်ဝိဘတ်ကို အနက်အဓိပ္ပာယ်အရ ၁၇ မျိုးခွဲခြားမှတ်ယူနိုင်ကြောင်းကိုလည်း ကျောင်းသုံးမြန်မာသဒ္ဒါကျမ်းများတွင် အကျယ်တဝင့်ရှင်းလင်းပြဆိုထားပါသည်။ ဤတွင် 'က' ဝိဘတ်၊ 'မှ' ဝိဘတ်၊ 'ကို' ဝိဘတ်၊ 'အား' ဝိဘတ်တို့ဆိုင်ရာ ဝိဘတ်များအကြောင်းကို ရှင်းပြရန်လိုလာပါသည်။

'က' ဝိဘတ်ကို (၁) ကတ္တားဝိဘတ်၊ (၂) ထွက်ခွာရာပြဝိဘတ်၊ (၃) နေရာပြဝိဘတ်၊ (၄) အချိန်ပြဝိဘတ် အဖြစ် သုံးပါသည်။

၁။ **ကတ္တားဝိဘတ် 'က'** ။ ။ ဆရာ 'က' တပည့်ကို ဆုံးမသည်ဟူသောဝါကျတွင် ဆုံးမသူ(ကတ္တား)သည် ဆရာဖြစ်ကြောင်း 'က' ဝိဘတ်က ဝေဖန်ပိုင်းခြားပြသည်။ ဆရာ 'က' လူပျိုကြီးဖြစ်သည်ဟူသော ဝါကျတွင် လူပျိုကြီးဖြစ်သည်ဟူသော (ကတ္တား)မှာ ဆရာဖြစ်ကြောင်း 'က' ဝိဘတ်က ဝေဖန်ပိုင်းခြားပြသည်။ ဆရာ 'က' ကျောင်း၌ တစ်နေ့လုံးရှိသည်ဟူသော ဝါကျတွင် ကျောင်း၌တစ်နေ့လုံးရှိသူ(ကတ္တား)မှာ ဆရာဖြစ်ကြောင်း 'က' ဝိဘတ်က ဝေဖန်ပိုင်းခြားပြသည်။ ပြုသူဖြစ်သူရှိသူ(ကတ္တား)မှာ ဆရာဖြစ်ကြောင်းကို 'က' ဝိဘတ်က ဝေဖန်ပိုင်းခြားပြသည်ကို တွေ့နိုင်ပါသည်။

၂။ **ထွက်ခွာရာပြဝိဘတ် 'က'**။ ။ သူ မန္တလေး 'က' ပြန်လာပြီ။ သူ မန္တလေး 'က' ပြန်လာတယ်။ ယင်းဝါကျနှစ်ခုသည် တစ်ခုက အရေးဝါကျ၊ တစ်ခုက အပြောဝါကျဖြစ်သည်။ အရေးဝါကျတွင်ဖြစ်စေ၊ အပြောဝါကျတွင်ဖြစ်စေ၊ 'က' ကို ထွက်ခွာရာပြဝိဘတ်အဖြစ် သုံးနိုင်သည်။ အဆိုပါဝါကျနှစ်ခုတွင် သူထွက်ခွာလာရာ အရပ်မှာ မန္တလေးဖြစ်ကြောင်း ထွက်ခွာရာပြဝိဘတ် 'က' က ဝေဖန်ပိုင်းခြားပြသည်။

၃။ **နေရာပြဝိဘတ် 'က'**။ ။ ကျောင်း 'က' စောင့်နေပါဟူသော ဝါကျတွင် စောင့်နေရမည့်နေရာသည် ကျောင်းဖြစ်ကြောင်း နေရာပြဝိဘတ် 'က' က ဝေဖန်ပိုင်းခြားပြသည်။

၄။ **အချိန်ပြဝိဘတ် 'က'**။ ။ ယခင်နှစ် 'က' မိုးကောင်းသည်ဟူသောဝါကျတွင် မိုးကောင်းသည့်အချိန်အခါမှာ ယခင်နှစ်ဖြစ်ကြောင်း အချိန်ပြဝိဘတ် 'က' က ဝေဖန်ပိုင်းခြားပြသည်။

ဖော်ပြခဲ့သော ဝါကျများတွင်သုံးသော 'က' ဝိဘတ်အစား 'မှ' ဝိဘတ်ကို လဲလှယ်သုံးနှုန်းနိုင်သည်မှာ ထွက်ခွာရာပြဝိဘတ် 'က' အစား ထွက်ခွာရာပြဝိဘတ် 'မှ' တစ်မျိုးတည်းသာဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် 'မှ' သည်လည်း 'က' ကဲ့သို့ပင် ထွက်ခွာရာပြဝိဘတ် ဖြစ်နေသောကြောင့်ဖြစ်သည်။

'မှ' ဝိဘတ်ကို ဝိဘတ်အနေဖြင့် ထွက်ခွာရာပြဝိဘတ်အဖြစ်သာ သုံးနိုင်သည်။

သူမန္တလေး 'မှ' ပြန်လာပြီဟူသော ဝါကျတွင် သူထွက်ခွာလာရာအရပ်သည် မန္တလေးဖြစ်ကြောင်း ထွက်ခွာရာပြဝိဘတ် 'မှ' က ဝေဖန်ပိုင်းခြားပြသည်။ ထို့ကြောင့် သူမန္တလေး 'က' ပြန်လာပြီဟူ၍လည်းကောင်း၊ သူ မန္တလေး 'မှ' ပြန်လာပြီဟူ၍လည်းကောင်း သုံးနိုင်သည်။

သို့ရာတွင်-

ဆရာ 'မှ' တပည့်ကို ဆုံးမသည်ဟူ၍လည်းကောင်း

ဆရာ 'မှ' လူပျိုကြီးဖြစ်သည်ဟူ၍လည်းကောင်း

ဆရာ 'မှ' ကျောင်း၌ တစ်နေ့လုံးရှိသည်ဟူ၍လည်းကောင်း

ယခင်နှစ် 'မှ' မိုးကောင်းသည်ဟူ၍လည်းကောင်း

ကျောင်း 'မှ' စောင့်နေပါဟူ၍လည်းကောင်း မသုံးနိုင်ပါ။

အောက်ပါပုံစံဖြင့် မှတ်နိုင်ပါသည်။

ကတ္တား(ပြုသူဖြစ်သူရှိသူ-နာမ်) + မှ (ထွက်ခွာရာပြဝိဘတ်) + ကြိယာ

**မှတ်ရန်** ။ ။ 'မှ'ကို ကတ္တားဝိဘတ်အဖြစ် မည်သည့်အခါတွင်မျှမသုံးရပါ။ 'မှ' ဝိဘတ်၏ရှေ့တွင် ကပ်လျက် ကတ္တားပုဒ် မရှိနိုင်ပါ။ 'မှ' ကို ထွက်ခွာရာပြဝိဘတ်အဖြစ်သာ သုံးရပါသည်။ ထို့ကြောင့် 'မှ' ၏ ရှေ့တွင် ကပ်လျက်ထွက်ခွာရာ နေရာဌာနသာရှိရပါသည်။ 'မှ' ကို သုံးတော့မည်ဆိုလျှင် 'မှ' ရှေ့တွင် ကပ်လျက်ရှိသော 'နာမ်'သည် ထွက်ခွာရာနေရာဌာန ဖြစ်မဖြစ်စစ်ကြည့်ပါ။ ထိုနာမ်သည် ထွက်ခွာရာနေရာဌာနဖြစ်မှ 'မှ' ကို သုံးပါ။

'ကို' နှင့် 'အား'

'ကို' သည် ကံဝိဘတ် ဖြစ်သည်။ ပြုလုပ်ခြင်းခံရသောသူ၊ ပြုလုပ်ခြင်းခံရသောအရာကို ပြသည့် ဝိဘတ်ကို ကံဝိဘတ်ဟုခေါ်သည်။

လူဆိုး 'ကို' ဖမ်းသည်ဟူသောဝါကျတွင် အဖမ်းခံရသောသူမှာ လူဆိုးဖြစ်ကြောင်းကို ကံဝိဘတ် 'ကို' က ဝေဖန်ပိုင်းခြားပြသည်။ ပန်း 'ကို' ပေးသည်ဟူသော ဝါကျတွင် အပေးခံရသည့်အရာမှာ ပန်းဖြစ်ကြောင်းကို ကံဝိဘတ် 'ကို' က ဝေဖန်ပိုင်းခြားပြသည်။

ဆရာက စာအုပ်ကိုတပည့်အားပေးသည် ဟူသော ဝါကျတွင် ပေးသူသည်ဆရာဖြစ်ကြောင်း ကတ္တားဝိဘတ် 'က' က ဝေဖန်ပိုင်းခြားပြသည်။ အပေးခံရသည့်အရာမှာ စာအုပ်ဖြစ်ကြောင်း ကံဝိဘတ် 'ကို' က ဝေဖန်ပိုင်းခြားပြသည်။ စာအုပ်ကိုလက်ခံသူမှာ တပည့်ဖြစ်ကြောင်း လက်ခံပြဝိဘတ် 'အား' က ဝေဖန်ပိုင်းခြားပြသည်။

'ကို' နှင့် 'အား' အသုံးမမှားကြရန်မှာ 'ကို' (ကံဝိဘတ်)၏ ရှေ့တွင် ပြုလုပ်ခြင်းခံရသောသူ သို့မဟုတ် ပြုလုပ်ခြင်းခံရသော အရာ (ကံ) ရှိရမည်။ 'အား' (လက်ခံပြဝိဘတ်)၏ရှေ့တွင်ကပ်လျက် လက်ခံသူရှိရမည်ဟူသောအချက်ကို သတိပြုကြရန်ဖြစ်သည်။ အောက်ပါပုံစံဖြင့် မှတ်ထားနိုင်ပါသည်။

'ကံ' (ပြုလုပ်ခြင်းခံရသူ/အရာ-နာမ်/နာမ်စား) + 'ကို' (ကံဝိဘတ်) + ကြိယာ

လက်ခံသူ (နာမ်/နာမ်စား) + 'အား' (လက်ခံပြဝိဘတ်) + ကြိယာ

**မှတ်ရန်** ။ ။ 'အား' ၏ရှေ့ရှိ နာမ်/နာမ်စားသည် တစ်စုံတစ်ရာကိုလက်ခံသူ ဟုတ်၊ မဟုတ် စစ်ဆေးပါ။ ထိုနာမ်/နာမ်စားသည် တစ်စုံတစ်ရာကို လက်ခံသူ နာမ်/နာမ်စားဖြစ်မှ 'အား' ကို သုံးပါ။ 'ကို' ၏ ရှေ့ရှိ နာမ်/နာမ်စားသည် တစ်စုံတစ်ရာအပြုခံရသူ/အရာဟုတ်၊ မဟုတ်စစ်ဆေးပါ။ ထို နာမ်/နာမ်စားသည် တစ်စုံတစ်ရာအပြုခံသူ/အရာဖြစ်မှ 'ကို' ကို သုံးပါ။

**မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ**

## နွေရာသီ ရေရှားပါးမှုများဖြစ်ပေါ်လာပါက ဆက်သွယ်သတင်းပေးပို့နိုင်ပါရန် အသိပေး

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နှစ်စဉ်နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုဖြစ်နိုင်ခြေရှိသောကျေးရွာများကို ကြိုတင်စာရင်းကောက်ယူခြင်း၊ ကျေးရွာများနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ရန်နှင့် သောက်သုံးရေအလျင်အမြန်ပံ့ပိုးဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များကြိုတင်ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ နွေရာသီရေပြတ်လပ်မှုများဖြစ်ပေါ်လာပါက ချက်ချင်း တုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် အချက်အလက်များ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရေးအတွက် www.water-donation.com Website အား ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

သောက်သုံးရေပြတ်လပ်မှုများကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှတစ်ဆင့် သက်ဆိုင်ရာကျေးရွာအသီးသီးသို့ ဆက်သွယ်ရမည့်ဖုန်းနံပါတ်များကို ဖြန့်ဝေထားပြီးဖြစ်သည့်အတွက် သောက်သုံးရေရှားပါးမှုဖြစ်ပေါ်ပါက ဖုန်း၊ Facebook၊ Viber၊ Messenger စသည့်ဆက်သွယ်ရေးနည်းလမ်းမျိုးစုံဖြင့် ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း အသိပေးထားပြီးဖြစ်ပါသည်။

ထို့ပြင် www.water-donation.com Website သို့ ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ မိုဘိုင်းဖုန်းများ၌ အသုံးပြုနိုင်သော Water-Donation Mobile Application ဖြင့်လည်းကောင်း ဆက်သွယ်သတင်းပေးပို့နိုင်သည်။အဆိုပါ Water-Donation Mobile Application ကိုဖော်ပြပါ Website တွင် အလွယ်တကူရယူအသုံးပြုနိုင်ကြောင်းနှင့် ကျေးရွာများ၌ ရေရှားပါးပြတ်လပ်မှုများဖြစ်ပေါ်လာပါက ပြည်ထောင်စုနယ်မြေနေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း အသိပေးအပ်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၃-၅-၂၀၂၄

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ညှော်မထ | ဝဇိန် | ပဲဆီ | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ငရုတ်ခြောက် | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၇၈၀၀ | ၃၆၀၀ | ၂၆၀၀ | ၁၄၅၀၀-၁၅၀၀၀ | ၂၆၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၁၄၅၀၀-၁၅၀၀၀ | ၁၁၀၀၀ | ၂၉၀၀၀ | ၂၅၀ | ၃၆၀ |
| ၂ | ရန်ကုန် | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | ၂၅၀၀-၃၀၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၂၄၀၀-၃၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၅၀၀၀-၁၇၀၀၀ | ၈၅၀၀-၁၀၀၀၀ | ၂၄၀၀၀-၃၀၀၀၀ | ၂၅၀-၃၀၀ | ၃၂၀-၃၅၀ |
| ၃ | မန္တလေး | ၇၅၀၀ | ၄၈၀၀ | - | ၁၈၀၀၀ | ၂၈၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၃၅၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၃၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | - | ၁၆၀၀၀ | ၂၅၀ | ၃၅၀ |
| ၄ | လားရှိုး | ၁၀၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၄၅၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၅၀၀၀ | ၂၀၀၀၀-၂၂၀၀၀ | ၁၃၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၁၀၀၀ | ၂၇၀၀၀ | ၂၅၀ | ၄၀၀ |

**မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။**

# တပ်မတော်(လေ)ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံချစ်ကြည်ရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ





ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

**နေပြည်တော် မေ ၃**

မြန်မာနှင့် ထိုင်းလေတပ်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော တပ်မတော်(လေ)ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul ၏ ဖိတ်ကြားချက်အရ ဧပြီ ၃၀ ရက် ညပိုင်းတွင် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံလေတပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးကြသည်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul တို့ တွေ့ဆုံဆွေးနွေးစဉ်။

ကာကွယ်ရေးဦးစီးချုပ်(လေ)ကို ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul က မေ ၁ ရက်တွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုကြသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ)က ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူခဲ့ပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးခြင်း၊ ထိုင်းဘုရင့်လေတပ်မတော်အား စတင်တည်ထောင်သူ Field Marshal Prince Chakrabongse ၏ ရုပ်တုရှေ့တွင် ဂုဏ်ပြုပန်းခွေချခြင်း၊ ထိုင်းဘုရင့်လေတပ်ဌာနချုပ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခြင်း၊ ထိုင်းဘုရင့်လေတပ်ဌာနချုပ် ဧည့်ခန်းမတွင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး နှစ်နိုင်ငံလေတပ်အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်လဲလှယ်ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ထိုင်းဘုရင့်လေတပ်ဌာနချုပ် Conference Room တွင် တပ်မတော်(လေ)နှင့် ထိုင်းဘုရင့်လေတပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ယင်းနောက် Air War College သို့ သွားရောက်ပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခြင်း၊ Air War College ကျောင်းအုပ်ကြီးနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ Air War College တာဝန်ရှိသူတစ်ဦးက Air War College ၏သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ ရည်မှန်းချက်တာဝန်၊ သင်ရိုးညွှန်းတမ်း၊ သင်ကြားမှုနည်းစနစ်များ၊ အပြန်အလှန်ဆွေးနွေးမှုများ၊ Academic ဆွေးနွေးပွဲများ၊ ပြည်တွင်းပြည်ပလေ့လာရေးခရီးစဉ်များ၊ သင်တန်းသားအရည်အချင်းသတ်မှတ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြသမှုများအပေါ် ကြည့်ရှုလေ့လာ၍ အပြန်အလှန်ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး သင်တန်းသားအရာရှိကြီးများ၏ National Security လက်တွေ့လေ့ကျင့်ခန်း Practice Negotiating ပြုလုပ်နေမှုများကို ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် ရေအောက်ကမ္ဘာ Sea Life Paragon Department Store သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

၎င်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော တပ်မတော်(လေ)ကိုယ်စားလှယ်အဖွဲ့သည် မေ ၂ ရက်တွင် ဗန်ကောက်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဗုဒ္ဓရွှေဆင်းတုတော် Wat Traimit Wittayaram Worawihan ဘုရား၊ ရှေးဟောင်းသမိုင်းဝင် အာရုဏ် Wat Arun ဘုရားနှင့် ရှေးဟောင်းသမိုင်းဝင် လျောင်းတော်မူဝပ်ဖို Wat Pho ဘုရားများသို့သွားရောက်ဖူးမြော်၍ တော်ဝင်ရေတပ်သင်္ဘောပြတိုက် Royal Barge Museum တို့ကိုလေ့လာကြည့်ရှုခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည့် အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃**

တပ်မတော်(လေ)က ၂၀၂၄ ခုနှစ် အခြေခံ လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၄)နှင့် တန်းမြင့်လေကြောင်းလူငယ် သင်တန်းအမှတ်စဉ်(၁/၂၀၂၄)သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၇ ခုတွင် စုစုပေါင်း သင်တန်းသားဦးရေ ၈၅၀ ဖြင့် ဧပြီ ၂၂ ရက်မှစတင်၍ ဖွင့်လှစ်လျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့နေ့လယ်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် အဖွဲ့ဝင်များသည် လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်တွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၄)(ရန်ကုန်သင်တန်းစခန်း)နှင့် မှော်ဘီလေတပ်စခန်းတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၄)(မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်း)များသို့ သွားရောက်ခဲ့ပြီး သင်တန်းသားများနှင့် တွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။ ထို့နောက် သင်တန်းသားများသင်ခန်းစာပို့ချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် သင်တန်းသားများအား သင်ခန်းစာလေ့ကျင့်သင်ကြားပို့ချနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။


## စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် မြေမွန်ကျေးရွာအုပ်စု မင်းကုန်းကျေးရွာ ဥယျာဉ်တောရကျောင်း၏ ဦးစီးပဓာနနာယက မဟာဗောဓိမြိုင်ဆရာတော်ကြီး ဘဒ္ဒန္တ ဥယျာဉ်မွှသာမိ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် မြေမွန်ကျေးရွာအုပ်စု မင်းကုန်းကျေးရွာ ဥယျာဉ်တောရကျောင်း၏ ဦးစီးပဓာနနာယက၊ မဟာဗောဓိမြိုင်ဆရာတော်ကြီး ဘဒ္ဒန္တဥယျာဉ်မွှသာမိ (၈၃ နှစ်၊ ၄၅ ဝါ)သည် ၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ ၃၀-၄-၂၀၂၄ ရက် (အင်္ဂါနေ့)၊ ၁၃ : ၁၅ အချိန်တွင် သီတင်းသုံးရာကျောင်း၌ ၉၆ ပါးသော ရောဂါဖြင့် ဘဝနတ်ထံပျံလွန်တော်မူကြောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရလည်းကောင်း၊ နတ်တလူ သာသနာပြုစခန်းမှ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဆရာတော်ကြီး၏ ကပ္ပိယကာရကများ၏ သဘောဆန္ဒအရလည်းကောင်း အန္တိမစျာပနကို ၎င်းတို့၏အစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရဘက်မှလည်း လိုအပ်သည်များ ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် မြေမွန်ကျေးရွာအုပ်စု မင်းကုန်းကျေးရွာ ဥယျာဉ်တောရကျောင်း၏ ဦးစီးပဓာနနာယက မဟာဗောဓိမြိုင်ဆရာတော်ကြီး ဘဒ္ဒန္တ ဥယျာဉ်မွှသာမိ၏ ထေရုပ္ပတ္တိအကျဉ်း



အနန္တကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ဥယျာဉ်တောရ

### ဖွားမြင်တော်မူခြင်း

မဟာဗောဓိမြိုင် ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် မြေမွန်ကျေးရွာအုပ်စု မင်းကုန်းကျေးရွာနေ ဦးဘစံ + ဒေါ်မေ တို့က ၁၃၀၃ ခုနှစ် ဝါဆိုလပြည့် အင်္ဂါနေ့ ည ၁ နာရီ တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။ ငယ်နာမည်မောင်ငြိမ်းမောင် ဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

၁၃၁၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက် စနေနေ့တွင် မင်းကုန်းတောရကျောင်းဆရာတော် ဘဒ္ဒန္တသုနန္ဒကို ဥပဇ္ဈာယ်ပြုလျက် မိခင် ဒေါ်မေ၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၂၃ ခုနှစ် ဝါဆိုလဆန်းတွင် ထန်းတပင်ကျေးရွာ ရွှေဖောင်တော်ဦးကျောင်းတိုက် ခဏ္ဍသိမ်၌ မင်းကုန်းတောရကျောင်း ဆရာတော် ဘဒ္ဒန္တအာစာရကို ဥပဇ္ဈာယ်ပြုလျက် ဦးဘသန်း + ဒေါ်စောဉာဏ်တို့၏ ပစ္စယာနုဂ္ဂဟခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ **(ပထမအကြိမ်)** ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၂၇ ခုနှစ် တော်သလင်းလဆန်း ၁၃ ရက်တွင် လူဝတ်လဲခဲ့ပြီးနောက် ၁၃၄၁ ခုနှစ် တော်သလင်းလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဘောက်ထော်သီရိ ရတနာလမ်းသာသနာ့ဗိမာန်ဆရာတော်ဘဒ္ဒန္တဝိမလကိုဥပဇ္ဈာယ်ပြု၍ ခေမာသီဝံကျောင်းတိုက်ခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့ **(ဒုတိယအကြိမ်)** ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေ သင်ယူဆည်းပူးခြင်း

၁၃၁၈ ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက် တနင်္ဂနွေနေ့တွင် ရွှေဘိုမြို့ ဝေဠုဝန်ပါဠိတက္ကသိုလ်စာသင်တိုက်သို့ ပိဋကတ်စာပေများ သင်ယူရန် ရောက်ရှိတော်မူခဲ့ပြီး ၁၃၁၉ ခုနှစ်တွင် အစိုးရပထမငယ်တန်း အောင်မြင်တော်မူခဲ့ပါသည်။ ၁၃၂၀ ခုနှစ် ဝါဆိုလဆန်း ၁၁ ရက် ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့ ကျောက်ပန်းတောင်းကျောင်းတိုက်သို့ စာပေသင်ယူရန် ကြွရောက်တော်မူခဲ့ပါသည်။ ၁၃၂၀ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့တွင် မော်လမြိုင်မြို့ စိန်မမပါဠိတက္ကသိုလ်သို့ ပညာသင်ယူရန် ရောက်ရှိခဲ့ပြီး ထိုနှစ်မှာပင် အစိုးရပထမလတ်တန်းကို အောင်မြင်တော်မူခဲ့ပါသည်။ ၁၃၂၅ ခုနှစ် နွေဦးကာလတွင် ပုသိမ်မြို့ သာသနရံသီပါဠိတက္ကသိုလ်သို့ ရောက်ရှိခဲ့ပြီး ထိုနှစ်မှာပင် အစိုးရပထမကြီးတန်းကို အောင်မြင်တော်မူခဲ့ရာ တိုင်းအဆင့်တွင် ဒုတိယရရှိခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဘဝဒုက္ခကို သံဝေဂရသည်ဖြစ်၍ ၁၃၃၇ ခုနှစ်မှစ၍ တောတောင်များသို့ ဒေသစာရီကြွချီတော်မူခြင်း၊ ဘုရားတည်ခြင်း၊ ပြုပြင်ခြင်း၊ မွမ်းမံခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ၁၃၃၉ ခုနှစ်တွင် ကျိုက်လတ်မြို့နယ် ကျီးချောင်းကျေးရွာ၊ ဆင်ကူးကျေးရွာရှိ **“ပြည်လုံးချမ်းသာ ဖောင်တော်ဦးစေတီတော်”** ကို ပြုပြင်မွမ်းမံခဲ့သည်။ ၁၃၄၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့မှ အစပြုကာ အရညဝါသီတောရမှီလျက် သီတင်းသုံးတော်မူခဲ့ပါသည်။ ၁၃၄၁ ခုနှစ်တွင် သာစည်မြို့နယ် ရွှေကျောင်းကုန်းတောင်ထိပ်၌ **“လောကမုနိစေတီတော်”** ကို တည်ထားခဲ့ပါသည်။ ၁၃၅၃၊ ၁၃၅၄၊ ၁၃၅၅ ခုနှစ်များတွင် ပျဉ်းမနားမြို့ရှိ လက်လုပ်တောင်တောရတွင် သီတင်းသုံးခဲ့သည်။ ၁၃၅၇ ခုနှစ် တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် လားဟူကျေးရွာ ၂၂ ရွာ၊ လီရှောကျေးရွာ ၄ ရွာတို့ရှိ တိုင်းရင်းသား ၂၀၀၀ ကျော်ကို ထေရဝါဒဗုဒ္ဓဘာသာသို့ ကူးပြောင်းလာအောင် ဆောင်ရွက်တော်မူပြီး ဗုဒ္ဓဘာသာ အဆုံးအမခံယူပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီး **“မဟာဗောဓိမြိုင်ဆရာတော်”** ဟူ၍ နိုင်ငံအနှံ့ လူသိများထင်ရှားလာခဲ့ပါသည်။ ၁၃၅၉ ခုနှစ်တွင် နတ်တလူတောရကို စတင်တည်ထောင်၍ ဝါဆိုလပြည့်နေ့မှ တော်သလင်းလပြည့်နေ့ထိ နှစ်လတိုတိုတရားစခန်း ဖွင့်လှစ်ပေးခဲ့ပါသည်။ ၁၃၅၉ ခုနှစ်တွင် နတ်တလူတောရ၌ ဉာဏ်တော် ၁၈ တောင် အမြင့်ရှိသော **“မင်းဘိသိက်ခံစေတီတော်”**ကို စတင်တည်ထားခဲ့ပြီး ၁၃၆၀ ပြည့်နှစ် တပေါင်းလပြည့်နေ့တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကို အောင်မြင်စွာဆောင်ရွက်တော်မူခဲ့ပါသည်။ ၁၃၆၁ ခုနှစ် ကဆုန်လပြည့်နေ့တွင် မွေးရာချက်မြုပ်အိမ်နေရာတွင် **“ဥယျာဉ် ရွှေချက်သို တံခွန်တိုင်”** ကို တည်ထားခဲ့သည်။ ဆရာတော်ကြီးသည် လေးထည်မြောက်သင်္ကန်းကို စွန့်၍ သုံးထည်သောသင်္ကန်းကိုသာ ဆောက်တည်ခြင်း **တိစီဝရိက်ဓုတင်၊** ဆွမ်းခံ၍ ရသောဆွမ်းကိုသာ ဘုဉ်းပေးသုံးဆောင်တော်မူခြင်း **ပိဏ္ဍပါတ်ဓုတင်၊** တောရဆောက်တည်ခြင်း **အရညကင်ဓုတင်**တို့ကို ဆောင်တော်မူလျက် ဒါယကာ ဒါယိကာမ အပေါင်းတို့အား ကုသိုလ်တရားပွားများနိုင်ရန် ချီးမြှောက်တော်မူခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၃ နှစ်၊ ဝါတော် ၄၅ ဝါအရ ၁၃၈၆ ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက် (၃၀-၄-၂၀၂၄)၊ အင်္ဂါနေ့၊ ၁၃:၁၅ အချိန်တွင် သီတင်းသုံးရာကျောင်း၌ ၉၆ ပါးသောရောဂါဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

သတင်းစဉ်

**သဇင်(FM) အသံလွှင့်အစီအစဉ်**
၄-၅-၂၀၂၄ (စနေနေ့)

| | | |
|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၁း၀၀ | စိုက်မွေးသုတ |
| ၃။ | ၁၃း၀၀ | တိုင်းရင်းသားစကား ပြောကြရအောင် |
| ၄။ | ၁၄း၃၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၆း၀၀ | First Step |
| ၆။ | ၁၈း၂၀ | Thazin Request Song |

# ၂၀၂၄ ခုနှစ် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများကို ကြည့်ရှုအားပေး



**နေပြည်တော် မေ ၃**

နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိပြီး ကျင်းပပြီးစီးခဲ့သည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန်မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား၊ကျောင်းသူများကို အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုများနှင့်အတူ သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများတွင် မေ ၂၉ ရက်မှစတင်၍ အေးချမ်းစွာဖြေဆိုလျက်ရှိကြသည်။

မန္တလေးတိုင်းဒေသကြီး၌ အောင်မြေသာစံမြို့နယ်တွင် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၊ ပြင်ဦးလွင်မြို့နယ်တွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် မိတ္ထီလာမြို့တွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့၌ စာစစ်ဌာနများဖွင့်လှစ်ထားရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့ ယနေ့နံနက်ပိုင်းက သွားရောက်ကာ စာဖြေခန်းတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်များအား ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ကြီးကြပ်ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများကို ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် စာမေးပွဲပြီးဆုံးသည်ထိ ဖြေဆိုနိုင်ရေး အလေးထား ကြပ်မတ်ဆောင်ရွက်သွားရေး တို့ကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံခရိုင်မှ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မေ ၃**

(၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်မတော်ဆေးရုံ၌ ပြုလုပ်ရာ ကြံ့ခိုင်ဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ တိုင်းမှူးက သွေးလှူဒါန်းပွဲသို့ တက်ရောက်လာကြသည့် မီးသတ်တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ထို့နောက် တိုင်းမှူးက သွေးလှူဒါန်းနေသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တစ်ဦးချင်းလိုက်လံကြည့်ရှုအားပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။



ကြံ့ခိုင်ဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးစဉ်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၃

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၃၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၀၂၄၅၄၀၊ ၀၈၁- ၂၀၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည် အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့ပစစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှု ခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားစဉ်။

**နေပြည်တော် မေ ၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့်ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ၂၀၂၄ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကိုသက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၃**

တပ်မတော်(ရေ)က ၂၀၂၄ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်းတန်းခွဲ(၁) ရေကြောင်းလူငယ်စခန်းတွင် လှေလှော်ရွက်တိုက် ဘာသာရပ်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယားရေကြောင်း လူငယ်စခန်းတွင် ရေတပ်အချက်ပြဆက်သွယ်ရေး ဘာသာရပ်ကိုလည်းကောင်း၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းတွင် စစ်ရေးပြဘာသာရပ်ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းတွင် အခြေခံရေတပ်သားဘာသာရပ်ကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်စခန်းတွင် အခြေခံရေတပ်သား ဘာသာရပ်ကိုလည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းတွင် ရေကြောင်းလမ်းညွှန် ဘာသာရပ်ကိုလည်းကောင်း တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ကျွန်းစုမြို့နယ် တနင်္သာရီရေတပ်စခန်းဌာနချုပ်ရှိ သင်တန်းသားများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက သင်တန်းလေ့ကျင့် သင်ကြားနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ဝက်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



၂၀၂၄ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိစဉ်။

# အမ်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီစဉ်ဆောင်ရွက်ပေးသော အခြေခံစားကုန်ပစ္စည်းများရောက်ရှိပြီး သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး





အမ်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီစဉ်ဆောင်ရွက်ပေးသော အခြေခံစားကုန်ပစ္စည်းများရောက်ရှိပြီး သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် မေ ၃**

ရခိုင်ပြည်နယ်အတွင်း AA အကြမ်းဖက်သောင်းကျန်းသူများက အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့်အပြင်ဆက်သွယ်ရေးလမ်းကြောင်းများကို နည်းမျိုးစုံဖြင့် ဖြတ်တောက်ပိတ်ဆို့ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါဒေသတည်ငြိမ်အေးချမ်းရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် အမ်းခရိုင်ရှိ ဒေသခံပြည်သူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ တင်ဆောင်လာပြီး အမ်း-ပဒါန်းလမ်းကြောင်းအတိုင်း ထွက်ခွာလာသည့် ကုန်စည်ပို့ဆောင်ရေး အရပ်ဘက်မော်တော်ယာဉ် ၂၇ စီးသည် မေ ၂ ရက် ညနေပိုင်းတွင် အမ်းမြို့သို့ရောက်ရှိလာရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးသောင်းထွန်းနှင့် တာဝန်ရှိသူများ၊ အမ်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများက ဝမ်းပန်းတသာကြိုဆိုကြသည်။

အဆိုပါ ကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များကို အမ်း-ပဒါန်းလမ်းတစ်လျှောက်တွင် AA အကြမ်းဖက်သောင်းကျန်းသူများက နည်းမျိုးစုံဖြင့် ပိတ်ဆို့နှောင့်ယှက်ခြင်းများ လုပ်ဆောင်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သဖြင့် အမ်းမြို့သို့ အချိန်မီရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

အဆိုပါ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည့် ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်စသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ယနေ့မွန်းလွဲပိုင်းတွင် အမ်းမြို့ရှိ ရွှေအမ်းတောင်ခန်းမ၌ ဒေသခံပြည်သူများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ရာ တစ်ခဲနက်ဝယ်ယူအားပေးကြသည်။

အမ်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် ယခုကဲ့သို့ စားရေး အခက်အခဲဖြစ်ပေါ်နေချိန်တွင် အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများကို အထူးပင် ကျေးဇူးတင်လျက်ရှိကြောင်း သတင်းရရှိသည်။

# ၂၀၂၄ ခုနှစ် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူဦးရေ ၂၄၀ နှင့် ပထဝီဝင်ဘာသာရပ်လာရောက်ဖြေဆိုသူ ၃၇ ဦးရှိ

**နေပြည်တော် မေ ၃**

နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိပြီး ကျင်းပပြီးစီးခဲ့သည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား၊ ကျောင်းသူများကို အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုနှင့်အတူ သတ်မှတ်ထားသည့်အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများသို့ ကျောင်းသား၊ ကျောင်းသူများကို စုစည်းခေါ်ယူ၍ စာမေးပွဲ ဖြေဆိုစေလျက်ရှိသည်။

အဆိုပါအထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပသည့်တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့တွင် ဓာတုဗေဒဘာသာရပ်၌ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၄၄၂ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်းဦးရေ ၂၄၀ ရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၅၄ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် ပထဝီဝင်ဘာသာရပ်၌ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေစုစုပေါင်း ၉၃ ဦးရှိပြီး လာရောက်ဖြေဆိုသူစုစုပေါင်း ၃၇ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၃၉ ဒသမ ၇၈ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပူးတွဲ

အခြေခံပညာဦးစီးဌာန

၂၀၂၄ ခုနှစ်၊ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်သည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်-ဓာတုဗေဒ

ရက်စွဲ၊ ၃ - ၅ - ၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့်ရာခိုင်နှုန်း | ပျက်ကွက်ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၁ | ၁ | ၁ | ၄ | ၁ | ၅ | ၀ | ၁ | ၁ | ၄ | ၀ | ၄ | ၂၀.၀၀% | ၈၀.၀၀% | |
| ၂ | ကယား | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၈ | ၂၁ | ၂၉ | ၇ | ၁၇ | ၂၄ | ၁ | ၄ | ၅ | ၈၂.၇၆% | ၁၇.၂၄% | |
| ၅ | စစ်ကိုင်း | ၁ | ၁ | ၁ | ၂ | ၄ | ၆ | ၂ | ၂ | ၄ | ၀ | ၂ | ၂ | ၆၆.၆၇% | ၃၃.၃၃% | |
| ၆ | တနင်္သာရီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၇ | ပဲခူး(ရှေ့) | ၁ | ၁ | ၁ | ၀ | ၃ | ၃ | ၀ | ၃ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၉ | မကွေး | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၀ | မန္တလေး | ၃ | ၃ | ၃ | ၁၆ | ၂၇ | ၄၃ | ၁၀ | ၁၈ | ၂၈ | ၆ | ၉ | ၁၅ | ၆၅.၁၂% | ၃၄.၈၈% | |
| ၁၁ | မွန် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၁၀၉ | ၁၈၄ | ၂၉၃ | ၄၂ | ၈၀ | ၁၂၂ | ၆၇ | ၁၀၄ | ၁၇၁ | ၄၁.၆၄% | ၅၈.၃၆% | |
| ၁၃ | ရန်ကုန် | ၁ | ၁ | ၁ | ၃ | ၄ | ၇ | ၃ | ၄ | ၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၁ | ၁ | ၁ | ၁ | ၄ | ၅ | ၁ | ၄ | ၅ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၁၅ | ၃၃ | ၄၈ | ၁၂ | ၃၁ | ၄၃ | ၃ | ၂ | ၅ | ၈၉.၅၈% | ၁၀.၄၂% | |
| ၁၆ | ရှမ်း(ရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၇ | ဧရာဝတီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၈ | နေပြည်တော် | ၁ | ၁ | ၁ | ၁ | ၂ | ၃ | ၁ | ၂ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၂ | ၁၂ | ၁၂ | ၁၅၉ | ၂၈၃ | ၄၄၂ | ၇၈ | ၁၆၂ | ၂၄၀ | ၈၁ | ၁၂၁ | ၂၀၂ | ၅၄.၃၀% | ၄၅.၇၀% | |

ပူးတွဲ

အခြေခံပညာဦးစီးဌာန

၂၀၂၄ ခုနှစ်၊ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်သည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်-ပထဝီဝင်

ရက်စွဲ၊ ၃ - ၅ - ၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့်ရာခိုင်နှုန်း | ပျက်ကွက်ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၁ | ၁ | ၁ | ၀ | ၂ | ၂ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၂ | ကယား | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၀ | ၁၀ | ၂၀ | ၃ | ၇ | ၁၀ | ၇ | ၃ | ၁၀ | ၅၀.၀၀% | ၅၀.၀၀% | |
| ၅ | စစ်ကိုင်း | ၁ | ၁ | ၁ | ၄ | ၃ | ၇ | ၁ | ၀ | ၁ | ၃ | ၃ | ၆ | ၁၄.၂၉% | ၈၅.၇၁% | |
| ၆ | တနင်္သာရီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၇ | ပဲခူး(ရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၈ | ပဲခူး(နောက်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၉ | မကွေး | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၀ | မန္တလေး | ၁ | ၁ | ၁ | ၁၁ | ၁၀ | ၂၁ | ၇ | ၆ | ၁၃ | ၄ | ၄ | ၈ | ၆၁.၉၀% | ၃၈.၁၀% | |
| ၁၁ | မွန် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၁၉ | ၂၀ | ၃၉ | ၄ | ၃ | ၇ | ၁၅ | ၁၇ | ၃၂ | ၁၇.၉၅% | ၈၂.၀၅% | |
| ၁၃ | ရန်ကုန် | ၁ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၁ | ၂ | ၃ | ၁ | ၂ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၆ | ရှမ်း(ရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၇ | ဧရာဝတီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၈ | နေပြည်တော် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| | စုစုပေါင်း | ၇ | ၇ | ၇ | ၄၅ | ၄၈ | ၉၃ | ၁၆ | ၂၁ | ၃၇ | ၂၉ | ၂၇ | ၅၆ | ၃၉.၇၈% | ၆၀.၂၂% | |

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ယာယီပြောင်းရွှေ့နေထိုင်သူများအတွက် ဆန်ရိက္ခာများထောက်ပံ့ပေးအပ်



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ယာယီပြောင်းရွှေ့နေထိုင်သူများအတွက် ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်စဉ်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ယာယီပြောင်းရွှေ့နေထိုင်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားစဉ်။

**ဘားအံ မေ ၃**

ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် အကြမ်းဖက်သောင်းကျန်းသူများသည် ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း ဝင်ရောက်နေထိုင်၍ အကြမ်းဖက်လုပ်ငန်းများနှင့် တိုက်ပွဲများဖော်ဆောင်ခဲ့သည့်အတွက် ဒေသခံပြည်သူများသည် ဘားအံ၊ လှိုင်းဘွဲ၊ မြိုင်ကြီးငူ၊ ကမမောင်းဒေသများသို့ ယာယီပြောင်းရွှေ့နေထိုင်ခဲ့ကြရာ ယနေ့ မွန်းလွဲ ၂ နာရီက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် ဆန်ရိက္ခာများထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ဘားအံမြို့ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်း နယ်မြေမတည်ငြိမ်မှုများကြောင့် ယာယီပြောင်းရွှေ့အိမ်ထောင်စုပေါင်း ၇၇၁၁ စု၊ လူဦးရေ ၃၀၆၄၀ သည် နီးစပ်ရာဆွေမျိုးများနေအိမ်နှင့် ဘာသာရေးအဆောက်အအုံများတွင် ယာယီပြောင်းရွှေ့နေထိုင်ခဲ့ကြရပြီး စားသောက်နေထိုင်ရေးအဆင်ပြေစေရန် မိမိတို့ပြည်နယ်အစိုးရအဖွဲ့က ဆန်၊ ဆီအစရှိသော စားသောက်ကုန်ပစ္စည်းများ ကူညီထောက်ပံ့ပေးခဲ့ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အစိုးရတစ်ဖွဲ့တည်းကဆောင်ရွက်၍မရဘဲ ဒေသခံများကိုယ်တိုင် ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ယာယီပြောင်းရွှေ့ပြည်သူများအနေဖြင့် ယာယီနေထိုင်သည့်ကာလအတွင်း စည်းစည်းလုံးလုံးနေထိုင်ကြစေလိုပြီး ရာသီဥတုပူပြင်းသည့်ကာလဖြစ်သည့်အတွက် ကျန်းမာရေးကို အထူးဂရုစိုက်ကြရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဂရုစိုက်ကြရန်၊ စည်းကမ်းနှင့်အညီနေထိုင်ပြီး ဆရာတော်ကြီးများနှင့် သက်ကြီးရွယ်အိုများ၏ ဆုံးမဩဝါဒများနှင့်အညီ နေထိုင်ကြရန်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဘားအံမြို့ပေါ်ရပ်ကွက်(၉)ရပ်ကွက်၊ မိကရင်၊ လှာကဒေါင်၊လှာကာ၊အုန်းတပင်၊ လကွဏ၊ အိန္ဒူ၊ ဗျက္ခ၊ စံဖရီး၊ လှာကမြင်ကျေးရွာ အုပ်စုများတွင် ယာယီပြောင်းရွှေ့နေထိုင်သူအိမ်ထောင်စု ၁၃၉၅စု၊ လူဦးရေ ၅၄၉၄ ဦးအတွက် ဆန် ၃၈၆၂ အိတ်ထောက်ပံ့ပေးအပ်ရာ ယာယီပြောင်းရွှေ့နေထိုင်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူ၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယာယီပြောင်းရွှေ့ နေထိုင်သူများ စားဝတ်နေရေးကိစ္စရပ်များ အဆင်ပြေစေရန် ကရင်ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်က အိမ်ထောင်စုတစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီတစ်လီတာ၊ ခေါက်ဆွဲခြောက် ၁၀ ထုပ်နှုန်းဖြင့် စုစုပေါင်းအိမ်ထောင်စု ၅၉၂၈ စု၊ လူဦးရေ ၂၃၆၂၄ ဦးတို့ကို ဆန် ၁၉၇၆ အိတ်၊ ဆီ ၅၉၂၈ လီတာ၊ ခေါက်ဆွဲခြောက် ၇၆၂ ဖာကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ် ဧပြီ ၁၁ ရက်မှ ၂၃ ရက်ထိ လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူအထူးဒေသသို့ ယာယီပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စု ၁၅၃၉ စု၊ လူဦးရေ ၆၈၅၇ ဦးတို့ကို တစ်ဦးလျှင် ဆန်နှစ်ဘူးနှုန်းဖြင့် သုံးလစာအတွက် စုစုပေါင်းဆန် ၆၄၂၈ အိတ်ကိုလည်းကောင်း၊ ဧပြီ ၂၅ ရက်တွင် ဘားအံမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၂၂၃ စု၊ လူဦးရေ ၈၆၈ ဦးအတွက် အမျိုးသားသဘာဝအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် ဆန် ၆၀၉ အိတ်ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ယာယီပြောင်းရွှေ့ နေထိုင်သူများကို ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပန်းတိုင်းခြံကျေးရွာရှိ လုံခြုံရေးတပ်စခန်းမှလုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာရှိနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ပန်းတိုင်းခြံကျေးရွာရှိ လုံခြုံရေးတပ်စခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သမားများက မေ ၂ ရက်တွင် လာရောက်တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ တိုက်ခိုက်ခံရမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာအတွင်း ရှာဖွေစစ်ဆေးမှုများလုပ်ဆောင်ခဲ့ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု မှန်ကန်မှုမရှိသည့် သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ အဆိုပါလုံခြုံရေးတပ်စခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပန်းတိုင်းခြံကျေးရွာနှင့် ပခုက္ကူနည်းပညာတက္ကသိုလ်သို့ သွားရောက်သည့် လမ်းလုံခြုံရေးဆောင်ရွက်ရန်ထွက်ခွာစဉ် အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ကြောင်း၊ နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေးတိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပန်းတိုင်းခြံကျေးရွာရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဒေသခံပြည်သူများက အထင်အမြင်လွဲမှားစေရန်နှင့် ကြောက်ရွံ့ထိတ်လန့်စေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံရေးသားထားသည့် သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်ရေးသား နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# ကော့ကရိတ်မြို့၌ ပြန်လည်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**ကော့ကရိတ် မေ ၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် တိုက်ပွဲဖြစ်စဉ်များကြောင့် လူနေအိမ်များ မီးလောင်ပျက်စီးဆုံးရှုံးခြင်း လျှပ်စစ်မီးတိုင်နှင့်မီးကြိုးများ ပျက်စီးဆုံးရှုံးခြင်းနှင့် သစ်ပင်သစ်ကိုင်းများ ပြိုလဲပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

အဆိုပါဖြစ်စဉ်များကြောင့် မြို့နေပြည်သူလူထုများမှာ ဘေးလွတ်ရာဒေသများသို့ ယာယီပြောင်းရွှေ့နေထိုင်ခဲ့ကြရာမှ ယခုအခါ နယ်မြေအေးချမ်းတည်ငြိမ်လာပြီးဖြစ်သည့်အတွက် မြို့တွင်းသို့ နေ့စဉ်ပြန်လည်ဝင်ရောက် နေထိုင်လျက်ရှိရာ ကော့ကရိတ်မြို့ပေါ် ရပ်ကွက်(၇)ရပ်ကွက်ရှိ ပြည်သူများနေထိုင်မှုနှင့် လျှပ်စစ်မီးများ အဆင်ပြေစွာ သုံးစွဲနိုင်ရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှဝန်ထမ်းများက သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်မီးတိုင်နှင့် လျှပ်စစ်ကြိုးများ ရှင်းလင်းသွယ်တန်းခြင်းများကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ယနေ့နံနက်ပိုင်းတွင် ကော့ကရိတ်မြို့ပေါ်ရှိ ရပ်ကွက်တချို့အား သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လျှပ်စစ်မီးတိုင်နှင့် လျှပ်စစ်ကြိုးများရှင်းလင်းသွယ်တန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**



☆ **ကျောဖုံးမှအဆက်**

အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်များ ရွတ်ဆိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ပြိုင်ပွဲဝင်အားကစားအသင်းများကို လိုက်လံနှုတ်ဆက်၍ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး အသင်းအလိုက် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**




(၁)

အမေဖြစ်သူ ဆုံးသွားသည်မှာ သုံးလတင်းတင်း ပြည့်တော့မည်။

ကိုမင်းနိုင် ရင်ထဲမှာတော့ ယခုအချိန်ထိ အမေ ရှိနေသေးသလို အမေ၏အငွေ့အသက်လေးများ ကျန်ရှိနေသေးသည်။ ဘုရားခန်းတွင် ချိတ်ဆွဲထားသည့် အမေ့ဓာတ်ပုံလေးကို ကြည့်မိသွားလျှင် အမေက ပြုံးပြနေသယောင်ယောင် စိတ်ထဲထင်မှတ်နေမိသည်။ အသက်၈၅နှစ်အရွယ်ထိ အမေနေသွားရရှာသည်။ အမေဆုံးမည့်ညတွင် "မနက်ကျရင် စောစော ထကြနော်" ဟုပင် ပြောသေးသည်။ နံနက်အရုဏ်တက်ချိန် အစ်မက ဆွမ်းထချက်အပြီး အမေ့ကို မျက်နှာသစ်ပေးရန် သွားနှိုးပြီး လက်ကိုင်ကြည့်မှ အမေအသက်မရှိတော့မှန်း သိခဲ့သည်။ သူတို့မောင်နှမ သုံးယောက်စလုံးက အရွယ်ရောက်သူချည်းသာ။ အစ်မအသက်က ၅၀ဖြစ်ပြီး သားတစ်ယောက်သာရှိသည့် မုဆိုးမ။ ညီငယ်ကလည်း အသက် ၄၀ ရဲဝန်ထမ်း ကလေးနှစ်ယောက်နှင့်အဝေးတွင် တာဝန်ကျနေသည်။ သူကတော့ အသက် ၄၅နှစ် လူပျိုကြီး ဖြစ်သည်။ အိမ်ထောင်ပျက်သွားသည့်အစ်မက သူတို့နှင့်အတူလာနေသည်။ အစ်မက မုန့်ကြိုကျောင်း ဖွင့်ထားသည်။ မိသားစုလေးယောက် မုန့်ကြိုဖွင့်ထားသည့် လစာကလေးနှင့်လောက်ငအောင် စားဝတ်နေရေး၊ သာရေးနာရေးကအစ ဖြေရှင်းရသည်။ ပိုလျှံသည်တော့ မရှိခဲ့ပေ။

(၂)

"ဟဲ့မင်းနိုင် နင်လက်မှတ်ထိုးပေးမှ ရမှာလေ။ ဘာတွေဒီလောက်တောင် စဉ်းစားနေတာလဲ။ ငါ ခေါ်နေတာ ကြာနေပြီ"

"ကျွန်တော် မထိုးပေးနိုင်ဘူးအစ်မ။ အမေ သေတာဖြင့် မကြာသေးဘူး။ အခု ဝိုင်းရောင်းမယ်ဆိုတော့ အများအမြင်မှာ ဘာဖြစ်သွားမလဲ။ ပြီးတော့လဲ မိဘအမွေအိမ်လေးမှာပဲ ကျွန်တော်သေရင် ခေါင်းချချင်တယ်"

"အစ်ကိုကြီး မင်းတစ်ယောက်ထဲပိုင်တဲ့ အိမ်နဲ့ဝိုင်းမဟုတ်ဘူးကွ။ မောင်နှမသုံးယောက်စလုံး အမွေဆိုင်ပိုင်တဲ့ဝိုင်း။ ခေါင်းမာမနေပါနဲ့။ ပိုက်ဆံရလာရင် အစ်ကိုကြီးလုပ်ချင်တဲ့အလုပ်ကိုလဲ ငွေအရင်းအနှီးများများနဲ့လုပ်လို့ရတယ်။ အစ်ကိုကြီးကြိုက်တဲ့ ဒါလဲ အကြိုက်မော့လို့ရတာပေါ့" ဟု ညီငယ် အောင်လင်းက လက်မကို ပါးစပ်နားတေ့ကာ အရက်သောက်သည့် ပုံစံလုပ်ပြနေသည်။

သူ ထပြီးမျက်နှာကို အားရပါးရ လက်သီးဖြင့်စိတ်ရှိ လက်ရှိ ဆွဲထိုးပစ်ချင်စိတ်ကို ထိန်းနေရသည်။ ဘဝမှာ အရက်ကိုကြိုက်၍ အလွန်အကျွံ သောက်တတ်သော်လည်း မိဘဘိုးဘွားပိုင်ဆိုင်သည့်အရာနှင့် မိုက်ရူးရဲဆန်ပြီး ဘယ်တော့မှမလဲနိုင်ပါ။

"ညီငယ် မင်းက အစ်ကိုကြီးကို အမူးသမားဆိုပြီး လုပ်ချင်တိုင်း လုပ်မယ်ထင်နေတာလားကွ။ ငါအိမ်နဲ့ဝိုင်းကို မရောင်းချင်တာ အခြားကြောင့်မဟုတ်ဘူးကွ။ အဖေနဲ့ အမေ ခေါင်းချခဲ့တဲ့ ဒီအိမ်နဲ့ဝိုင်းကို သူများလက်ထဲအပါမခံနိုင်သလို ငါသေရင်လဲ ဒီအိမ်မှာပဲ သေချင်လို့ကွ။ မင်းတို့ အိမ်နဲ့ဝိုင်းရောင်းပြီးရတဲ့ ပိုက်ဆံ သိန်းသုံးထောင်က မင်းတို့လက်ထဲ ကြာကြာခံမယ်ထင်နေလား။ နောင်တစ်ချိန် ဒီလိုနေရာမှာ ဒီလို အိမ်နဲ့ဝိုင်းရဖို့ဆိုတာ နောင်ဆယ်သက်တောင် ရဖို့ မလွယ်ဘူးကွ"

"တော်ပါတော့။ မင်းနိုင်ရယ် နင်မူးနေပြီ"

"အစ်မ ငါမူးလို့ပြောတဲ့စကားလား၊ မမူးလို့ပြောတဲ့ စကားလား နင် ငါ့ပါးစပ်ကို လာအနံ့ခံကြည့်လိုက်"

သူ့ခေါင်းကို အစ်မဖြစ်သူ နှာခေါင်းနားတိုးပြလိုက်သည်။ ယခင်က အချိန်ပြည့်မူးရူးနေတာမှန်သည်။ သို့သော် အခု သူအရက်မသောက်တော့သည်မှာ တစ်ပတ်ရှိနေပြီ။

"အစ်မ ကျွန်တော် ပြန်တော့မယ်။ ဟိုမှာလဲ အလုပ်တွေပစ်ထားခဲ့ရတာ သုံးလေးရက်ရှိနေပြီ၊ အစ်မပဲ အစ်ကိုကြီးကို ကြည့်ပြီးပြောထားလိုက်ပါ"

"တောက် ဒီကောင်တော့ နာတော့မယ်"

သူထပြီး ညီငယ်ကို ထိုးဖို့အလုပ် အစ်မက သူ့လက်မောင်းကိုဖမ်းဆွဲထားသည်။ လမ်းဘက်ကို တရွေ့ရွေ့ထွက်ခွာသွားသည့် ညီငယ်၏ကျောပြင်ကိုကြည့်ကာ သူသက်ပြင်းတစ်ချက်ချမိသည်။ ဝန်ထမ်းဘဝဖြင့် မိသားစုလေးယောက် မစားလောက်မှန်း သူသိသည်။ အစ်မကလည်း အိမ်နှင့်ဝိုင်းရောင်းပြီး အခြားနေရာမှာ ဈေးချိုချိုလေး ပြန်ဝယ်နေပြီး ကျန်သည့် ပိုက်ဆံကို အရင်းအနှီးလုပ်ချင်နေသည်။ ဘေးမှာထိုင်ကာ မျက်နှာငယ်လေးနှင့် ကြည့်နေသည့် တူလေးကို သနားနေမိ သည်။ အစ်မက အဝတ်လျှော်ဦးမည်ပြော၍ ရေချောင်း ဘက်ထွက်သွားသည်။ သူလည်း ဘုရားခန်းဘက်ကို ဝင်လိုက်သည်။

"အမေ သား ဘယ်လိုလုပ်ရမလဲ။ စိတ်ဆင်းရဲလိုက်တာအမေရယ်။ အစ်မနဲ့ညီငယ်က ဒီအိမ်နဲ့ဝိုင်းကို သိန်းသုံးထောင်နဲ့ရောင်းနေပြီ။ သူတို့တွေက လက်မှတ်ထိုးကုန်ကျပြီ။ သားတစ်ယောက်ထဲ လက်မှတ်ထိုးဖို့ကျန်တော့တယ်။ အမေ့အငွေ့အသက်တွေရှိတဲ့ ဒီအိမ်ကြီးကိုရောင်းပြီး သား အခြားမှာ မနေချင်ဘူး အမေရယ်"

သူ အမေ့ဓာတ်ပုံလေးကို ကြည့်၍ မျက်ရည်များ ထိန်းမရအောင် ကျဆင်းလာသည်။ ဘာစိတ်ကူးကြောင့် အစ်မနှင့် ညီငယ်က မိဘဘိုးဘွားအမွေ အနှစ်ကို ရောင်းထုတ်ချင်ရသည်မသိ။သူစိတ်အလိုအရ ရှင်းရှင်းပြောရလျှင် ဆန်ပြုတ်ရေကျဲကျဲပဲ သောက်ရသောက်ရ အိမ်နှင့်ဝိုင်းကို လုံးဝရောင်းမည်မဟုတ်။ အစ်မနှင့် ညီငယ်က လက်မှတ်ထိုးပေးရန် တပူပူလုပ်နေ၍ စိတ်ညစ်မိသည်။

(၃)

တစ်ပတ်အကြာ

"မင်းနိုင် နင်လက်မှတ်ထိုးဖို့ ခေါင်းမာမနေပါနဲ့။ လက်မှတ်ထိုးပေးလိုက်ပါ။ နင့်ညီမှာလဲ အကြွေးတွေ အရမ်းများနေတယ်။ ဒီလကုန်လို့မှ အကြွေးတွေ မပေးရင် သူတို့မိသားစု အိမ်ပေါ်ကဆင်းပေးရတော့မှာ။ အစ်မမှာလဲ နင်သိတဲ့အတိုင်းပဲ။ ပေးရမဲ့အကြွေးရှင်တွေက ခဏခဏ အိမ်လာတောင်းနေတာ။ သူတို့က အကြွေး မပေးနိုင်လို့ ဆဲဆိုသွားကြတာကို နင်နားနဲ့ဆတ်ဆတ်ကြားနေရတာပဲ။ အစ်မ သူများအကြွေးတွေလဲ ပေးချင်တယ်။ အိမ်နဲ့ဝိုင်းနေဖြစ်ရုံ အနေတော်လောက်လေးပြန်ဝယ်နေပြီး ကျန်တာနင့်တူလေးနောင်ရေးအတွက် ဘဏ်ထဲမှာထည့်ပေးထားမယ်။ ငါ့မောင်ကလဲ အစ်မနဲ့ အတူလိုက်နေပေါ့။ ရတဲ့ဝေစုပိုက်ဆံကို ဘဏ်မှာ အပ်ထားပေါ့။ အစ်မ တောင်းပန်ပါတယ်။ ငါ့မောင် လက်မှတ်ထိုးပေးပါနော်"

မျက်ရည်များကျကာ ပြောနေသော အစ်မကို သူသနားလာမိသည်။ အကြွေးရှင်များလာတောင်းတိုင်း မပေးနိုင်၍ တောင်းပန်နေသည့်အစ်မအသံကိုလည်း သူကြားနေမိသည်။ အမေရှိကတည်းက မိသားစုလေးယောက်တာဝန်ကိုယူထားရသည့် မိန်းမတစ်ယောက်အနေဖြင့် အမေစားချင်သည် ပြောလိုက်သည်နှင့် မရှိရှိအောင်ရှာကြံကျွေးမွေးခဲ့သည်ဆိုတာလည်း သူအသိပါ။

"အစ်မရာ ငိုမနေနဲ့တော့။ ကျွန်တော်လက်မှတ်ထိုးပေးပါ့မယ်။ ကျွန်တော့် ဝေစုကိုလဲ အစ်မပဲ ယူလိုက်ပါ။ ကျွန်တော်မယူဘူး"

"ငါ့မောင်ဝေစု ငါ့မောင်ပဲယူပါ။ အခုမလိုအပ်လဲ နောင်တစ်ချိန် ငွေလိုတဲ့အခါ ဘဏ်မှာထည့်ထားပြီး ထုတ်သုံးပေါ့"

"မနက်ဖြန် မနက်ကျမှ ကျွန်တော်လက်မှတ်ထိုးပေးမယ်"

"အေးပါ ငါ့မောင်။ အစ်မ ကျေးဇူးအများကြီးတင်ပါတယ်ကွယ်"

နောက်တစ်နေ့နံနက်ခင်းတွင် စာချုပ်တွင် သူလက်မှတ်ထိုးပေးသည်။ ဝယ်သူက တစ်လအတွင်း အိမ်ဖျက်မည့်အကြောင်းနှင့် တစ်လအတွင်း အိမ်ဖယ်ပေးရန်ပြောခဲ့သည်။ ညီငယ်ကတော့ သူ့ဝေစုကိုယူ၍ ပြုံးပြုံးရွှင်ရွှင်နှင့် သူတာဝန်ကျရာနေရာကို နေ့ချင်းပြန်သွားသည်။ အစ်မကလည်း သူ့ဝေစုပိုက်ဆံရရချင်း ကြွေးမြီးတိုများ အကုန်လိုက်ဆပ်သည်။ ပိုငွေကို မြို့နှင့် ချောင်နည်းနည်းကျသည့်နေရာတွင် အိမ်အပါအဝင်ဝိုင်းကို သိန်းငါးရာနှင့် ဝယ်လိုက်သည်။ ကျန်ငွေကို ဘဏ်တွင် တူလေးနာမည်နှင့် အပ်ထားသည် ဟု အစ်မကပြောပြသည်။ အစ်မနှင့် ညီငယ်တို့သူတို့ ရသည့် ပိုက်ဆံများကို အသုံးလိုသလို ခွဲခြမ်းစိတ်ဖြာသုံးနေသော်လည်း သူကတော့ ပိုက်ဆံထုပ်များကို ကြည့်၍ ညတိုင်းလိုလို မျက်ရည်နှင့်မျက်ခွက်ဖြစ်နေရသည်။ သည်ပိုက်ဆံများက သူ၏ အသည်းနှလုံးများ နာကျင်ခံရောင်းပြီးမှ ရလာသည့် ငွေများ ဖြစ်သည်။

"အမေရေ နောက်တစ်ပတ်ဆို အိမ်ပြောင်းနေရတော့မယ်။ သားလေ ဒီပိုက်ဆံတွေကို မလိုချင်ဘူး၊ အမေနေခဲ့တဲ့ ဒီအိမ်နဲ့ဝိုင်းကိုပဲ မက်မောတယ်။ သား အသည်းနှလုံးတွေ ကြေမွကုန်ပါပြီ အမေရယ်"

ဘုရားခန်းက အမေ့ဓာတ်ပုံရှေ့တွင် အသံတိတ် စိတ်ထဲက ပြောနေမိသည်။

"မနွယ် ကိုမင်းနိုင်လဲ အခုတလော အိမ်ပြင်ထွက်တာမတွေ့ပါလား။ ကေန္ဒ ပိုက်ဆံတွေ အများကြီးရပြီး အိပ်ရာထဲကမထနိုင်အောင် အမူးသောက်နေတယ်ထင်တယ်"

"ဟဲ့ ထင်ရာတွေ လျှောက်ပြောမနေပါနဲ့။ ငါ့မောင်က အရက်မသောက်တာတစ်လရှိတော့မယ်"

အစ်မနှင့်ဘေးအိမ်ကအမျိုးသမီးပြောသည့်စကားသံကို ဘုရားခန်းကနေ ကြားနေရသည်။ ယခင်က ဆိုးပေတေ အမူးသမားဖြစ်ခဲ့သည့် သူ့ကို ပတ်ဝန်းကျင်က ပိုက်ဆံများရသောကြောင့် မူးရူးသောက်စားပြီး အိမ်ထဲက အိမ်ပြင်မထွက်နိုင်သည်ဟု ထင်သည်က အဆန်းမဟုတ်ပေ။ ခါတိုင်းအမေရှိစဉ် ကလည်း ရပ်ကွက်ထဲတွင် မူးရူးမှောက်လဲနေခဲ့သည်ကိုး။

"ငါ့မောင် နေမကောင်းဘူးလား။ ထမင်းလဲ ဟုတ်တိပတ်တိ မစားဘူး"

"နေကောင်းပါတယ် အစ်မရယ် စိတ်မပူပါနဲ့။ ဘာမှမဖြစ်ပါဘူး"

"ငါ့မောင် ပိုက်ဆံတွေကို ဘဏ်မှာသွားအပ်မလား။ အစ်မ လိုက်ပို့ပေးမယ်လေ။ သန်ဘက်ခါ အိမ်လာဖျက်တော့မှာတဲ့။ အစ်မတို့ အိမ်ပြောင်းရတော့မယ်"

"ဟူး. . . အစ်မ ဘုရားခန်းမှာရှိတဲ့ သိန်းငါးရာကို အမေနဲ့အဖေအတွက် ဇရပ်ဖြစ်ဖြစ်၊ ဘုရားပြုပြင်

စာမျက်နှာ ၂၅သို့ ➤

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာ ၁၆၃၃၅ ဧကရိတ်သိမ်းပြီးစီး



**မင်းကင်း မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာ ၁၆၃၃၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၆၃၃၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၉ ဒသမ ၀၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မင်းကင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ နေကြာ၁၆၃၃၅ ဧကစိုက်ပျိုးထားပါတယ်။လက်ရှိ ဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ နေကြာစိုက်ပျိုးမှု တိုးတက်လာပါတယ်။ ဒီနှစ်ဆိုရင် ရာသီဥတုကောင်းမွန်တော့ တိုးစိုက်နိုင်ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၆၃၂၈ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၁၆၃၃၅ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းနေကြာစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊တောင်သူမှ တောင်သူသို့ မျိုးစေ့များဖလှယ်ခြင်း၊ ဆောင်းသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေး လုပ်ငန်းများ၊ သဘာဝမြေဆွေးပုံပြုလုပ်သုံးစွဲနည်းများ၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင် ဆောင်ရွက်ခြင်း၊ နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည် မြှင့်မားရေးအတွက် ပညာပေး သင်တန်းများကိုလည်း အရှိန်မြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းထံမှ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

ရာမှာဖြစ်ဖြစ် သူတို့နာမည်ထိုးပြီး လှူပေးပါ။ ကျန်သိန်းငါးရာကို တူလေးနာမည်နဲ့ ဘဏ်မှာ အပ်ထားလိုက်ပါ။ ကျွန်တော်အိပ်တော့မယ်"

"အေးအေး။ ငါ့မောင် စောင်သေချာခြုံအိပ်နော်။ မိုးအေးတယ်"

သူခေါင်းသာ အသာညိတ်ပြခဲ့ပြီး ထမင်းစား စားပွဲက ထလာသည်။

မင်းနိုင် အခုတလော ထမင်းလည်းသိပ်မစားပေ။ အချိန်ပြည့် ငူငူငိုင်ငိုင် ဖြစ်နေသည်။ အားအားရှိ ဘုရားခန်းက အမေ့ဓာတ်ပုံကိုသာ မော့ကြည့်နေတတ်သည်။ မျက်စိမလှ၊ မျက်ဆန်မလှ မျက်ကွင်းများညို၍ အသားအရည်က ဖြူဖက်ဖြူရော်နှင့်ဖြစ်နေပြီး အလွန်ပိန်သွားသည်။ အိမ်နှင့်ဝိုင်းရောင်းလိုက်ရသောကြောင့် တော်တော်လေး စိတ်ထိခိုက်ပြီး စိတ်ဓာတ်ကျနေပုံရသည်။ မောင်ဖြစ်သူ မျက်နှာမသာမယာ၊ တမှိုင်မှိုင်တထွေထွေ မစားနိုင်၊ မသောက်နိုင်ဖြစ်နေသောကြောင့် အစ်မဖြစ်သူ မနွယ် စိတ်မကောင်းပါ။

(၄)

"သန်ဘက်ခါဆို အိမ်ဖျက်တော့မယ်တဲ့"

အစ်မဖြစ်သူ၏စကားကို အိပ်ရာထဲမှာပြန်ကြားနေမိသည်။ သူ့ရင်ဘတ်ထဲမှာ အလွန်နာကျင်နေသည်။ တစ်သက်လုံးမိသားစုများ ပျော်ပျော်ရွှင်ရွှင်နေခဲ့သည့် သည်အိမ်ဝိုင်းလေးကို သူ ခွဲမသွားချင်ပေ။

"မေမေ ဈေးသွားမလို့လား။ ဦးဦးလဲ အိပ်ရာမထသေးဘူး"

"သား သွားနှိုးလိုက်အုံး။ မေမေဈေးသွားမလို့ ဘာစားချင်လဲမေးခဲ့ "

သားငယ်မှာ အနားကနေဖျက်ခနဲ သူ့ဦးလေးအခန်းထဲ ပြေးဝင်သွားသည်။ ခဏအကြာ-

"မေမေရေ မေမေရေ။ ဦးဦး ခေါ်လို့မရတော့ဘူး။ ဟီး အီး။ ဦးဦး ထပါ။ ထလို့ ဦးဦး"

သားငယ်၏ အော်ငိုသံကြောင့် မနွယ် မောင်ဖြစ်သူ အခန်းထဲ ဝရုန်းသုန်းကား အပြေးတစ်ပိုင်း ဝင်လာခဲ့သည်။

သားငယ်ဘေးဝင်ထိုင်၍ မောင်ဖြစ်သူလက်ကို ကိုင်လိုက်မိရာတွင် အမေတုန်းကလို အေးစက်စက် အထိအတွေ့ကို ခံစားလိုက်ရသည်။

"မင်းနိုင် မင်းနိုင်။ ငါ့မောင် အစ်မခေါ်နေတယ်လေ။ ထကြည့်ပါအုံး ငါ့မောင်ရယ်။ မင်းနိုင် ဘယ်လိုဖြစ်ရတာလဲ ငါ့မောင်ရယ်။ အဟင့်ဟင့် အီး ဟီး ဟီး။ ငါ့မောင် အစ်မခေါ်နေတယ် ပြန်ထူးပါအုံးလား"

မနွယ်ခေါ်နေသော်လည်း မင်းနိုင်တစ်ယောက်ဆုံးပါးသွားခဲ့လေပြီ။

"ဘယ်လိုဖြစ်ရတာလဲ။ မင်းနိုင်က အကောင်းကြီးကနေ ရုတ်တရက်ကြီး အခုလိုဖြစ်သွားရတာ"

"အေးလေ ဟိုနေ့ကတောင် အိမ်ပတ်ပတ်လည် လိုက်ကြည့်နေလို့ ငါကတောင် အရက်ကြောင်သွားလို့ လုပ်နေတယ်ထင်နေတာ"

"အေးလေ ငါလဲမြင်မိတယ်ဟ။ အိမ်နေရာအနှံ့လိုက်ကြည့်နေတာ။ ငါတောင် စလိုက်သေးတယ်။ ပိုက်ဆံရပြီဆိုတော့ မိန်းမယူတော့မလို့လားလို့"

"အရက်သမားဆိုတော့ အရက်နာကျတာနေမှာပေါ့ဟာ။ နင်တို့ကလဲ"

အသုဘတွင် လူများတစ်ယောက်တစ်မျိုးသူတို့ထင်ကြေးနှင့် ပြောဆိုနေကြသည်။ မနွယ်ကတော့ ဘုရားခန်းက မောင်ဖြစ်သူ အလောင်းဘေးတွင် ငိုင်ငိုင်ကြီးထိုင် ငိုနေသည်။

"ငါ့မောင်ရယ် မင်းက လူတွေထင်သလို အရက်နာကျလို့သေတာမဟုတ်ဘဲ ရင်ကွဲနာကျလို့ သေတယ်ဆိုတာ အစ်မ ပတ်ဝန်းကျင်ကို ဘယ်မျက်နှာနဲ့ ပြန်ပြောရမလဲ ငါ့မောင်ရယ်။ ဖြစ်မှဖြစ်ရလေကွယ်။ ရင်ကွဲနာကျလို့သေတယ်ဆိုတာ သမီးရည်းစားချစ်သူတွေနဲ့မိသားစုတွေ ကွဲကြလို့ သေတယ်ပဲ ကြားဖူးခဲ့ပါတယ်။ အခုတော့ ငါ့မောင်မင်းနိုင်က မိဘရဲ့အမွေအိမ်ဝိုင်းရောင်းရလို့ ရင်ကွဲနာကျသေရတယ်တဲ့လား"

မနွယ် စိတ်ထဲကစကားပြောသံကို အသုဘလာသူများ မကြားနိုင်သော်လည်း ဘေးမှာရှိနေသည့် မင်းနိုင်လိပ်ပြာလေးက သိနေမှာအမှန်ပင်။

"အစ်ကိုကြီး မင်းပြောခဲ့တဲ့ ငါသေရင် ဒီအိမ်ကလေးမှာပဲ ခေါင်းချချင်တယ်ဆိုတဲ့စကားက အခုတော့ အခုတော့"

အောင်လင်း မျက်ရည်များပါးပြင်မှာစီးကျလျက် ပြောမည့်စကားလုံးများက လည်ချောင်းထဲတွင်ပျောက်နေ၏။

မင်းနိုင်၏ဆန္ဒပြည့်ဝသွားခဲ့ပြီမဟုတ်လား။ အိမ်မဖျက်မီနှစ်ရက်အလိုတွင် ရင်ကွဲနာကျ၍ သေဆုံးသွားခဲ့သည့် မင်းနိုင်ကို ပတ်ဝန်းကျင်မှာတော့ အရက်နာကျ၍ သေသွားခြင်းဟုသာထင်ကြမှာအမှန်။ ဘယ်သူမှ မသိနိုင်သော လျှို့ဝှက်ချက်ကို မနွယ်နှင့် အောင်လင်းကလွဲ၍ သိနိုင်မည်မဟုတ်ပေ။

## ကြိုတင်ကာကွယ် မီးဘေးအန္တရာယ်

\- မီးဘေးအန္တရာယ်
ကာကွယ်မှ ကင်းဝေး၊
သတိအစဉ် ဖေးမလို့ရယ်
တွေးဆမနှေး။

\- ပေါ့ဆကာ အထင်မသေးနဲ့
မီးဘေးက ကြောက်မက်ဖွယ်၊
ညွှန်းသက်သေ သိမှတ်ထား
ငါးပါးရန်စွယ်၊
အစိုးမရတဲ့ ဘေးအန္တရာယ်
လိုက်နာကွယ် ထုတ်ပြန်ချက်၊
သတိပြုစရာ စည်းကမ်းတွေနှင့်
(ပြည်သူတို့ရေ)
ကြိုတင်ထမ်းရွက်။

\- အသက်အိုးအိမ် စည်းစိမ်ဖျက်
ပူသည်ထက် ကမ်းကုန်အောင်၊
ဆင်ခြင်ပါ မိမိက
ဒုက္ခကင်းအောင်၊
အမှိုက်ကစ ပြာသာဒ်လောင်
မီးဘေးရှောင် မလောင်ခင်တား၊
မြင်တွေ့ရ ကမ္ဘာ့နယ်မှာဖြင့်
အန္တရာယ် ဘေးဒုက္ခတွေကြောင့်
ကြားသမျှ ရင်နင့်စရာ
မိတ်ဆွေဟာ ရန်သူဖြစ်သမို့
ပေါ့ဆအပြစ် မရှိအောင်
မြဲမြဲဆောင် သတိပြုပါလို့
(ပြည်သူတို့ရေ)
ဂရုစိုက်စို့လား။ ။

**မင်းသူရိန်(သာကီနွယ်)**

# ပေါက်ခေါင်းမြို့၌ လက်သမား၊ ပန်းရန်သင်တန်းဖွင့်

**ပေါက်ခေါင်း မေ ၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန် သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါက်ခေါင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာက သင်တန်းသားများကို သင်တန်းတွင် သင်ကြားမည့်သင်ခန်းစာများကို ကြိုးစား၍ လေ့လာသင်ယူစေလိုကြောင်းနှင့် သင်တန်းတွင်လိုက်နာရမည့် စည်းကမ်းချက်များ ကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး အခမ်းအနားသို့တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းကို သင်တန်းနည်းပြဆရာက မေ ၂ ရက်မှ မေ ၂၁ ရက်ထိ စာတွေ့လက်တွေ့ဖြင့် ရက် ၂၀ ကြာ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမြတ်**

# ချစ်သည့်စိတ်ဖြင့် မြင်အောင်ကြည့်၍ အမိမြေကိုကာကွယ်ကြပါစို့

**ကျော်ဇေ (ဥက္ကလာ)**

> ❖ နိုင်ငံ၏ ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာရေးကို ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်မှသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ ပြည်တွင်းသောင်းကျန်းမှုကာလနှင့် ယနေ့ဒီမိုကရေစီအစိုးရကာလထိတိုင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ယနေ့ စာရေးသူတို့ အမိမြန်မာနိုင်ငံတော်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို အသက်သွင်းပြီး နိုင်ငံတော်၏ ကာကွယ်ရေးအင်အား ပိုမိုတောင့်တင်းခိုင်မာရေးအတွက် ဆောင်ရွက်နေပြီဖြစ်သည်။ သတ်မှတ်အသက်အရွယ်နှင့် အကျုံးဝင်ကြသည့် လူငယ်လူရွယ်လေးများတက်ကြွစွာ စစ်မှုထမ်းကြသည်ကို တွေ့မြင်ရသည်။ ❖

ယနေ့ ကမ္ဘာ့နိုင်ငံများကြား လေ့လာဆန်းစစ်ကြည့်လျှင် စစ်မက်များ တောက်လောင်နေသည့် အခြေအနေများ၊ တောက်မည့် မီးခဲတရဲရဲဆိုသည့်အတိုင်း စစ်မက်အရိပ်အရောင်များ သန်းနေသည့် အခြေအနေများကို အားလုံးတွေ့မြင်ကြရမည်သာဖြစ်သည်။ ငြိမ်းချမ်းရေးရောင်ခြည် မှေးမှိန်လာသော ကမ္ဘာကြီးဟုသာ ဆိုချင်သည်။ မည်သို့ပင်ဆိုစေ ထိုအခြေအနေများကို ကာကွယ်ကြရမည့် အဓိကအချက်မှာ ပြည်တွင်းစည်းလုံးမှုကို ခိုင်မာတောင့်တင်းရေးပင်ဖြစ်၏။ ခိုင်မာတောင့်တင်းလာသည့် ပြည်တွင်းအားသည် နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်သူ တစ်ဦးချင်းစီအလိုက် နှလုံးသားကိုယ်စီတွင် ရှိသင့်၊ ရှိရမည့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဆီမှသာ အခြေခံလေ၏။ ထိုမှန်မြတ်ရဲရင့်သော စိတ်ထားများဖြင့် နိုင်ငံသားတိုင်းသည် ကိုယ့်အမိမြေကို ကိုယ်တိုင် ကာကွယ်ကြရမည်သာ ဖြစ်ပေသည်။

ပုဂံခေတ်မှသည် ခေတ်အဆက်ဆက်တိုင်းတွင် ကာကွယ်ရေးအင်အားများ တည်ဆောက်၍ နိုင်ငံတော်ကာကွယ်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းများကို တည်ဆောက်နိုင်ခဲ့ကြသည်။ ကာကွယ်ရေးအင်အား တောင့်တင်းလေသမျှ နိုင်ငံတော်သည် ငြိမ်းချမ်းမှု အရိပ်အငွေ့များနှင့် စည်ပင်သာယာဝပြောခဲ့သည်မှာ သမိုင်းအဆက်ဆက်က သက်သေခံလျက်ရှိသည်။ နိုင်ငံသူ၊နိုင်ငံသားများ၏ နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်များမှ ဖူးပွင့်လာသော နိုင်ငံတော်ကာကွယ်ရေးစိတ်ဓာတ်များသည် နိုင်ငံတော်အေးချမ်းသာယာရေးထိ ခရီးတာခဲ့သည်မှာ အမှန်တရားတစ်ခုပင်ဖြစ်၏။ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်ဟူသော သမိုင်းခရီးကြားတွင် မြန်မာတို့၏ ရဲသွေးနီသော နှလုံးသွေးများကို အထင်းသားမြင်တွေ့ကြရပေမည်။

ထို့အတူ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ ပြည်တွင်းသောင်းကျန်းမှုကာလ၊ ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးကာလနှင့် ဒီမိုကရေစီအစိုးရကာလတို့တွင်လည်း အနိမ့်အမြင့်သမိုင်းနေ့စွဲများကို မြင်တွေ့ကြရမည်ဖြစ်သည်။ မည်သည့်သမိုင်းအချိုးအကွေ့ပင်ဖြစ်ပါစေ ရင်ဆိုင်ကြုံတွေ့လာရသည့် အခြေအနေများသည် နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက် စိန်ခေါ်မှုများသာဖြစ်ခဲ့ရ၏။ ရင်ဆိုင်ခဲ့ရသမျှအပေါ် လက်မြှောက်အရှုံးပေးခဲ့ပါလျှင် အချုပ်အခြာအာဏာနှင့် နယ်နိမိတ်ဟူသောအရာကို စာရေးသူတို့တစ်မျိုးသားလုံး ယနေ့လက်ဆုပ်လက်ကိုင်ပြုနိုင်ရန်ပင် ခက်ခဲနေပါလိမ့်မည်။

သို့သော် နိုင်ငံတော်တိုင်းတစ်ပါးအောက် ရောက်ခဲ့တိုင်း မြန်မာဟူသော ပြည်သူတို့၏ နှလုံးသားကားကျွန်မဖြစ်ခဲ့။ ပြည်တွင်းသောင်းကျန်းမှုကြောင့် စစ်မီးဝိုင်းခဲ့ရသောကာလများတွင် နိုင်ငံတော်၏ ရုပ်သဏ္ဌာန်မချို့ပျက်စီးလောင်မြိုက်မှုများဖြစ်ခဲ့သော်လည်း မြန်မာဟူသော ပြည်သူတို့၏ နှလုံးသားများကား လိုက်ပါလောင်မြိုက်ပျက်စီးသွားခဲ့ခြင်းမရှိပေ။ ရဲရင့်သောသတ္တိသွေး၊ မပြယ်လွင့်သည့်သစ္စာစောင့်သိမှုတရားများကြောင့် ထိုနှလုံးသားများကပင် နိုင်ငံတော်ကို အကြိမ်ကြိမ် ပြန်လည်ထိန်းသိမ်းကာကွယ်နိုင်ခဲ့ကြသည်။ မြန်မာသည်ကား မည်သည့်အခါမျှ မညံ့ခဲ့ကြဟုသာဆိုရပေမည်။ တစ်နည်းဆိုသော် မျိုးဆက်အလိုက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အပြည့်ဖြင့် တာဝန်ကျေခဲ့ကြခြင်းလည်း ဖြစ်ပေသည်။

ယနေ့မျက်မှောက်သမိုင်းကို ကြည့်ကြပါမည်။ ကမ္ဘာ့နိုင်ငံကြီးများက ငြိမ်းချမ်းရေးဟူသော စကားလုံးကို ရှေ့တန်းတင် ပြောဆိုနေကြသော်လည်း ကာကွယ်ရေးအင်အား၊ စစ်ရေးအင်အား၊ စစ်လက်နက်အင်အား တောင့်တင်းခိုင်မာရေးနှင့် ခိုင်မာကျစ်လျစ်သည့် တပ်မတော်တစ်ရပ်တည်ဆောက်ရေးကို တစ်ဖက်တစ်လမ်းက ကြိုးစားနေကြသည်။ ရှေးယခင်က ကိုယ့်မြေကိုယ့်စည်းရိုးလာထိပါးမှသာ အချုပ်အခြာအာဏာကာကွယ်ခြင်းဟု ဆိုခဲ့ကြသည်။ မျက်မှောက်ခေတ်တွင်တစ်ဖက်က လွှမ်းမိုးလာနိုင်သည့် အခြေအနေများ၏ ဦးတည်ရာသည် မိမိနှင့်ဖွဲ့စည်းထားသည့် မဟာမိတ်နိုင်ငံတစ်ခုခု၏ စည်းရိုးကို လာထိချိန်၌ပင် တစ်နည်းနည်းဖြင့် ပြန်လည်တုံ့ပြန်နေကြပြီဖြစ်သည်။ မျက်မှောက်ခေတ်၏ အချုပ်အခြာအာဏာကာကွယ်မှုပုံစံတစ်ခုကဲ့သို့ မြင်နေရ၏။ ထိုအခြေအနေများကြောင့် နိုင်ငံတစ်နိုင်ငံ၏ ကျင့်သုံးမည့် နိုင်ငံခြားရေးမူဝါဒသည်လည်း ကျွမ်းကျင်လိမ္မာတတ်ရန်လိုလာပြီကို ဖော်ညွှန်းနေသလိုပင်။ မူဝါဒမကျွမ်းကျင် လိမ္မာမှုမရှိလျှင် စစ်တလင်းဖြစ်နေရသည့် ယူကရိန်းကို သင်ခန်းစာယူတတ်ကြရန်လိုသည်။

တစ်ဖက်တွင်လည်း ပြည်တွင်းစည်းလုံးညီညွတ်မှုကို ခိုင်မာတောင့်တင်းရေးသည် များစွာအရေးပါလာသည်ကို တွေ့မြင်ရဦးမည်ဖြစ်သည်။ ကာကွယ်ရေးအင်အား မခိုင်မာလေသမျှ မည်သည့်နိုင်ငံမဆို သရက်ဖူးချိန် လေပြင်းခြွေသလို အဖြစ်မျိုးကို မလွဲမသွေ ရင်ဆိုင်ကြရမည်သာဖြစ်သည်။ မိမိနိုင်ငံ၏ ကာကွယ်ရေးအင်အားလျော့ရဲခြင်း တစ်ချက်သည် အင်အားကြီးနိုင်ငံများအတွက် အပြုံးတစ်စက်ကို ဖြစ်ပေါ်စေပါမည်။ ကာကွယ်ရေးအင်အားဟူသည်ကား တိုင်းရင်းသားစည်းလုံးညီညွတ်မှုမှ ဖူးပွင့်လာသော အမြုတေသာဖြစ်သည်။ ပြည်ပနိုင်ငံတချို့က မြင်ပြီးနှင့်သည်ဖြစ်၍ နိုင်ငံသူ၊ နိုင်ငံသားအားလုံးက မြင်အောင်ကြည့်တတ်ကြရန်သာ လိုပါတော့သည်။

နိုင်ငံ၏ ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာရေးကို ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်မှသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ ပြည်တွင်းသောင်းကျန်းမှုကာလနှင့် ယနေ့ဒီမိုကရေစီအစိုးရကာလထိတိုင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ယနေ့ စာရေးသူတို့ အမိမြန်မာနိုင်ငံတော်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို အသက်သွင်းပြီး နိုင်ငံတော်၏ ကာကွယ်ရေးအင်အား ပိုမိုတောင့်တင်းခိုင်မာရေးအတွက် ဆောင်ရွက်နေပြီဖြစ်သည်။ သတ်မှတ်အသက်အရွယ်နှင့် အကျုံးဝင်ကြသည့် လူငယ်လူရွယ်လေးများ တက်ကြွစွာ စစ်မှုထမ်းကြသည်ကို တွေ့မြင်ရသည်။

ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၁)အဖြစ် တိုင်းဒေသကြီးအသီးသီးတွင် သင်တန်းများ ဖွင့်လှစ်နေပြီလည်းဖြစ်သည်။ သင်တန်းကာလမှာ မြန်မာ့နှစ်သစ် မဟာသင်္ကြန်ကာလနှင့် ကြုံကြိုက်ခဲ့သည်။ သို့သော် သင်တန်းကာလဆိုပေသိ သက်ဆိုင်ရာတာဝန်ရှိသူများက မဟာအတာသင်္ကြန်ပွဲတော်များကို စည်ကားသိုက်မြိုက်စွာကျင်းပပေးခဲ့၍ သူတို့ပျော်ရွှင်ခဲ့ရသည်ကို မီဒီယာစာမျက်နှာများအနှံ့တွင် တွေ့မြင်ကြရမည်ဖြစ်၏။ ပြည်ပနိုင်ငံများတွင် မဟာဘွဲ့ရပြီးသည့် လူငယ်တချို့ကိုလည်း အံ့သြစွာတွေ့ရသည်။ ကိုယ်ပိုင်အသိစိတ်ဖြင့် မိဘနှစ်ပါးထံခွင့်ပန်ကာ ပြည်သူ့စစ်မှုထမ်းအဖြစ် တပ်မတော်သို့လှမ်းလာခဲ့သော လူငယ်များကိုလည်း ဝမ်းမြောက်စွာတွေ့ရသည်။ အလွှာများမည်သို့စုံစုံ နိုင်ငံသား၊ တပ်မတော်သားဟူသည်မှာ တစ်သွေးတည်း တစ်သားတည်းပင် မဟုတ်ပါလား။

စာရေးသူဆက်စပ်၍ မြင်ယောင်မိပါသေးသည်။ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ ရက် နောက်ပိုင်း နိုင်ငံရေးအလှည့်အပြောင်းတွင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ နိုင်ငံရေးမှိုင်းကြောင့် လူငယ်လူရွယ်များ မိဘရင်ခွင်များမှ လမ်းမများပေါ်သို့ အမှိုက်သဖွယ် ပြန့်ကျဲတက်လာခဲ့ကြသည်။ စူးစမ်းတက်ကြွလိုသော စိတ်အစဉ်ပိုင်ရှင်များဖြစ်သည့် လူငယ်လူရွယ်များ၏ နှလုံးသားများကို နိုင်ငံရေးဆူးဖြင့် ထိုးစိုက်ကာ အဆိပ်သင့်စေခဲ့သည်။ မည်မျှမိုက်ခဲ့ကြပါသနည်း။ အနန္တောအနန္တငါးပါးကို စော်ကားသတ်ဖြတ်ခဲ့သည်ထိ သူတို့ အမိုက်ခရီးဆိုက်ခဲ့ကြသည်။ ထိုလူငယ်များသည် လက်နက်ကိုင်အကြမ်းဖက်သမားများအသွင်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွားကြပြန်သည်။

မှားယွင်းသော နိုင်ငံရေးခံယူချက်ဖြင့် အဆင့်ဆင့်ရေလိုက်လွဲရာမှ ကြမ်းကျွံလျှင် နုတ်၍ရသေးသည်၊ စကားကျွံလျှင် နုတ်မရဆိုသည့်အတိုင်း တိုင်းရင်းသားလက်နက်ကိုင် သောင်းကျန်းသူများ၏လက်သို့ ကိုင်းညွတ်ဆင်းသက်သွားကြသည်။ မျိုးသိပ်နိုင်သော ဒုက္ခဆင်းရဲများ ရှိနေနိုင်သလို မျိုးသိပ်နိုင်စွမ်းမရှိသော ဒုက္ခဆင်းရဲများလည်း သူတို့အသိုင်းအဝိုင်းကြား များစွာရှိနိုင်ပါသေးသည်။ သို့သော် မသိသူက မတတ်သူကို ဆရာလုပ်ဆိုသလို အိမ်ထဲမှနေ၍ လူမှုကွန်ရက်များတွင် လှုံ့ဆော်အားပေးလုပ်နေကြသူများကလည်း ပြည်တွင်း၊ ပြည်ပအနှံ့အပြားတွင် အံ့အားသင့်စွာ မြင်နေရပြန်သည်။

ထိုသို့နိုင်ငံတော်၏ လူငယ်မျိုးဆက်သစ်များ အကြမ်းဖက်ဘဝကိုယ်စီဖြင့် ဆုံးရှုံးနေရသည့် အရေးသည်လည်း နိုင်ငံတော်၏ အခက်အခဲတစ်ခုသာဖြစ်သည်။ တစ်စတစ်စနှင့် အကြမ်းဖက်နယ်ပယ်သို့ ကျရောက်သွားကြရမည့်အစား အကျိုးရှိစွာပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ခြင်းသည်ကား ပို၍မှန်မြတ်ပေဦးမည်။ အကြမ်းဖက်လမ်းစဉ်ကြောင့် လူငယ်အများအပြား သေနတ်ပစ်သွားတတ်ကြသည်။ မိုင်းထောင်ဖောက်ခွဲနည်းများ တတ်သွားကြသည်။ ရေရှည်ကြည့်လျှင် တရားမဝင် ဝင်ရောက်လာခဲ့သည့် လက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်တတ်ခြင်းများဆိုသည်ကား နိုင်ငံတော်အတွက် စိုးရိမ်ကြီးစရာများသဖွယ် မြင်ရပြန်သည်။ ထိုအခက်အခဲကို ပြန်လည်ကုစားရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းအသက်သွင်းခြင်းသည်သာ အဖြေတစ်ခု၊ နည်းလမ်းတစ်သွယ်ဖြစ်ခဲ့သည်ဟု စာရေးသူမြင်မိပါသည်။ အကြမ်းဖက်ဘဝဖြင့် အဆုံးသတ်မည်လား၊ ပြည်သူ့စစ်မှုထမ်းအဖြစ်နိုင်ငံ့တာဝန်ကို ထမ်းဆောင်သယ်ပိုးရင်း ဂုဏ်ယူကြမည်လားဆိုသည့် မေးခွန်းကို ယနေ့လူငယ်တို့ ကိုယ့်ကိုယ်ကိုယ် ထိထိမိမိ မေးချိန်တန်ပါပြီ။

ယနေ့ နိုင်ငံသူ၊ နိုင်ငံသားတိုင်း၊ လူငယ်လူရွယ်တိုင်းသည် ကမ္ဘာ့နိုင်ငံများ၏ မျက်မှောက်အခြေအနေ၊ မိမိနိုင်ငံ၏သမိုင်းကြောင်း၊ မိမိပြည်တွင်းရေးအခြေအနေများအပေါ် ကျေကျေလည်လည် ပြန်လှန်သုံးသပ်ကြပါ။ အဆိုပါ အခြေအနေအရပ်ရပ်ကို မြင်အောင်ကြည့်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိအချုပ်အခြာအာဏာကို ချစ်မြတ်နိုးတန်ဖိုးထားတတ်သော နိုင်ငံသူ၊ နိုင်ငံသားများအဖြစ်နှင့် အမိမြေကို ကာကွယ်စောင့်ရှောက်ကြပါဟု စာခြယ်မှုန်း၍ တိုက်တွန်းလိုက်ရပါတော့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဂုဏ်ပြုပါကြောင်း မီးသတ်အပေါင်း

စိန်ဌေးလှိုင်(ဟိုပုံးမြေ)

ဗုဒ္ဓဘာသာမှာ ရေ၊ မီး၊ မင်းဆိုး၊ ခိုးသူ၊ မချစ်မခင်သူ ဒါမှမဟုတ် သားသမီးဆိုးတွေကို ရန်သူမျိုး ငါးပါးအဖြစ် သတ်မှတ်ထားရှိပါတယ်။ ဒီငါးမျိုးအနက် မီးဟာ အဆိုးရွားဆုံးရန်သူဖြစ်ပါတယ်။ "သူခိုး ခိုးလျှင် အစုတ်ကျန်၊ မီးခိုးလျှင် အပြုတ်နှံ့"ဆိုတဲ့စကားအရ သူခိုးခိုးရင် ပစ္စည်းဥစ္စာအားလုံးမဆုံးရှုံးပါ။ မီးလောင်ရင် ပစ္စည်းဥစ္စာအားလုံးဆုံးရှုံးရမှာပါ။ မီးဘေးအန္တရာယ်ဆိုတာက ဘယ်သူ့ကိုမှ ညာတာထောက်ထားမှုမရှိပါဘူး။ မီးဆိုတာ သုံးတတ်ရင်မိတ်ဆွေဖြစ်ပြီး မသုံးတတ်ရင် ရန်သူဖြစ်တတ်တာကြောင့် မီးကို သတိပြုသင့်ပါတယ်။

မီးသတ်တပ်ဖွဲ့ဆိုတာ ပုဂံခေတ်ကတည်းက ပေါ်ပေါက်ခဲ့ပါတယ်။ "သောသောညံ၊ ပုဂံမီးဆော်မောင်း"ဆိုတဲ့ဂဏန်းအမှတ်အသားသံခိပ်(လင်္ကာ)အရ မီးကပ်သား တစ်နည်းအားဖြင့် မီးသတ်သမားပေါင်း ၆၆၃ ယောက်နဲ့ စနစ်တကျဖွဲ့စည်းပြီး မီးဘေးကာကွယ်ရေးကိုဆောင်ရွက်ခဲ့ပါတယ်။ အလောင်းမင်းတရားကြီး လက်ထက် မြန်မာသက္ကရာဇ် ၁၁၁၉ ခုနှစ် တပေါင်းလဆန်း ၁ ရက်မှာ ထုတ်ပြန်ခဲ့တဲ့အမိန့်တော်မှာ "မီးခိုးမီးပွားများမထွက်အောင် ညဉ့်နေ့နှိုးဆော်၍ တစ်အိမ်ကို ချွန်သောဝါး ၁၀ စင်းတန်သည်၊ ငါးစင်းတန်သည် စိုက်ထောင်ရှိစေ၊ အိမ်မိုးမှာလည်း အိုးရေပြည့်ထားရှိစေ၊ ထမင်းချက်ပြုတ်သည်မှာလည်း ကျင်းသုံးတောင်ပြည့်တူး၍ ချက်ချိန်ကိုသာချက်စေ၊ နံနက်လေးချက်တီးကျော် သုံးမောင်း ချက်ပြုတ်၍ မီးသေငြိမ်းစေ၊ ညသုံးချက်တီးကျော် နှစ်မောင်းကို မီးသေငြိမ်းစေ"လို့ပါရှိခဲ့ပါတယ်။ ဒါ့ပြင် မုခ်နဲ့မြို့ရိုးတွေမှာ မျှော်စင်ငယ်တွေ ဆောက်လုပ်ပြီး မြို့စောင့်တပ်နဲ့ မီးဘေးလုံခြုံရေးကို တင်းကျပ်စွာဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

၁၈၇၄ ခုနှစ်မှာ ဗြိတိသျှအစိုးရက မြူနီစီပယ်အက်ဥပဒေကိုရေးဆွဲခဲ့ပြီး ၁၈၈၃ ခုနှစ် ဇူလိုင် ၃၁ ရက်နေ့မှာ ရန်ကုန်မြို့ မြူနီစီပယ်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ ၁၈၈၄ ခုနှစ်မှာ ဒီအက်ဥပဒေကို ပြင်ဆင်ရေးဆွဲခဲ့ပြီး ရန်ကုန်မြို့မှာ ရေနွေးငွေ့သုံးမီးသတ်ယာဉ်၊ မီးသတ်စက်နဲ့ လက်နှိပ်ပန့်တွေကို အသုံးပြုခဲ့ပါတယ်။ မီးသတ်သင်တန်းဖွင့်လှစ်ပေးကာ မီးသတ်စခန်းတွေ တည်ဆောက်ခဲ့ပါတယ်။ ၁၉၁၂ ခုနှစ်မှာ ရန်ကုန်မြို့မှာ ဗဟိုမီးသတ်အဆောက်အအုံကို သံဖရိန်နဲ့တည်ဆောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ရေနွေးငွေ့အင်ဂျင်နဲ့ပြုလုပ်ထားတဲ့ မီးသတ်ယာဉ်ကို ပထမဦးဆုံးအသုံးပြုနိုင်ခဲ့တဲ့ မီးသတ်စခန်းကြီးဖြစ်ပါတယ်။

ကိုလိုနီခေတ်မှာ အင်္ဂလိပ်တို့ဟာ သူတို့အကျိုးစီးပွားအတွက်ဖွင့်လှစ်ထားတဲ့ စက်ရုံ၊ အလုပ်ရုံတွေ မီးဘေးအန္တရာယ်ကာကွယ်ဖို့ မြူနီစီပယ်မီးသတ်တပ်ဖွဲ့တွေကို ဖွဲ့စည်းခဲ့ပါတယ်။ ဒါကြောင့် ခေတ်ပညာတတ်မြန်မာမျိုးချစ်လူငယ်တွေဟာ မိမိတို့ရပ်ရွာဒေသ မီးဘေးကာကွယ်ရေးအတွက် အပျော်တမ်းစေတနာ့ဝန်ထမ်းမီးသတ်အဖွဲ့အစည်းတွေကို ၁၉၃၂ ခုနှစ်မှာဖွဲ့စည်းခဲ့ကြပါတယ်။ ဒီလိုဖွဲ့စည်းရာမှာ တပ်ဖွဲ့ရဲ့ရည်ရွယ်ချက်၊ ကိုယ်ကျင့်တရား ၊ စည်းမျဉ်းဥပဒေ၊ အလုပ်တာဝန်၊ အခွင့်အာဏာ၊ ဝတ်စားဆင်ယင်မှု၊ ဆောင်ရွက်ရမဲ့တာဝန်ဝတ္တရား၊ မီးသတ်လေ့ကျင့်ခန်း၊ ကယ်ဆယ်ရေး၊ သူနာသယ်ယူပို့ဆောင်နည်း၊ ကြိုးချည်နည်းတွေကို စနစ်တကျသင်ယူခဲ့ပါတယ်။

အပျော်တမ်းစေတနာ့ဝန်ထမ်း မီးသတ်အဖွဲ့တွေ ပေါ်ပေါက်လာခြင်းမှာ ပြည်သူအကျိုးပြုအဖွဲ့အစည်း တစ်ရပ် စတင်ပေါ်ထွန်းလာခြင်းပဲဖြစ်ပါတယ်။ ဆက်လက်ပြီး ၁၉၄၆ ခုနှစ် မေ ၅ ရက်မှာ ရန်ကုန်မြို့ ကန်တော်ကလေး ဇိနတ်အစ္စလာမ် မိန်းကလေးကျောင်းခန်းမမှာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စေတနာ့ဝန်ထမ်းမီးသတ်တွေစုပေါင်းကာ မြန်မာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးညီလာခံကိုကျင်းပခဲ့ပါတယ်။ ခရိုင် ၁၉ ခုမှကိုယ်စားလှယ်ပေါင်း ၁၉၇ ယောက် တက်ရောက်ခဲ့ပြီး "မီးသတ်အစည်းအရုံးကြီး" ကို တည်ထောင်နိုင်ခဲ့ပါတယ်။ ညီလာခံကျင်းပခဲ့တဲ့ မေ ၅ ရက်ကို "မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့"အဖြစ် သတ်မှတ်ခဲ့ပြီး လက်ဆင့်ကမ်းအမွေအဖြစ် အခမ်းအနားတွေကို နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိပါတယ်။

အင်္ဂလိပ်အစိုးရလက်ထက်မှာ ပညာရေးနဲ့ဒေသန္တရအုပ်ချုပ်ရေးအမိန့်အရ "မီးသတ်ဌာန"ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်မှာ အရာထမ်း၊ အမှုထမ်း ၂၀ ယောက်နဲ့ ဖွဲ့စည်းခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးစကာလ ၁၉၅၂ ခုနှစ် မတ် ၂၈ ရက်မှာ "မီးသတ်ဝန်ထမ်းအက်ဥပဒေအမှတ် (၆)"ကို ပြဋ္ဌာန်းခဲ့ပြီး "ပြည်ထဲရေးဝန်ကြီးဌာနခွဲ၊ နိုင်ငံတော်အစိုးရမီးသတ်ဌာန"အဖြစ် ဝန်ထမ်း ၆၃၆ ယောက်နဲ့ တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်မှာ မီးသတ်တပ်ဖွဲ့ဥပဒေသစ်ကို ရေးဆွဲထုတ်ပြန်ခဲ့ပါတယ်။ ၁၉၇၂ ခုနှစ်မှာ ၂၄ နာရီ တာဝန်ထမ်းဆောင်တဲ့ မီးသတ်တပ်ဖွဲ့အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။ ၁၉၈၀ ပြည့်နှစ် ဧပြီ ၁ ရက်မှစတင်ကာ မီးသတ်တပ်ဖွဲ့ဝင်တွေကို ရိက္ခာငွေ ခံစားခွင့်ပြုခဲ့ပါတယ်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက် ၁၉၉၁ ခုနှစ် ဒီဇင်ဘာမှစတင်ကာ မီးသတ်ဦးစီးဌာနရဲ့ဖွဲ့စည်းပုံကိုတိုးချဲ့ခဲ့ပြီး "ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန"မှ "လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန" ကိုပြောင်းရွှေ့ခဲ့ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၁၉၉၈ ခုနှစ် ဧပြီ ၃၀ ရက်မှာ ပြင်ဦးလွင်မြို့မှာ ဗဟိုမီးသတ်သင်တန်းကျောင်းကိုဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၆ ရက်မှာ "ပြည်ထဲရေးဝန်ကြီးဌာန"ကွပ်ကဲမှုအောက်ကို ပြောင်းရွှေ့ခဲ့ပြီး မီးဘေးလုံခြုံရေးနဲ့ ကာကွယ်ရေးလုပ်ငန်းတွေကို စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန လက်အောက်ရှိ မီးသတ်တပ်ဖွဲ့ရဲ့ဆောင်ပုဒ်မှာ "သတိ၊ သစ္စာ၊ သတ္တိ" ဖြစ်ပြီး "မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်း"စနစ်နဲ့ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ်နဲ့ နိုင်ငံ့ကုန်ထုတ်အရင်းအနှီးတွေကို မီးဘေးအန္တရာယ်ကနေ တားဆီးကာကွယ်ပေးပါတယ်။ ဒါ့ပြင် သဘာဝဘေးအန္တရာယ်နဲ့ အခြားဘေးအန္တရာယ်များကြုံတွေ့လာတဲ့အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ပေးလျက်ရှိပါတယ်။ ဒါကြောင့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနဲ့ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို ရည်မှန်းချက် တာဝန် လေးရပ်အဖြစ် သတ်မှတ်ထားရှိပါတယ်။

**❖ မီးသတ်တပ်ဖွဲ့ရဲ့ဆောင်ပုဒ်မှာ "သတိ၊ သစ္စာ၊ သတ္တိ"ဖြစ်ပြီး "မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်း"စနစ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ်နဲ့ နိုင်ငံ့ကုန်ထုတ်အရင်းအနှီးတွေကို မီးဘေးအန္တရာယ်ကနေ တားဆီးကာကွယ်ပေးပါတယ်။ ဒါ့ပြင် သဘာဝဘေးအန္တရာယ်နဲ့ အခြားဘေးအန္တရာယ်တွေကြုံတွေ့လာတဲ့အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ပေးလျက်ရှိပါတယ်။ ဒါကြောင့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို ရည်မှန်းချက် တာဝန်လေးရပ်အဖြစ် သတ်မှတ်ထားရှိပါတယ်။ ❖**

မီးဘေးနဲ့သဘာဝဘေးအန္တရာယ်တွေကို ရင်ဆိုင်ဖြေရှင်းရာမှာ လက်ရှိအခြေအနေနဲ့ အနာဂတ်မှာ ပေါ်ပေါက်လာနိုင်တဲ့ စိန်ခေါ်မှုတွေကို မျှော်မှန်းပြီး လူသားစွမ်းရည်၊ ပစ္စည်းကိရိယာစွမ်းရည်၊ နည်းပညာစွမ်းရည်တို့နဲ့ ဟန်ချက်ညီညီလည်ပတ်လျက်ရှိပါတယ်။ မီးသတ်ပညာရပ်တွေကိုလဲ စဉ်ဆက်မပြတ်လေ့ကျင့်လျက်ရှိပါတယ်။ ဗဟိုမီးသတ်သင်တန်းကျောင်းမှာ အကြိုအခြေခံ၊ တန်းမြင့်၊ အဆင့်မြင့်၊ စခန်းမှူး၊ အဆင့်မြင့်အရာရှိ၊ အသက်ကယ်နည်းစနစ်၊ ရေကူး၊ အင်္ဂလိပ်စာ၊ ဆေးတပ်စု၊ ရေပြင်အသက်ကယ်၊ မီးသတ်တပ်စုမှူးလောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ကွန်ပျူတာအခြေခံသင်တန်းတွေကို လေ့ကျင့်ပို့ချလျက်ရှိပါတယ်။ လေ့ကျင့်ရေးဌာနစု(ရန်ကုန်)က ဖွင့်လှစ်လျက်ရှိတဲ့ သင်တန်းတွေမှာ စခန်းမှူး၊ အသက်ကယ်နည်းစနစ်၊ ရေကူးနည်းစနစ်၊ ရေပြင်အသက်ကယ်၊ အင်တာနက်နှင့်အီးမေးလ်၊ မြို့နယ်မှူးနှင့်စခန်းမှူးမွမ်းမံ၊ စက်ပြင်၊ လေယာဉ်မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်နည်းစနစ်၊ ယာဉ်မောင်းနည်းပြသင်တန်းတို့ဖြစ်ကြပါတယ်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဟာ နိုင်ငံတကာနဲ့အညီ ရင်ပေါင်တန်းနိုင်ဖို့ မီးသတ်ပညာရပ်တွေကို သုတေသနပြုလျက်ရှိပါတယ်။ စင်္ကာပူမြို့ပြကာကွယ်ရေးတပ်ဖွဲ့မှ ကျွမ်းကျင်နည်းပြတွေရဲ့ အကူအညီနဲ့ ပထမအကြိမ် အပြည်ပြည်ဆိုင်ရာမြို့ပြရှာဖွေကယ်ဆယ်ရေးနည်းစနစ်သင်တန်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလမှာလည်းကောင်း၊ ဒုတိယအကြိမ်သင်တန်းကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှာ ပြည်နယ်နဲ့တိုင်းဒေသအသီးသီးမှ သင်တန်းသားအရာရှိအယောက် ၁၀၀ နဲ့လည်းကောင်း ဗဟိုမီးသတ်သင်တန်းကျောင်းမှာ ဖွင့်လှစ်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ် အောက်တိုဘာလတို့မှာ ပြင်သစ်နိုင်ငံအခြေစိုက် စင်ကာပူနိုင်ငံသံရုံးရဲ့ ကူညီပံ့ပိုးမှုနဲ့ မီးငြိမ်းသတ်ရေးနှင့်ရှာဖွေကယ်ဆယ်ရေး သင်တန်းတွေကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှာ ဂျပန်နိုင်ငံ The Society for Promotion of Japanese Diplomacy အဖွဲ့ရဲ့ကူညီမှုနဲ့ မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့်မီးသတ်ယာဉ်၊ စက်ပစ္စည်းကိရိယာ ပြုပြင်ထိန်းသိမ်းမှုသင်တန်းကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှာ ကိုရီးယားနိုင်ငံ Seoul Metropolitan Fire and Disaster Management Head Quarters အဖွဲ့ရဲ့ကူညီမှုနဲ့ မီးသတ်ကိုင်တွယ် ထိန်းသိမ်းအသုံးပြုမှုသင်တန်းကိုလည်းကောင်း ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ အခုအခါ အဲဒီသင်တန်းတွေမှာ တက်ရောက်ခဲ့တဲ့ မီးတပ်ဖွဲ့ဝင်အရာရှိစစ်သည်တွေမှာ သင်ယူရရှိခဲ့တဲ့နည်းပညာတွေနဲ့ မိမိတို့လုပ်ငန်းခွင်နယ်ပယ်မှာအသုံးပြုကာ မီးသတ်တပ်ဖွဲ့ရဲ့မှန်မြတ်တဲ့ရည်ရွယ်ချက်တွေနဲ့အညီ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးညီလာခံမှာ ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားရာမှာ "မီးသတ်အဖွဲ့သားများ၏ တာဝန်မှာ စည်းကမ်းအရေးကြီး၍ အထူးမြင့်မြတ်သော ဝန်ထမ်းအလုပ်ကြီးဖြစ်ကြောင်း၊ စစ်တပ်များတွင်သူရဲကောင်းများပေါ်ပေါက်သကဲ့သို့ မီးသတ်လုပ်ငန်းတွင်လည်း သူရဲကောင်းများ ပေါ်ပေါက်ကြသည့်အနက် မီးသတ်သူရဲကောင်းမှာ သူတစ်ပါးကိုတိုက်ခိုက်ရခြင်းမဟုတ်ဘဲ စွန့်စားသူများအနေဖြင့် အထူးမြင့်မြတ်သော သူရဲကောင်းများဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့ပါတယ်။

မီးသတ်တပ်ဖွဲ့သမိုင်းမှာ ၁၉၅၄ ခုနှစ်မှာ ညွှန်ကြားရေးဝန် ဦးလှကျော်ကို သရေစည်သူဘွဲ့၊ ၁၉၅၆ ခုနှစ်မှာ ညွှန်ကြားရေးဝန်ဦးခင်မောင်လွင်ကို ဝဏ္ဏကျော်ထင်ဘွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးရှားကိုအား သီရိပျံချီဘွဲ့တို့ ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။ ထိုနည်းတူ ဒီနေ့ခေတ်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်တွေမှာ ရဲဝံ့စွန့်စားစွာတာဝန်ထမ်းဆောင်ခဲ့တာကြောင့် ဂုဏ်ထူးဆောင်ဘွဲ့နဲ့တံဆိပ်တွေ ချီးမြှင့်မှုကိုရယူလျက်ရှိပါတယ်။ ၁၉၅၂ ခုနှစ်ကနေ ဒီနေ့ထိ ပြည်ထောင်စုငွေတံဆိပ်တစ်ဦး၊ လွတ်လပ်ရေးမော်ကွန်းဝင် သုံးဦး၊ ဂုဏ်ထူးဆောင်လက်မှတ် ၁၀ ဦး၊ သရေစည်သူဘွဲ့တစ်ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ငါးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် ၁၀ ဦး၊ စီမံထူးချွန်တံဆိပ် ၂၃ ဦး၊ လူမှုထူးချွန်တံဆိပ် ၃၆ ဦး၊ သီဟဗလတံဆိပ် သုံးဦး၊ ရဲသီဟတံဆိပ်တစ်ဦး၊ ရဲသူရတံဆိပ် ၁၆ ဦး၊ ရဲဗလတံဆိပ် ၅၅ ဦး၊ ရဲသူရိန်တံဆိပ် ၇၂ ဦး၊ ရဲကျော်စွာတံဆိပ် ၇၅ ဦး၊ ရဲကျော်သူတံဆိပ် ၄၅ ဦး၊ စုစုပေါင်း ၃၅၆ ဦးရှိပြီးဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဆိုတာ ရှေးပဝေသဏီကတည်းက ပေါ်ပေါက်ခဲ့ပြီး သမိုင်းအစဉ်အလာကြီးမားတဲ့အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ မီးဘေးအန္တရာယ်မှာသာမကဘဲ သဘာဝဘေးအန္တရာယ်ကျရောက်ရာမှာလဲ ရှေ့တန်းကမားမားမတ်မတ်ပါဝင်ကူညီနေပါတယ်။ ခေတ်စနစ်အလိုက် ဖွဲ့စည်းပုံကိုတိုးချဲ့ခဲ့ကာ စဉ်ဆက်မပြတ်လေ့ကျင့်မှုကို ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်အောင် ကြိုးစားနေမြဲဖြစ်ပါတယ်။ ပြည်သူတို့ရဲ့အခက်အခဲတွေကို စွမ်းစွမ်းတမံဆောင်ရွက်ပေးမှုတွေကြောင့် နိုင်ငံတော်ကပေးအပ်တဲ့ဘွဲ့တံဆိပ်အသီးသီးကိုလဲရရှိပြီးဖြစ်ရာ ဤဆောင်းပါးနဲ့ "၇၈ နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့" ကို ဂုဏ်ပြုလိုက်ရပါတယ်။

**ကိုးကား**

- **www.fsd.gov.mm မီးသတ်ဦးစီးဌာန ဝက်ဘ်ဆိုက်**
- **၆-၅-၂၀၂၃ ရက်ထုတ် ရတနာပုံသတင်းစာ**

# တနင်္ဂနွေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲက တိုက်စစ်ထက်မြက်နေတဲ့ လီဗာပူးအသင်း၊ ဗလင်စီယာအသင်း၊ ဂျီနိုအာအသင်းတို့ကို အားပေးရမှာပါ



တနင်္ဂနွေနေ့ညပွဲစဉ်တွေမှာ အသင်းကြီးတွေနဲ့ ခြေရည်တူအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေပြီး အသင်းကြီးအတွေအနေနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ကြိုးပမ်းရမှာဖြစ်လို့ ပြိုင်ဆိုင်မှုပြင်းထန်မှာသေချာပါတယ်။ ကြားရက်မှာတော့ ယူရိုပြိုင်ပွဲနဲ့ ပွဲကျန်ကစားထားရတဲ့အသင်းတွေရှိနေလို့ အဲဒီအသင်းတွေကို သတိထားချဉ်းကပ်ရမှာပါ။ ဒါကြောင့် လာမဲ့တနင်္ဂနွေနေ့မှာ ကစားမဲ့ပွဲစဉ်တွေထဲက အိမ်ရှင်အားသာချက်နဲ့ တိုက်စစ်ကစားပုံထက်မြက်နေတဲ့အသင်းတွေကိုပဲ အားပေးရမှာဖြစ်ပါတယ်။

### လီဗာပူးအသင်းနဲ့ လက်တွဲရမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ်(၃၆)မှာ အကြိုက်တွေ့မိတာကတော့ လီဗာပူးအသင်းနဲ့ စပါးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ပရီးမီးယားလိဂ်ချန်ပီယံဆုကို စိန်ခေါ်နိုင်တဲ့အခွင့်အရေးရခဲ့ပေမဲ့ အဲဗာတန်နဲ့ဝက်စ်ဟမ်းပွဲစဉ်မှာ နှစ်ပွဲဆက် ရမှတ်ဆုံးရှုံးခဲ့လို့ ချန်ပီယံလမ်းကြောင်းပေါ်က ဆင်းပေးလိုက်ရတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ လက်ကျန်ပွဲစဉ်သုံးပွဲလိုသေးပြီး အဆင့်(၁)မှာရှိတဲ့ အာဆင်နယ်နဲ့ ရမှတ်ငါးမှတ်ပဲကွာဟတာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာနိုင်ပွဲရမယ်ဆိုရင် ချန်ပီယံမျှော်လင့်ခွင့်ရအုံးမှာပါ။

သူတို့အသင်းဟာ နည်းပြကလော့ပ်အသင်းက ထွက်ခွာဖို့သေချာပြီးနောက်ပိုင်း အသင်းလိုက်ကစားအားကျဆင်းသွားတာကြောင့် ယူရိုပါလိဂ်ပြိုင်ပွဲမှာ အတ္တလန်တာကိုဂိုးပြတ်ရှုံးခဲ့ပြီး ကွာတားဖိုင်နယ်က ထွက်လိုက်ရတာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းပွဲစဉ်တွေမှာလဲ ရလဒ်ပိုင်းတည်ငြိမ်မှုမရှိတော့တာကို သတိပြုရမှာပါ။ လက်ရှိ အသင်းတိုက်စစ်မှာ ဆာလာဟ်၊ နူနက်၊ ဒီယက်ဂ်ိုတို့ရှိနေပေမဲ့ ပြီးခဲ့တဲ့ ဝက်စ်ဟမ်းနဲ့ပွဲမှာ ဂတ်ပို၊ အီလီယော့တို့ကို ဒီယက်ဂ်ိုနဲ့ထည့်သွင်းအသုံးပြုပြီး အဓိကတိုက်စစ်မှူး ဆာလာဟ်ကို အနားပေးသွားတာကို တွေ့ရမှာပါ။ ဆာလာဟ်ဟာ အခုရာသီအမှတ်ပေးပွဲမှာ သွင်းဂိုး ၁၇ ဂိုးထိသွင်းယူနိုင်ခဲ့ပေမဲ့ နောက်ပိုင်းပွဲစဉ်သုံးပွဲဆက်ဂိုးမသွင်းနိုင်ချိန်မှာ အနားပေးခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ အသင်းရဲ့အဓိကခံစစ်ကစားသမားတွေဖြစ်တဲ့ အာနိုးနဲ့ရော်ဘင်ဆင်တို့ ပြန်လည်ပါဝင်လာမှာဖြစ်လို့ လီဗာပူးတိုက်စစ်ပိုင်း ကစားအားပိုကောင်းလာမှာသေချာပါတယ်။

စပါးအသင်းဟာ ရာသီအစမှာ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ်နဲ့ အမှတ်ပေးဇယားကိုဦးဆောင်နိုင်ခဲ့ပေမဲ့ အဓိက ကစားသမားတွေ ဒဏ်ရာကြုံတွေ့ပြီးနောက်ပိုင်း ကစားအားကျဆင်းသွားခဲ့သလို ခံစစ်ပိုင်းကလဲ တည်ငြိမ်မှုမရှိတော့တာကိုတွေ့ရမှာပါ။ ဒါကြောင့် အမှတ်ပေးပွဲ ၃၃ ပွဲအပြီးမှာ ရမှတ် ၆၀ နဲ့ အဆင့်(၅)မှာရပ်တည်နေပြီး အဆင့်(၄)မှာရှိတဲ့ အေဗီလာနဲ့ ရမှတ်ခုနစ်မှတ်ကွာဟနေတာကြောင့် လက်ကျန်ပွဲတွေကိုနိုင်ပွဲရမှပဲ ချန်ပီယံလိဂ်ဝင်ခွင့်သေချာမှာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းအားနည်းတဲ့ လူတန်၊ နော်တင်ဟမ်တို့ကိုပဲနိုင်ပွဲရခဲ့ပြီး နယူးကာဆယ်၊ အာဆင်နယ်တို့လို တိုက်စစ်ထက်မြက်တဲ့အသင်းတွေကိုတော့ ခံစစ်အားနည်းချက်ကြောင့် ဂိုးပြတ်ရှုံးခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိ ခံစစ်ပိုင်းမှာ အူဒိုဂျီ၊ ဘန်ဒေးဗစ်နဲ့ တိုက်စစ်က တီမိုဝါနာတို့ဒဏ်ရာရနေတာကြောင့် ခံစစ်ကစားပုံတည်ငြိမ်ဖို့တော့ ကြိုးစားရအုံးမှာဖြစ်ပါတယ်။ နည်းပြ ပိုစတီကိုဂလူဟာလဲ တိုက်စစ်ဖွင့်ကစားတဲ့ နည်းပြဖြစ်တာကြောင့် လီဗာပူးလို တန်ပြန်တိုက်စစ်ကောင်းတဲ့အသင်းကိုထိန်းချုပ်ဖို့ခက်ခဲနိုင်သလို ခံစစ်ကစားပုံမပြင်နိုင်ရင်တော့ ပေးဂိုးများသွားနိုင်ပါတယ်။ လက်ရှိ သူတို့အသင်းရဲ့အဝေးကွင်းခံစစ်ကစားပုံက နောက်ဆုံးသုံးပွဲမှာ ရှစ်ဂိုးထိပေးခဲ့ရတာကြောင့် လီဗာပူးရဲ့ ဒီယက်ဂ်ို၊ နူနက်၊ ဆာလာဟ်တိုက်စစ်အတွဲကို ဂိုးပေးရဖို့သေချာပါတယ်။ အကျောပေးမှုကလဲ လီဗာပူးက တစ်ဂိုးနဲ့နိုင်ရင် ခပ်ပါးပါးပဲပျော်ခွင့်ရမဲ့အခြေအနေက လီဗာပူးအနိုင်သေချာတဲ့အခြေအနေကြောင့် အိမ်ရှင်လီဗာပူးအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၀ | - | ၁ | ပဲလေ့စ် |
| အတ္တလန်တာ | ၀ | - | ၁ | လီဗာပူး |
| ဖူလ်ဟမ် | ၁ | - | ၃ | လီဗာပူး |
| အဲဗာတန် | ၂ | - | ၀ | လီဗာပူး |
| ဝက်စ်ဟမ်း | ၂ | - | ၂ | လီဗာပူး |

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပါး | ၂ | - | ၁ | လူတန် |
| ဝက်စ်ဟမ်း | ၁ | - | ၁ | စပါး |
| စပါး | ၃ | - | ၁ | နော်တင်ဟမ် |
| နယူးကာဆယ် | ၄ | - | ၀ | စပါး |
| စပါး | ၂ | - | ၃ | အာဆင်နယ် |

### ဗလင်စီယာအသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဗလင်စီယာနဲ့ အလာဗက်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗလင်စီယာဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ကြောင့် ဥရောပယှဉ်ပြိုင်ခွင့်နဲ့ဝေးသွားခဲ့လို့ အခုပွဲကိုအမှားခံလို့မရတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲ ၃၃ ပွဲအပြီးမှာ ရမှတ် ၄၇ မှတ်နဲ့ အဆင့်(၈)ရောက်နေတာကြောင့် အခုပွဲကိုအနိုင်ရရင် အဆင့်(၆)က ဘက်တစ်နဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းသွားမှာဖြစ်ပါတယ်။ ရှုံးနိမ့်ခဲ့မယ်ဆိုရင်တော့ လာမဲ့နှစ် ဥရောပယှဉ်ပြိုင်ခွင့်ကုန်ဆုံးသွားပြီလို့ဆိုရမှာပါ။ ဗလင်စီယာဟာ အခုပြိုင်ပွဲရဲ့အိမ်ကွင်း ၁၆ ပွဲမှာ သုံးပွဲပဲရှုံးခဲ့ပြီး သူတို့ရှုံးခဲ့တာကလဲ ဘက်တစ်၊ ဆိုစီဒက်၊ အိုဆာဆူနာတို့လိုအသင်းတွေကိုပဲ ရှုံးခဲ့တာဖြစ်ပါတယ်။ လက်ရှိ နည်းပြဘာရာဂျာဟာ နောက်ပိုင်းမှာ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ခဲ့သလို ခံစစ်ပိုင်းကိုလဲတည်ငြိမ်အောင်ကြိုးစားနေတာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ ဘာစီလိုနာနဲ့ပွဲမှာတော့ အဝေးကွင်းကနေ နှစ်ဂိုးတစ်ဂိုးနဲ့ဦးဆောင်နိုင်ခဲ့ပေမဲ့ ဂိုးသမား မာမားဒက်ရှ်ဗီလီ တိုက်ရိုက်အနီကတ်ပြသခံရပြီးနောက်ပိုင်း ခံစစ်ပိုင်းအားနည်းသွားလို့သုံးဂိုးထိခွင့်ပြုလိုက်ရပြီး ရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။ အခုပွဲမှာဘာစီလိုနာနဲ့ပွဲက ကစားပုံအတိုင်း ကစားနိုင်မယ်ဆိုရင် အလာဗက်လိုခြေစွမ်းပိုင်းအားနည်းတဲ့အသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာ သေချာပါတယ်။

အလာဗက်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းနှစ်ပွဲမှာ အေတီကိုနဲ့ ဆဲလ်တာဗီဂိုတို့ကို ဂိုးပြတ်အနိုင်ရခဲ့တာကြောင့် တန်းဆင်းဇုန်ဖိအားအောက်က လွတ်မြောက်ဖို့သေချာခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲ ၃၃ ပွဲအပြီးမှာ ရမှတ် ၃၈ မှတ်ထိစုဆောင်းနိုင်ခဲ့လို့ အဆင့်(၁၂)ထိ ရောက်ရှိခဲ့ပြီး တန်းဆင်းဇုန်က ကာဒီဇက်နဲ့ရမှတ် ၁၂ မှတ်ထိဖြတ်တောက်နိုင်ခဲ့တာဖြစ်ပါတယ်။ အလာဗက်ဟာ အသင်းငယ်တွေထဲမှာ အိမ်ကွင်းကစားပုံတည်ငြိမ်တဲ့အသင်းဖြစ်ပေမဲ့ အဝေးကွင်းကစားပုံကတော့ လိုအပ်ချက်ရှိနေပြီး နောက်ဆုံးအဝေးကွင်းငါးပွဲမှာ လေးပွဲရှုံးခဲ့တာကို တွေ့ရမှာပါ။ ဒါ့ပြင် တိုက်စစ်ပိုင်းကလဲ နောက်ဆုံးအဝေးကွင်းလေးပွဲဆက် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ရှုံးကန်ခဲ့ရတာဖြစ်လို့ အခုပွဲမှာ ဗလင်စီယာလို အိမ်ကွင်းကစားပုံထက်မြက်တဲ့အသင်းကို ဂိုးပေးရဖို့သေချာနေတာဖြစ်ပါတယ်။ လက်ရှိ တိုက်စစ်ပိုင်းကို ဒူရို၊ ယန်ချက်ခ်တို့ဦးဆောင်နေပြီး ဒူရိုက သွင်းဂိုး ၁၃ ဂိုးထိ သွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာလဲ ဗလင်စီယာကအသာရခဲ့ပြီး အလာဗက်အနေနဲ့ ဗလင်စီယာအိမ်ကွင်းမှာတစ်ကြိမ်မှအနိုင်မရဘူးတာကြောင့် မဖြစ်မနေနိုင်ပွဲရဖို့ကြိုးပမ်းလာမဲ့ ဗလင်စီယာအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗလင်စီယာ | ၀ | - | ၀ | မာယော့ကာ |
| ဂရန်နာဒါ | ၀ | - | ၁ | ဗလင်စီယာ |
| အိုဆာဆူနာ | ၀ | - | ၁ | ဗလင်စီယာ |
| ဗလင်စီယာ | ၁ | - | ၂ | ဘက်တစ် |
| ဘာစီလိုနာ | ၄ | - | ၂ | ဗလင်စီယာ |

**အလာဗက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၂ | - | ၀ | အလာဗက် |
| အလာဗက် | ၀ | - | ၁ | ဆိုစီဒက် |
| ဂရန်နာဒါ | ၂ | - | ၀ | အလာဗက် |
| အလာဗက် | ၂ | - | ၀ | အေတီကို |
| အလာဗက် | ၃ | - | ၀ | ဆဲလ်တာဗီဂို |

### ဂျီနိုအာအသင်းကို အားပေးရမှာပါ

စီးရီးအေပွဲစဉ်(၃၅)မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ အေစီမီလန်နဲ့ ဂျီနိုအာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အေစီမီလန်ဟာ ၃၄ ပွဲကစားအပြီးမှာ ရမှတ် ၇၀ ထိရရှိခဲ့ပြီး အဆင့်(၂)ရောက်ခဲ့ကာ အဆင့်(၅)နေရာမှာရှိတဲ့ ရိုးမားနဲ့ ရမှတ် ၁၁ မှတ်ထိကွာဟနေတာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့သေချာနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီချန်ပီယံဆုကို စိန်ခေါ်ဖို့ကြိုးစားခဲ့ပေမဲ့ နောက်ပိုင်းမှာ ခြေစွမ်းပြကစားသမားတွေ ဒဏ်ရာကြုံတွေ့ခဲ့ပြီး ရလဒ်ကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ ဂိုးသမားမိုင်ဂနန်၊ တိုက်စစ်ကစားသမားဂျီဗစ်၊ လော့တပ်ချိခ်တို့ဒဏ်ရာရနေသလို ကွင်းလယ်က မူဆာလဲ ပွဲပယ်ခံရတာကြောင့် ပါဝင်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် အေစီမီလန်အသင်းကစားကွက်ပိုင်းလိုအပ်ချက်ရှိသွားနိုင်ပြီး ဂျီနိုအာကိုနိုင်ပွဲရဖို့ ရုန်းကန်ရနိုင်ပါတယ်။

အခုနှစ်မှ စီးရီးအေကို တန်းတက်နိုင်ခဲ့တဲ့ ဂျီနိုအာဟာ အသင်းလိုက်ကစားပုံကောင်းခဲ့တာကြောင့် ၃၄ ပွဲအပြီးမှာ ရမှတ် ၄၂ မှတ် စုဆောင်းနိုင်ခဲ့ပြီး စီးရီးအေမှာ ဆက်လက်ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ လက်ရှိကစားသမားတွေကလဲ ထိပ်တန်းအဆင့်ကစားသမားတွေမဟုတ်ပေမဲ့ နည်းပြရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တဲ့ ကစားသမားတွေဖြစ်နေတာကြောင့် နောက်ပိုင်းမှာ ရလဒ်ကောင်းခဲ့တာကိုတွေ့ရမှာပါ။ နောက်ဆုံးငါးပွဲမှာဆို လာဇီယိုတစ်သင်းတည်းကိုရှုံးခဲ့ပြီး ကက်ဂလီယာရီ၊ ဖီအိုရင်တီးနား၊ ဗီရိုနာ၊ ဖရိုစီဝမ်းတို့ကို ရှုံးနိမ့်ခဲ့ခြင်းမရှိပါဘူး။ ဒါ့ပြင် အဝေးကွင်းငါးပွဲဆက်မှာလဲ အင်တာမီလန်ကိုသာ နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးခဲ့ပြီး နာပိုလီ၊ ဂျူဗင်တပ်၊ ဖီအိုရင်တီးနားတို့ကို သရေ၊ ဗီရိုနာကို အနိုင်ကစားနိုင်ခဲ့တာကို သတိပြုရမှာပါ။ အထူးသဖြင့် ကစားသမားစုဖွဲ့မှုကောင်းတဲ့ အသင်းကြီးတွေကို ခံစစ်အားပြုကစားပြီး အမြင့်ဘောနဲ့ ဖြတ်တင်ဘောတွေကနေ ဂိုးရဖို့ကြိုးစားခဲ့တာကြောင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းမရှိတာကို တွေ့ရမှာပါ။ လက်ရှိ အသင်းတိုက်စစ်ပိုင်းကို ဂတ်မန်ဆန်က ဦးဆောင်နေပြီး သွင်းဂိုး ၁၄ ဂိုးထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာကစားကွက်ပိုင်းတည်ငြိမ်ဖို့ကြိုးစားနေရတဲ့ အေစီမီလန်အသင်း ဂျီနိုအာရဲ့ အမြင့်ဘောတွေကို မထိန်းချုပ်နိုင်ရင်တော့ ရမှတ်ခွဲပေးရမှာပါ။ ဒါကြောင့် အသင်းကြီးတွေနဲ့ဆို ခံစစ်အားပြုပြီး တန်ပြန်တိုက်စစ်နဲ့ကစားလေ့ရှိတဲ့ ဂျီနိုအာအသင်း ဂိုးပြတ်မရှုံးနိုင်တာကြောင့် ဂျီနိုအာအသင်းကိုပဲ အားပေးရမှာပါ။

**အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေစီမီလန် | ၀ | - | ၁ | ရိုးမား |
| ဆက်ဆူအိုလို | ၃ | - | ၃ | အေစီမီလန် |
| ရိုးမား | ၂ | - | ၁ | အေစီမီလန် |
| အေစီမီလန် | ၁ | - | ၂ | အင်တာမီလန် |
| ဂျူဗင်တပ် | ၀ | - | ၀ | အေစီမီလန် |

**ဂျီနိုအာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီနိုအာ | ၁ | - | ၁ | ဖရိုစီဝမ်း |
| ဗီရိုနာ | ၁ | - | ၂ | ဂျီနိုအာ |
| ဖီအိုရင်တီးနား | ၁ | - | ၁ | ဂျီနိုအာ |
| ဂျီနိုအာ | ၀ | - | ၁ | လာဇီယို |
| ဂျီနိုအာ | ၃ | - | ၀ | ကက်ဂလီယာရီ |







# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၅-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၃၅ | ၂၉၀၀ | ၂၈၈၅ | ၂၈၄၀ | ၂၉၀၀ | ၂၉၁၅ | ၂၉၂၀ | ၂၈၈၀ | ၃၀၂၀ | ၃၀၄၅ | ၂၈၉၀ | ၂၉၀၅ | ၂၉၃၅ | ၂၉၃၀ | ၂၉၄၀ | ၃၃၆၅ | ၃၄၅၀ |
| 95 Ron | ၂၉၄၅ | ၃၀၁၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၁၀ | ၃၀၂၅ | ၃၀၃၀ | ၂၉၉၀ | ၃၁၃၀ | ၃၁၅၅ | ၃၀၀၀ | ၃၀၁၅ | ၃၀၄၅ | ၃၀၄၀ | ၃၀၅၀ | ၃၄၇၅ | ၃၅၆၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၆၅ | ၂၄၅၀ | ၂၄၁၀ | ၂၄၆၅ | ၂၄၈၅ | ၂၄၉၀ | ၂၄၅၀ | ၂၅၈၅ | ၂၆၁၀ | ၂၄၅၅ | ၂၄၇၀ | ၂၅၀၅ | ၂၄၉၅ | ၂၅၀၅ | ၂၉၃၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၅၀ | ၂၅၁၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၁၅ | ၂၅၃၀ | ၂၅၃၅ | ၂၄၉၅ | ၂၆၃၅ | ၂၆၆၀ | ၂၅၀၅ | ၂၅၂၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၉၈၀ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၅၀ | ၂၅၁၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၁၅ | ၂၅၃၀ | ၂၅၃၅ | ၂၄၉၅ | ၂၆၃၅ | ၂၆၆၀ | ၂၅၀၅ | ၂၅၂၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၉၈၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၉၇ | ၂၇၈၅ |
| 95 Ron | ၂၈၀၄ | ၂၈၉၄ |
| HSD (500 ppm) | ၂၂၇၇ | ၂၃၅၃ |
| HSD (50 ppm) | ၂၃၂၄ | ၂၄၀၀ |
| HSD (10 ppm) | ၂၃၂၄ | ၂၄၀၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မိသားစုတစ်စု၊ နိုင်ငံတစ်နိုင်ငံ ကောင်းမွန်စေရေးအတွက် မိသားစုဝင်များ၊ နိုင်ငံသူ နိုင်ငံသားများကသာ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် မိသားစုကို ချစ်သည့်စိတ်၊ နိုင်ငံကို ချစ်သည့်စိတ်များရရှိကြစေရေး မိမိတို့အနေဖြင့် အမျိုးသားရေးကိစ္စ တစ်ရပ်အနေဖြင့် ဆောင်ရွက်ကြရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို)မှ အဖွဲ့ဝင်များကို တွေ့ဆုံစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် မေ ၃**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို မေ ၇ ရက်မှ ၁၆ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၂ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**အပ်ိုးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီစဉ်ဆောင်ရွက်ပေးသော အခြေခံစားကုန်ပစ္စည်းများ ရောက်ရှိပြီး သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး**

စာမျက်နှာ - ၂၁

**၂၀၂၄ ခုနှစ် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဓာတုဗေဒဘာသာရပ်လာရောက်ဖြေဆိုသူ ဦးရေ ၂၄၀ နှင့် ပထဝီဝင်ဘာသာရပ်လာရောက်ဖြေဆိုသူ ၃၇ ဦးရှိ**

စာမျက်နှာ - ၂၂

**၂၀၂၄ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ**

စာမျက်နှာ - ၂၁

## ဗထူးဖိတ်ခေါ်အမျိုးသားအလွတ်တန်း ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**မန္တလေး မေ ၃**

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသည့် ဗထူးဖိတ်ခေါ်အမျိုးသားအလွတ်တန်း ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးမိုးလုံလေလုံအားကစားခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့်

စာမျက်နှာ ၂၃ ကော်လံ ၁ ☆

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ (၃-၅-၂၀၂၄)**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

